


# VERMONT တွင်း ငှားရမ်းခြင်းအတွက်

## တိကျသေချာသောလမ်းညွှန်

ပူးပေါင်းဆောင်ရွက်မှုဖြင့် ထုတ်လုပ်ထားသည်

CVOEO
Champlain Valley Office of Economic Opportunity
1-800-287-7971
1-802-864-0099
www.cvoeo.org

Vermont Landlord Association
1-888-569-7368
1-802-985-2764
www.vtlandlord.com

# နိဒါန်း

ငှားရမ်းမှုသည် နှစ်ဖက်နှစ်လမ်းဖြစ်သည်။ အောင်မြင်သည့် အတွေ့အကြုံတစ်ခုရရှိရန် ပိုင်ရှင်များနှင့် ငှားရမ်းသူများအတွက် အကောင်းဆုံးနည်းလမ်းမှာ အတူတကွအလုပ်လုပ်ရန်ဖြစ်သည်။ ငှားရမ်းမှုသည် ဥပဒေအရစပ်ယှက်မှုတစ်ခုလည်းဖြစ်သည်။ ပါဝင်သူအားလုံးက ၎င်းအား စီးပွားရေးစပ်ယှက်မှုတစ်ခုအဖြစ် မြင်ပါက အကောင်းဆုံးအလုပ်လုပ်ပါသည်။

ဤလမ်းညွှန်စာအုပ်ကို 2015 ခုနှစ်တွင် CVOEO ၏ Vermont ပြည်နယ် ငှားရမ်းသူများအတွက်အစီအစဉ် (Vermont Tenants program) မှ ယခင်ဒါရိုက်တာဖြစ်သည့် Pamela Favreau-Zugaro နှင့် Vermont ပြည်နယ် အိမ်ရှင်အသင်းအဖွဲ့ (Vermont Landlord Association) မှ ဒါရိုက်တာ Angela Zaikowski, Esq. တို့က ရေးသားခဲ့ပြီး 2021 ခုနှစ်၊ ဩဂုတ်လနှင့် 2023 ခုနှစ်၊ စက်တင်ဘာလတို့တွင် CVOEO က အပ်ဒိတ်လုပ်ခဲ့ပါသည်။

## ငှားရမ်းသူများထံသို့ ကျွန်ုပ်တို့၏ အမှာစကား

သင်၏ငှားရမ်းခကို အချိန်မီပေးချေပြီး သင်၏အိမ်ခြံမြေပိုင်ရှင် သို့မဟုတ် မန်နေဂျာနှင့် ဆက်သွယ်ပြောဆိုပါ။ အရာများကို တက်တက်ကြွကြွစတင်လုပ်ဆောင်မည့်အစား မထိန်းချုပ်နိုင်တော့သည့်အနေအထားများရောက်စေသည့်အတွက် အိမ်မှနှင်ချခံရသည့် ငှားရမ်းသူတို့၏ အကဲဖြတ်ရမှတ်များထံမှ ကျွန်ုပ်တို့ ကြားခဲ့ပါသည်။ ၎င်းတို့ထဲမှတစ်ယောက် မဖြစ်ပါစေနှင့်။

ပိုင်ရှင်အများစု၏ လိုအင်များကလည်း ခပ်ရိုးရိုးသာဖြစ်ပါသည်၊ သင့်အနေဖြင့် အငှားခကို အချိန်မီပေးချေရန်၊ ၎င်းတို့၏ အိမ်ခြံမြေကို စောင့်ရှောက်ရန်၊ နှင့် ပြုပြင်မှုများလိုအပ်ချိန်တွင် ပြောကြားရန် ၎င်းတို့က မျှော်မှန်းထားပါသည်။

ဘာကြောင့်ပါလဲ။ ပိုင်ရှင်/ငှားရမ်းသူ စပ်ယှက်မှုသည် အငြင်းအခုန်ဖြစ်စရာမလိုဟု ကျွန်ုပ်တို့ယုံကြည်သောကြောင့် ဖြစ်ပါသည်။ ပြောဆိုဆက်သွယ်မှုကောင်းကောင်းနှင့် အပြန်အလှန်လေးစားမှုတို့က လူတိုင်းအတွက် စိတ်ဖိစီးမှုအတော်များများကို သက်သာစေလေ့ရှိပါသည်။ ငှားရမ်းမှုအခြေအနေတစ်ရပ်ရှိ ပြဿနာများသည် နှစ်ဦးနှစ်ဖက်လုံးအနေဖြင့် ၎င်းတို့၏ တရားဝင်အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို နားမလည်သည့်အချက်ပေါ်၌ အများအားဖြင့် တည်လေ့ရှိတတ်ကြောင်း အတွေ့အကြုံအရ ကျွန်ုပ်တို့အား ပြသခဲ့ပါသည်။ ဤလမ်းညွှန်စာအုပ်ကို "အလုပ်လုပ်ရာ အကွက်အကွင်းကို ချိန်ညှိခြင်း" ပြုရန်မျှော်လင့်ချက်များဖြင့် ကျွန်ုပ်တို့၏အဖွဲ့အစည်းမှ ပူးပေါင်းလုပ်ဆောင်ရေးသားခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်လုံးအနေဖြင့် ၎င်းတို့ကိုယ်ပိုင်အပြင် အခြားတစ်ဖက်၏ ဥပဒေအရအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို သိထားသင့်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

## အိမ်ခြံမြေ ပိုင်ရှင်များထံသို့ ကျွန်ုပ်တို့၏ အမှာစကား

ပျက်စီးပြီး ပြုပြင်မှုများနှင့် ထိန်းသိမ်းစောင့်ရှောက်မှု လိုအပ်နေသည့် အငှားယူနစ်တစ်ခုက သင် ဂရုမစိုက်ကြောင်း ကျယ်ကျယ်လောင်လောင်နှင့် ရှင်းရှင်းလင်းလင်း ဖော်ပြနေနိုင်ပါသည်။ သင်က ဂရုမစိုက်ပါက သင်၏ငှားရမ်းသူများအနေဖြင့် ဘာကြောင့်ဂရုစိုက်သင့်ကြောင်း သင့်ကိုယ်သင် ပြန်မေးကြည့်ပါ။ ပိုင်ဆိုင်သူ၏ဂုဏ်သည် စမှတ်ကျကျ လုပ်ငန်းလုပ်သည့်အလေ့အထတစ်ခုဖြစ်သည်။

ငှားရမ်းသူအများစု၏ လိုအင်များမှာလည်း ခပ်ရိုးရိုးဖြစ်ပါသည်၊ ပြုပြင်မှုများလိုအပ်ချိန်တွင် ပြုပြင်ပေးရန်နှင့် ၎င်းတို့၏အိမ်၌ နှစ်ခြိုက်ပျော်ရွှင်စွာနေထိုင်ရန် မနှောင့်ယှက်ဘဲသီးသန့်ထားပေးရန်ဖြစ်သည်။



# အသိအမှတ်ပြုလွှာများ

ဤလမ်းညွှန်စာအုပ်၏ မူရင်းဗားရှင်း ဖြစ်နိုင်အောင်ပြုလုပ်ပေးသည့်အတွက် Vermont စီးပွားရေးလုပ်ငန်းနှင့် အသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (ACCD) ထံမှ ချီးမြှင့်မှုအား ကျေးဇူးတင်ရှိပါသည်။ အေဂျင်စီ၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ကူမှုကိုလည်း ကြီးကြီးမားမား အသိအမှတ်ပြုပါသည်။ 2023 ပြင်ဆင်ချက်နှင့် ဘာသာပြန်ဆိုမှုကို ဖြစ်နိုင်အောင်ပြုလုပ်ပေးသည့်အတွက် ACCD ထံမှ ဒုတိယအကြိမ် ချီးမြှင့်ငွေအပေါင်း CVOEO ၏ အသိုင်းအဝိုင်းဝန်ဆောင်မှုများဘလော့ခ် ချီးမြှင့်ငွေ (CSBG) နှင့် Burlington မြို့၏ အသိုင်းအဝိုင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးရုံး (CEDO) တို့ထံမှ ထပ်ဆောင်းရန်ပုံငွေတို့အား ကျေးဇူးတင်ရှိပါသည်။

2023 ခုနှစ်၊ စက်တင်ဘာလတွင် အပ်ဒိတ်လုပ်ခဲ့သည်

# မာတိကာ


1 **အပိုင်း 1. သင် မငှားရမ်းမီ**
ဥပဒေများက ကျွန်ုပ်အတွက် သက်ဆိုင်ပါသလား။
2 အိမ်ခန်းရှာနေသူများအတွက် အကြံပြုချက်များ
ပိုင်ရှင်များအတွက် အကြံပြုချက်များ
3 အိမ်ခန်းတစ်ခုလုံးကို လျှောက်ကြည့်ခြင်း
4 စပေါ်ငွေ ချထားမှုများ
5 နှစ်ဦးနှစ်ဖက်လုံးအတွက် အာမခံ

6 **အပိုင်း 2 – ငှားရမ်းမှု သဘောတူညီချက်များ**
စာဖြင့် အငှားစာချုပ်တစ်ခု အသုံးပြုခြင်း
7 နောက်ကျကြေးများနှင့် ဒဏ်ကြေးများ
ငှားရမ်းသူအနေဖြင့် အောက်ပါတို့အတွက် တာဝန်ရှိအောင်ပြုလုပ်သည့် အငှားစာချုပ်များ အငှားချထားမှုများ
8 ဧည့်သည်များ လာရောက်ခြင်းကို ကန့်သတ်သည့် အငှားစာချုပ်များ
အငှားစာချုပ်ကို အဆုံးသတ်သည့် စာပိုဒ်များ

9 **အပိုင်း 3 – ဥပဒေအရ အကာအကွယ်များ**
10 တရားမျှတသော အိမ်ရာဥပဒေ (Fair Housing Law)
12 မိသားစုဆိုင်ရာ အဆင့်အတန်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများ
13 မသန်စွမ်းမှုဆိုင်ရာ ခွဲခြားဆက်ဆံမှုများ
မသန်စွမ်းမှုရှိသူများအတွက် အတူနေထိုင်ကူညီသူများ
14 ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှုများ
15 ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းများ
16 ကြော်ငြာခြင်းနှင့် တရားမျှတသော အိမ်ရာဥပဒေ
17 တရားမဝင် လက်တုံ့ပြန်မှု
18 ကိုယ်ရေးလုံခြုံခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် ဝင်ရောက်ခွင့်
19 ငှားရမ်းခ တိုးမြှင့်မှုများ

20 **အပိုင်း 4 – အိမ်ရာဆိုင်ရာ ကျင့်ဝတ်ဥပဒေများ**
နေထိုင်နိုင်မှုရှိကြောင်း အာမခံ
21 လိုက်နာမှုရှိရန် လိုအပ်ချက်များ
22 အင်းဆက်များနှင့် ကြွက်များ
23 ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ အစိတ်အပိုင်းများ
24 ရေမီးအသုံးအဆောင်များ
မီးဘေးအန္တရာယ် ကင်းရှင်းရေး
25 ခဲပါသည့် သုတ်ဆေး
27 အိမ်ခြံမြေကို အခြေအနေကောင်းကောင်းတွင် ထိန်းသိမ်းထားရှိခြင်း
28 ပြင်ဆင်ပြီး နှုတ်ယူခြင်း
ငှားရမ်းခကို မပေးဘဲထားခြင်း
29 ပိုင်ရှင်က ရေမီးငွေတောင်းခံလွှာများကို ပေးချေခြင်းမပြုပါက

30 **အပိုင်း 5 – ဖြစ်နေကျ ပြဿနာများ**
အိမ်နီးချင်းများကြား ကိစ္စရပ်များ
31 မြက်ခင်းစောင့်ရှောက်မှုနှင့် ဆီးနှင်းဖယ်ရှားမှု
ကားရပ်နားခြင်း
TV ဂြိုဟ်တုဖမ်းသည့်အပြားများနှင့် အန်တင်နာများ
32 ရေမီးအသုံးအဆောင် လမ်းကြောင်းပြောင်းခြင်း
အိမ်အသုံးအဆောင်များ

33 **အပိုင်း 6 – အိမ်ပြောင်းထွက်ခြင်း**
အငှားစာချုပ်တစ်ခုကို ချိုးဖျက်ခြင်း
34 ရွှေ့ပြောင်းထွက်ခွာတော့မည့် ငှားရမ်းသူများအတွက် အသိပေးစာဆိုင်ရာ လိုအပ်ချက်များ
35 ရွှေ့ပြောင်းထွက်ခွာချိန် အခြေအနေများအတွက် မျှော်မှန်းချက်များ
စပေါ်ငွေချထားမှုကို ပြန်အမ်းမှုများနှင့် အငြင်းအခုန်များ
36 ရွှေ့ပြောင်းထွက်ခွာပြီးနောက် ပြန်မတောင်းသည့် ပိုင်ဆိုင်ပစ္စည်း ကိုးကားချက်များ

37 **အပိုင်း 7 – အိမ်ငှားမှုကို ပိုင်ရှင်မှ အဆုံးသတ်ခြင်း**
ငှားရမ်းခ မပေးသည့်အတွက် အိမ်ငှားမှုကို အဆုံးသတ်ခြင်း
38 "အကြောင်းတစ်ခုအတွက်" အဆုံးသတ်ကြောင်း အသိပေးစာ
39 "အကြောင်းမရှိ" ဘဲ အိမ်ငှားမှုကို အဆုံးသတ်ခြင်း
ပိုင်ရှင် ကိုယ်တိုင်နေသည့်နေအိမ်အတွင်း
ငှားရမ်းချိန်တွင် အသိပေးစာ
40 အဆောက်အဦး ရောင်းချမှု အသိပေးစာ
ချိတ်ပိတ်မှု အသိပေးစာ
စိုက်ပျိုးမွေးမြူရေးလုပ်သားများကို နှင်ထုတ်ခြင်း
41 အသိပေးကာလအဆုံး

42 **အပိုင်း 8: တရားရုံး နှင်ထုတ်ခြင်း လုပ်ငန်းစဉ်**
43 နှင်ထုတ်ခြင်းဆိုင်ရာ အခေါ်အဝေါ်များ
တရားရုံး လုပ်ငန်းစဉ်
44 ပိုင်ရှင်မှလိုအပ်သည့်အိမ်ပြင်ဆင်ခြင်းကိုမလုပ်ဆောင်ပေးသည့်အခါတွင် ငှားရမ်းခကို ပိုင်ရှင်ထံမပေးဘဲ တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်း ထည့်ပေးရန်လုပ်ငန်းစဉ်အတွက် တရားရုံး ကြားနာမှုများ (Rent Escrow Hearings)
45 "တိုင်ကြားချက်"
"တုံ့ပြန်ဖြေကြားချက်"
နောက်ဆုံးပိတ် ကြားနာမှု
46 နှင်ချရန် တရားရုံးအမိန့် (Writ of Posession)
နှင်ချမှုတစ်ခုအပြီး ငှားရမ်းသူတစ်ဦး၏ ပိုင်ဆိုင်မှု

47 **အပိုင်း 9 – ငှားရမ်းထားသည့် ယူနစ်တစ်ခုကို စွန့်ခွာ၍ဆင်းသွားခြင်း**
ယူနစ်တစ်ခုမှ စွန့်ခွာဆင်းသွားပြီးနောက် ပြန်မတောင်းသည့် ပိုင်ဆိုင်မှု

48 **နောက်ဆက်တွဲ A:** ကိုရီယာ တန်ဆာပလာများ
72 **နောက်ဆက်တွဲ B:** ရင်းမြစ်များ

# အခန်း 1 - ငှားရမ်းမှု မပြုမီ

## ဥပဒေများက ကျွန်ုပ်အတွက် သက်ဆိုင်ပါသလား။

“**ငှားရမ်းမှု သဘောတူညီချက်**” ဆိုသည်မှာ နေစရာယူနစ်တစ်ခုနှင့် ပရဝုဏ်ဧရိယာများအား အသုံးပြုမှုနှင့် နေထိုင်မှုနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများအား ထည့်သွင်းထားသည့် စာဖြင့် သို့မဟုတ် နှုတ်ဖြင့် သဘောတူညီချက်အားလုံးကို ဆိုလိုပါသည်။

“**အိမ်ရှင်**” ဆိုသည်မှာ လူနေထိုင်စရာယူနစ်တစ်ခု သို့မဟုတ် ၎င်းပါဝင်နေသည့် အဆောက်အဦးတစ်ခု၏ ပိုင်ရှင်၊ အငှားချထားသူ သို့မဟုတ် သက်ဆိုင်ပါက ထပ်ဆင့်အငှားချထားသူကို ဆိုလိုပါသည်။

“**အိမ်ငှား**” ဆိုသည်မှာ အခြားသူများထက်အထူးခံစားခွင့်ရရှိရန် ငှားရမ်းမှု သဘောတူညီချက်တစ်ခုအရ လူနေထိုင်စရာယူနစ်တစ်ခုတွင် နေထိုင်ရန် သတ်မှတ်ချက်ပြည့်မီသူတစ်ဦးကို ဆိုလိုပါသည်။

အတိုဆိုရလျှင် အိမ်ကြီးအိမ်ကောင်းတစ်ခုဖြစ်စေ သင့်ကိုယ်ပိုင်နေအိမ်တွင်းရှိ အခန်းတစ်ခုဖြစ်စေ သင်ပိုင်ဆိုင်သည့် အဆောက်အဦးတစ်ခုအတွင်း တစ်စုံတစ်ဦးအား သင် နေထိုင်စေပါက သင်သည် **အိမ်ရှင်တစ်ဦးဖြစ်သည်**။ ယင်းအတွင်း အခန်းဖော်တစ်ဦးအား ထပ်ဆင့်အငှားချထားသည့် ပင်မအိမ်ငှားတစ်ဦး ပါဝင်ပါသည်။ အိမ်ရှင်ရာထူးကဏ္ဍကို ရယူရန်အတွက် သင် ထပ်ဆင့်အငှားချနေသည့် အခန်းကို ပိုင်ဆိုင်စရာမလိုပါ။

Vermont ပြည်နယ်ဥပဒေအရ စာဖြင့်အငှားစာချုပ်တစ်ခု မလိုအပ်သည့်အတွက် အငှားစာချုပ်တစ်ခု ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ သင့်အား တရားဝင် **အိမ်ငှား** တစ်ဦးအဖြစ် သတ်မှတ်ပါသည်။ ဤစာအုပ်တွင်း အကြမ်းဖျဉ်းဖော်ပြထားသည့် နှစ်ဦးနှစ်ဖက်လုံးအတွက် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ သက်ဆိုင်ပါသည်။

[မှတ်ချက်ပေးထားသည့် Vermont ဥပဒေများ (Vermont Statutes Annotated)၊ ခေါင်းစဉ် 9၊ အခန်း 137 § 4451။ အဓိပ္ပါယ်သတ်မှတ်ချက်များ]

** “V.S.A.” ကိုလည်း ဤစာအုပ်တွင်း မကြာခဏ အသုံးပြုထားပါသည်။ ၎င်းက မှတ်ချက်ပေးထားသည့် Vermont ဥပဒေများကို ဆိုလိုပြီး ဗားမောင့်ပြည်နယ်ဥပဒေများကို ရည်ညွှန်းကိုးကားပါသည်။ ၎င်းတို့အား* **ခေါင်းစဉ်** *(TITLE) (နံပါတ်),* **အခန်း** *(CHAPTER) (၎င်းတို့ ဖြိုင်ဆိုင်သည့် အကြောင်းအရာ)၊ နှင့်* **အပိုင်း** *(ဥပဒေပါ သီးသန့်အချက်များ). ပုံစံဖြင့် ရည်ညွှန်းကိုးကားထားပါသည်။*

## အထူးခံစားခွင့်များ

ဤစာအုပ်တွင်းပါ အချက်အလက်များသည် အောက်ပါအချက်များအတွက် မသက်ဆိုင်ပါ -

- ဆေးဘက်ဆိုင်ရာ၊ အသက်အရွယ်ကြီးသူဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ တိုင်ပင်အကြံပေးမှု၊ ဘာသာရေးဆိုင်ရာ သို့မဟုတ် အလားတူဝန်ဆောင်မှု ပေးအပ်ရန်ရည်ရွယ်ချက်ဖြင့် လည်ပတ်သည့် အစိုးရပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် အဖွဲ့အစည်းတစ်ခုအတွင်း နေထိုင်မှု။
- အကယ်၍ နေထိုင်သူသည် ဝယ်ယူသူ သို့မဟုတ် ဝယ်ယူသူ၏ အကျိုးစီးပွားကို ဆက်ခံသူတစ်ဦးဖြစ်ပါက နေစရာယူနစ်တစ်ခု သို့မဟုတ် ၎င်းရှိနေသည့် အိမ်ခြံမြေတစ်ခုအား ရောင်းချသည့်စာချုပ်အရ နေထိုင်မှု။
- ညီနောင်အဖွဲ့အစည်း၊ လူမှုရေး သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးက အဖွဲ့အစည်းအတွက် အကျိုးအမြတ်ရရှိရန် လည်ပတ်သည့် အဆောက်အဦးတစ်ခု၏ အစိတ်အပိုင်းအတွင်း နေထိုင်မှု။
- နေထိုင်ချိန်အတောအတွင်း အခန်းများနှင့် အစားအသောက်များအတွက် အခွန်ကောက်ခံသည့် ဟိုတယ်၊ မိုတယ်တစ်ခု သို့မဟုတ် တည်းခိုခန်းများအတွင်း ယာယီနေထိုင်မှု (ရက် 30)။
- ကွန်ဒိုမီနီယမ်ယူနစ်တစ်ခုအား ပိုင်ဆိုင်သူ သို့မဟုတ် ပူးပေါင်းဆောင်ရွက်ဖြင့် တစ်ဦးတည်းပိုင်အငှားစာချုပ်တစ်ခု ကိုင်ဆောင်ထားသူမှ နေထိုင်မှု။
- [10 V.S.A. chapter 153.] အရ အုပ်စိုးသည့် ရွှေ့လျားနေအိမ်အကွက်တစ်ခုအား ငှားရမ်းမှု။
- ဤအခန်းပါရည်ရွယ်ချက်များအရ အိမ်တွဲလျက်ပါသည့်မော်တော်ယာဉ်များ၊ ခရီးသွားနောက်တွဲယာဉ်များ၊ ထရပ်ကား၊ စခန်းချယာဉ်များနှင့် စခန်းချဖန်ကားများကဲ့သို့သော ရွက်ဖျင်တဲများ၊ စခန်းချယာဉ်များနှင့် အပန်းဖြေယာဉ်များအပါအဝင် အလွယ်တကူသယ်ယူနိုင်သည့် သို့မဟုတ် ရွှေ့လျားနိုင်သည့် စခန်းချမှု၊ အပန်းဖြေစရာ သို့မဟုတ် ခရီးသွားရင်းနေစရာယူနစ်များအတွက် ယာယီပြင်ဆင်ထားရှိရန် ဒီဇိုင်းထုတ်ထားသည့် တဲအိမ်များ၊ ရွက်ဖျင်တဲများ သို့မဟုတ် တွဲမှီနိုင်သည့် ပေါ့ပေါ့ပါးပါးအရာများ တည်ရှိနေသည့် စခန်းချမြေတစ်ခု သို့မဟုတ် စခန်းချရာနေရာများအတွင်း ယာယီနေထိုင်မှုဆိုသည်မှာ ရာသီအလိုက် သို့မဟုတ် အချိန်တိုအားလပ်ရက် သို့မဟုတ် အပန်းဖြေရန်ရည်ရွယ်ချက်များအတွက် အသုံးပြုသည့် အိမ်ခြံမြေတစ်ခုခု။

# ငှားရမ်းသူများနှင့် ပိုင်ရှင်များအတွက် အကြံပြုချက်များ

## နေအိမ်ခန်းရှာဖွေသူများအတွက် အကြံပြုချက်များ -

- ငှားရမ်းခပေးရန် သင်တတ်နိုင်ကြောင်း သေချာပါစေ။ ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်းပါ အသုံးစရိတ်ဘတ်ဂျက်စာရွက် ကို အသုံးပြုပါ။
- ပိုင်ရှင် သို့မဟုတ် အငှားအေဂျင်စီတစ်ခုသည် လျှောက်ထားခတစ်ခု မကောက်ခံနိုင်ပါ။
- စာဖြင့်အငှားစာချုပ်တစ်ခု ရှိမရှိ မေးမြန်းပါ။ အငှားစာချုပ်က အချိန်မည်မျှကြာမည်ဖြစ်ကြောင်း မေးမြန်းပါ (အငှားစာချုပ် အချိန်ကာလ)။
- ရေမီးအသုံးအဆောင်များအတွက် မည်သူပေးမည်ဖြစ်ကြောင်း မေးမြန်းပါ။ ၎င်းတို့အား သင်ပေးချေမည်ဖြစ်ပါက ၎င်းတို့အတွက် မည်မျှကုန်ကျကြောင်း မေးမြန်းပါ။ ပိုင်ရှင်မှပေးခဲ့သည့် ခန့်မှန်းချက်များသည် မှန်ကန်မှုရှိမရှိကြည့်ရန် ရေမီးပံ့ပိုးသည့် ကုမ္ပဏီများကို ဖုန်းခေါ်ဆိုပါ။
  ပိုင်ရှင်က အပူပေးခြင်းအတွက် ပေးချေပါက နေအိမ်ခန်းတွင်းရှိ အပူချိန် ကို မည်သူထိန်းချုပ်ကြောင်း မေးမြန်းပါ။• ထိန်းချုပ်သူမှာ ပိုင်ရှင်ဖြစ်ပါက ဆောင်ရာသီတွင် မည်သည့်အပူချိန်သတ်မှတ်ကြောင်း မေးမြန်းပါ။ ကျင့်ဝတ်ဥပဒေများအရ အနိမ့်ဆုံးအပူချိန် 65ºF လိုအပ်ပါသည်။
- ပိုင်ရှင်အတွက် ကိုးကားချက်များကို စစ်ဆေးရန် မစိုးရိမ်ပါနှင့်၊ လက်ရှိနေထိုင်သူအား ၎င်းတို့၏အတွေ့အကြုံ မည်သို့ရှိနေကြောင်း မေးမြန်းပါ။
- မရှိမဖြစ် စနစ်များအားလုံးကို စစ်ဆေးပါ -
  - လျှပ်စစ်မီးများ
  - ရေ
  - ပလပ်ပေါက်များ
  - မီးဖို
  - ဝိုင်ယာတွယ်ဆက်မှု၊ အချင်းချင်းဆက်ထားသည့် မီးခိုးနှင့် ကာဘွန်မိုနောက်ဆိုက် ဖမ်းစက်များ
- ပိုင်ရှင်များက ကိုးကားချက်များကို စစ်ဆေးပါသည်။ ကိုးကားချက်များနှင့်ပတ်သက်၍ ပြဿနာတစ်ခုရှိသည်ဟု သင်ခံစားရပါက Vermont အိမ်ငှားများ (Vermont Tenants) က ကူညီပေးနိုင်ပါသည်။ ၎င်းတို့အား ဖုန်းခေါ်ဆိုပါ။
- အချို့ပိုင်ရှင်များက ခရက်ဒစ်အကြွေး အစီရင်ခံစာများကိုလည်း စစ်ဆေးပါသည်။  သင်၏ ခရက်ဒစ်နှုန်းထားနှင့် ပတ်သက်၍ မသေချာပါက သို့မဟုတ် ခရက်ဒစ် အတည်ပြုရန် သို့မဟုတ် ပြင်ဆင်ရန် အကူအညီလိုအပ်ပါက ဤစာအုပ်၏ကျောဖက်ရှိ ရင်းမြစ်များ တွင်း စာရင်းပြုစုထားသည့် CVOEO ၏ ဘဏ္ဍာရေးဆိုင်ရာ အနာဂတ်အစီအစဉ် (Financial Futures Program) ကို ဆက်သွယ်ပါ။
- **အငှားစာချုပ်တစ်ခုသည် ၎င်းအား လက်မှတ်ထိုးလိုက်သည်နှင့် တရားဝင်ပါသည်၊ ရွှေ့ပြောင်းဝင်ရောက်ပြီးနောက်မှမဟုတ်ပါ။** *သင်လက်မှတ်မထိုးမီ အငှားစာချုပ်တွင်းပြောထားသည့်အရာကို နားလည်ကြောင်း သေချာပါစေ။ သင် မသေချာပါက Vermont အိမ်ငှားများကို ဆက်သွယ်ပါ။*

## ပိုင်ရှင်များအတွက် အကြံပြုချက်များ -

- အခန်းယူနစ်တစ်ခုကို ကြော်ငြာချိန်တွင် အခန်းယူနစ်အကြောင်းကို ဖော်ပြပါ၊ သင်၏ နမူနာအိမ်ငှားနေသူများအကြောင်း မဖော်ပြပါနှင့်။ တရားမျှတသော အိမ်ရာဥပဒေ (Fair Housing Law) အပိုင်းတွင်လည်း ကြည့်ရှုပါ။
- လျှောက်ထားခများသည် Vermont ပြည်နယ်အတွင်း တရားမဝင်ပါ။
- လျှောက်ထားသူတစ်ဦးအနေဖြင့် လျှောက်လွှာလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၎င်းတို့၏ ခရက်ဒစ်အကြွေး အစီရင်ခံစာ မိတ္တူတစ်စောင်ကို ပေးအပ်ရန် သင်တောင်းဆိုနိုင်ပါသည်။
- ကိုးကားချက်များကို စစ်ဆေးပါ။ မေးဖို့ကောင်းသည့် မေးခွန်းများမှာ -
  - ငှားရမ်းခကို အချိန်မီပေးခဲ့ပါသလား။
  - ငှားရမ်းသူသည် အခန်းကို ကောင်းမွန်သည့်အနေအထားတွင် ထားခဲ့ပါသလား။
  - အဆိုပါသူကို သင်ထပ်မံ ငှားရမ်းလိုနိုင်ပါသလား။
- လိုအပ်သည့် ပြုပြင်မှုများကို ငှားရမ်းသူအသစ်များ ပြောင်းဝင်မလာမီ ပြုလုပ်ကြောင်း သေချာအောင်လုပ်ပါ။
- လျှောက်ထားသူတစ်ဦးအား ငြင်းဆန်ချိန်တွင် အောက်ပါအကြောင်းပြချက်များအတွက် လျှောက်ထားသူများကို သင် ငြင်းဆန်နိုင်ပါသည် -
  - လျှောက်လွှာ မပြည့်စုံခြင်း
  - ကိုးကားချက် ဆိုးရွားခြင်း
  - ငှားရမ်းမှု သမိုင်းကြောင်း မပြနိုင်ခြင်း
  - ရာဇဝတ်မှတ်တမ်းရှိခြင်း
  - ခရက်ဒစ်က စံအဆင့်အောက်ရှိခြင်း - အဆင့်ကို သင်သတ်မှတ်နိုင်ပါသော်လည်း တသမတ်တည်း အသုံးချပါ
- သင်၏ လျှောက်ထားမှု မူဝါဒအားလုံးကို တသမတ်တည်း အသုံးချကြောင်း သေချာအောင်လုပ်ပါ။



# အိမ်ခန်းတစ်ခုလုံးအနှံ့ လျှောက်ကြည့်ခြင်း

ငှားရမ်းသူမှ နေထိုင်မှုမပြုမီ နှစ်ဦးနှစ်ဖက်လုံးအနေဖြင့် အိမ်ခန်းတစ်ခုလုံးအနှံ့လျှောက်ကြည့်မှု ပြုလုပ်သင့်ပါသည်။ အခန်းယူနစ်၏ အခြေအနေကို စာဖြင့်ရေးသား၍ မှတ်တမ်းတင်သင့်ပါသည်။ အဆိုပါရည်ရွယ်ချက်အတွက် ဖောင်ပုံစံများရှိပြီး ၎င်းတို့ကို ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်ရရှိနိုင်ပါသည်။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

ပိုင်ရှင်က အိမ်ခန်းတစ်ခုလုံးအနှံ့ လျှောက်ကြည့်ခြင်း သို့မဟုတ် အကြောင်းအရာများကို ရေးချခြင်း မပြုပါက -

- သင် ပြောင်းမဝင်မီ ဓာတ်ပုံများရိုက်ထားပါ။
- အပျက်အစီးအားလုံးနှင့် ပြင်ရန်လိုအပ်သည့်အရာ အားလုံးအတွက် စာရင်းတစ်ခု ပြုလုပ်ပါ၊ ၎င်းအား မိတ္တူတစ်စုံဆွဲပြီး ပိုင်ရှင်ထံပို့ကာ အဆိုပါအရာများကို ပြင်ဆင်ပေးရန် တောင်းဆိုပါ။
- စာပေါ်တွင် ရက်စွဲတစ်ခု တပ်ထားကြောင်း သေချာပါစေ။
- သင့်မိတ္တူကို လုံခြုံရာနေရာတစ်ခုတွင် သိမ်းထားပါ
- အိမ်သုံးပရိဘောဂများကို ရွှေ့ရာတွင် ဂရုစိုက်ပါ။ အကယ်၍ နံရံများ သို့မဟုတ် ကြမ်းပြင်များပေါ်တွင် ခြစ်ရာများထင်စေပါက ပျက်စီးမှု အတွက် ပိုင်ရှင်က သင့်အား တာဝန်ယူစေနိုင်ပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အခန်းယူနစ်၏ အခြေအနေကို မှတ်တမ်းတင်ရန် ရွှေ့ပြောင်းဝင်ရောက်ချိန်တွင် အိမ်ခန်းတစ်ခုလုံးအနှံ့လျှောက်ကြည့်ပါ။
- ငှားရမ်းသူက ရွှေ့ပြောင်းဝင်ရောက်ချိန်အခြေအနေကို အတည်ပြုပြီး လက်မှတ်ထိုးရန် လိုအပ်ပါသည်။
- ရွှေ့ပြောင်းဝင်ရောက်ချိန်ရှိ အခြေအနေကို မှတ်တမ်းတင်ရန် ဓာတ်ပုံများ သို့မဟုတ် ဗီဒီယို ရိုက်ယူထားပါ။
- အကယ်၍ ပြုပြင်မှုများလိုအပ်သည်ဟု သင်နှင့် ငှားရမ်းသူတို့က သဘောတူညီပါက ပြင်ဆင်မှုများအတွက် နောက်ဆက်တွဲဆက်လိုက်ပါ (ပြုပြင်မှုများ ပြီးအောင်လုပ်ပြီးကြောင်း ငှားရမ်းသူမှ အတည်ပြုလက်မှတ်ထိုးမှုကိုပင် သင်ရယူနိုင်ပါသည်)။



# စပေါ်ငွေ ချထားမှုများ

ပိုင်ရှင်တစ်ဦးအနေဖြင့် ပထမလအတွက် ငှားရမ်းခ၊ နောက်ဆုံးလအတွက် ငှားရမ်းခနှင့် စပေါ်ချထားမှုတစ်ခု မတောင်းဆိုနိုင်ဟု အများစုယုံကြည်ချက်သည် ကာလရှည်ကြာကိုင်စွဲထားသည့် ယုံတမ်းစကားတစ်ခုဖြစ်ပြီး အမှန်တကယ်တွင် ၎င်းက ဘယ်တုန်းကမှု တိတိကျကျ မဟုတ်ခဲ့ပါ။ Burlington နှင့် Brattleboro တို့တွင်သာ စပေါ်ချထားမှုကို တစ်လစာ ငှားရမ်းခထက်မပိုစေရန် ကန့်သတ်ထားပါသည်။ ပြည်နယ်တွင်း မည်သည့်နေရာမဆိုတွင် စပေါ်ငွေများအတွက် အကန့်အသတ်မရှိပါ။

- Burlington နှင့် Brattleboro ရှိ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များအရလည်း ပိုင်ရှင်တစ်ဦးသည် စပေါ်ငွေချထားမှုအပြင် အိမ်မွေးတိရစ္ဆာန်ဆိုင်ရာ စပေါ်အနေဖြင့် တစ်လစာငှားရမ်းခ၏ တစ်ဝက်ထက်မပိုဘဲ ကောက်ခံရန်ခွင့်ပြုပါသည်။
- Burlington ၏ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များအရ အတိုးငွေရနိုင်သည့်အကောင့်တစ်ခုတွင်း စပေါ်ငွေများကို ထိန်းထားရန် လိုအပ်ပါသည်။ စပေါ်ငွေကို ပြန်အမ်းချိန်တွင် အတိုးအား ငှားရမ်းသူထံသို့ ပေးချေပါသည်။
- အိမ်ငှားမှုတစ်ခုအတွက် အာမခံရန် ရှေ့ခြေကြိုတင်ထည့်သွင်းသည့် ငွေတစ်ခုခုကို "စပေါ်ငွေ" ဟု ခေါ်ဆိုပါသည်။ ယင်းအတွင်း အာမခံ၊ ပျက်စီးမှု၊ သန့်ရှင်းရေး၊ အိမ်မွေးတိရစ္ဆာန်ဆိုင်ရာ စပေါ်ငွေများ၊ သို့မဟုတ် နောက်ဆုံးလအတွက် ငှားရမ်းခတို့ ပါဝင်ပါသည်။
- ပိုင်ရှင်များအနေဖြင့် မသန်စွမ်းမှုရှိသော အိမ်ငှားတစ်ဦးအား ထောက်ကူမှုပေးသည့်တိရစ္ဆာန်တစ်ကောင်အတွက် ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းတစ်ခုအဖြစ် အိမ်မွေးတိရစ္ဆာန်ဆိုင်ရာ စပေါ်တစ်ခု မကောက်ခံနိုင်ပါ။
- "ပြန်မအမ်းနိုင်သည့်" စပေါ်ငွေဆိုသည့် အရာမျိုး မရှိပါ။
- ငှားရမ်းသူများသည် စပေါ်ငွေတစ်ခုကို နောက်ဆုံးလအတွက် ငှားရမ်းခအဖြစ် အသုံးမပြုနိုင်ပါ။
- ပိုင်ရှင်များသည် မပေးချေသော ငှားရမ်းခ၊ မပေးချေသော ရေမီးအသုံးစရိတ် တောင်းခံလွှာများ၊ အိမ်ငှား၏ ကိုယ်ပိုင် ပစ္စည်းများကို ရွှေ့ပြောင်း လွှင့်ပစ်ရသည့် ကုန်ကျစရိတ်နှင့် ပုံမှန်ပျက်စီးယိုယွင်းမှုထက်ကျော်လွန်၍ အိမ်ခြံမြေတွင်း ပျက်စီးမှုများအတွက် ရန်ပုံငွေများကို စပေါ်ငွေများထဲမှ နှုတ်ယူနိုင်ပါသည်။
- အငှားစာချုပ်တစ်ခုကို ချိုးဖျက်သည့်အတွက် "ပြစ်ဒဏ်" အနေဖြင့် စပေါ်ငွေများကို မသိမ်းထားနိုင်ပါ။
- ငှားရမ်းသူက စောစီးစွာ ထွက်ခွာပြီး ပိုင်ရှင်အနေဖြင့် အခန်းယူနစ်ကို ထပ်မံငှားရမ်းနိုင်စွမ်းမရှိပါက အငှားစာချုပ်ပါ သဘောတူညီချက်အရ စပေါ်ငွေများကို ငှားရမ်းခအတွက် ထိန်းထားနိုင်ပါသည်။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

သင်၏ အိမ်ငှားမှု အတောအတွင်း -

- Vermont ပြဋ္ဌာန်းဥပဒေ – [9 V.S.A. အခန်း 137 §4451(5)] အရ "လျစ်လျူရှုမှု၊ ဂရုမစိုက်မှု၊ မတော်တဆမှု သို့မဟုတ် ပရိဂုဏ်များ သို့မဟုတ် ကိရိယာပစ္စည်းများအား အလွဲသုံးစားပြုမှု သို့မဟုတ် မြင်သာထင်သာရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပျက်စီးမှုများအတွက် ငှားရမ်းသူများအား တာဝန်ခံခိုင်းနိုင်သည်ဟု ဆိုပါသည်။
- ပြင်ဆင်ရန်လိုအပ်ချက်များကို ချက်ချင်း အစီရင်ခံပါ။
- အိမ်ပိုင်ရှင်၏ စာဖြင့်ခွင့်ပြုချက်မပါဘဲ ပြောင်းလဲမှုများ မပြုပါနှင့်။
- အိမ်ခြံမြေကို လေးလေးစားစား သဘောထားကိုင်တွယ်ပါ။
- အိမ်မှ ပြောင်းမထွက်မီ ဆီလျော်သည့်အသိပေးချက် ပေးအပ်ပါ။ ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင် နမူနာအသိပေးစာတစ်စောင် ရှိပါသည်။
- အငှားစာချုပ် မကုန်ဆုံးမီ ရွှေ့ပြောင်းထွက်ခွာခြင်းဖြင့် သင်၏အငှားစာချုပ်ကို ချိုးဖျက်ပါက ပိုင်ရှင်အနေဖြင့် အခန်းယူနစ်ကို ထပ်မံငှားရမ်းနိုင်ခြင်း မရှိသရွေ့နှင့် ထပ်မံငှားရမ်းနိုင်သည်အထိ ငှားရမ်းခပေးရန် သင့်တွင်တာဝန်ရှိနိုင်ပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ငှားရမ်းသူများ ပြောင်းမဝင်မီ စပေါ်ငွေများနှင့် ငှားရမ်းခများကို သင်ကောက်ယူကြောင်း သေချာအောင်လုပ်ပါ။
- ပြောင်းရွှေ့ဝင်ရောက်ချိန်ရှိ အခြေအနေကို သင်မှတ်တမ်းတင်ထားချိန်တွင် ငှားရမ်းသူများ ထွက်ခွာချိန်၌ အခန်းယူနစ်တွင်း ပျက်စီးမှုများအတွက် နှုတ်ယူခြင်းကို ပိုမိုလွယ်ကူစေပါသည်။



# နှစ်ဦးနှစ်ဖက်လုံးအတွက် အာမခံ

## ငှားရမ်းသူ၏ ပိုင်ဆိုင်ပစ္စည်းတစ်ခု ပျက်စီးခြင်း

ပျက်စီးမှုသည် ပိုင်ရှင်၏လျစ်လျူရှုမှုကြောင့် မဟုတ်သရွေ့ ငှားရမ်းသူ၏ ကိုယ်ပိုင်ပစ္စည်းတစ်ခု ပျက်စီးခြင်းသည် ယေဘုယျအားဖြင့် ပိုင်ရှင်၏ တာဝန်မဟုတ်ပါ။ မီးလောင်ခြင်း၊ ပိုက်များပေါက်ခြင်း၊ စသည်တို့ကြောင့် သင်၏အိမ်ခန်းသည် နေထိုင်နိုင်ဖွယ်မရှိ ဖြစ်သွားပါက ငှားရမ်းသူ၏အာမခံက သင်၏ "ထပ်ဆောင်း နေထိုင်မှုကုန်ကျစရိတ်များ"ကို ကာပေးပါလိမ့်မည်။ ယေဘုယျအားဖြင့် သင်၏မူလနေရာနှင့် အလားတူဈေးနှုန်းအတိုင်းအတာရှိသည့် အခြားအိမ်ခန်းတစ်ခုကဲ့သို့သော နေရာတစ်ခုခုတွင် သင်နေထိုင်ရန်အတွက် ငွေပေးချေခြင်းဟု ဆိုလိုပါသည်။

ပေါ်လစီများက ပုံမှန်အားဖြင့် အောက်ပါတို့အပါအဝင် ဘေးအန္တရာယ် 17 မျိုးကြောင့် သင်၏ကိုယ်ပိုင်ပစ္စည်းများ ဆုံးရှုံးမှုများကို ကာပေးပါသည် - *မီးလောင်ခြင်း သို့မဟုတ် မိုးကြိုးပစ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခြင်း သို့မဟုတ် မိုးသီးကြွေခြင်း၊ အဓိကရုဏ်း သို့မဟုတ် လူထုအုံကြွမှု၊ လေယာဉ်ပျံ၊ ယာဉ်များ၊ မီးခိုး၊ ဖျက်လိုဖျက်ဆီးလုပ်ခြင်း သို့မဟုတ် မကောင်းသည့်စိတ်ဖြင့် ဒုက္ခပေးခြင်း၊ သူခိုးခိုးခံရခြင်း၊ အဆောက်အဦး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မှန် သို့မဟုတ် ဘေးကင်းအောင်လုပ်ထားသည့် မှန်ကဲ့သို့သော ဝတ္ထုပစ္စည်းများ၊ မီးတောင်ပေါက်ကွဲခြင်း၊ ပြုတ်ကျလာသော အရာများ၊ ရေခဲ၊ ဆီးနှင်း သို့မဟုတ် နှင်းမိုး အလေးချိန်တို့ကြောင့် ပျက်စီးခြင်း၊ နေအိမ်အသုံးအဆောင်များမှ ရေနှင့်ဆက်စပ်သည့်ပျက်စီးမှုနှင့် လျှပ်စီးအားမြင့်တက်မှုကြောင့် ပျက်စီးခြင်း။*

သို့ရာတွင် စာရင်းအတွင်း ရေကြီးခြင်းနှင့် ငလျင်လှုပ်ခြင်းတို့ မပါဝင်သည်ကို သင်သတိပြုမိနိုင်ပါသည်။ အဆိုပါအရာများဖြစ်လွယ်သည့် ဧရိယာတစ်ခုအတွင်း သင်နေထိုင်ပါက သင့်အနေဖြင့် သီးခြားပေါ်လစီတစ်ခု ဝယ်ယူရန် သို့မဟုတ် သင်၏ငှားရမ်းသူပေါ်လစီပေါ်တွင် ထပ်ပေါင်းထည့်ခြင်းလုပ်ရန် လိုအပ်ပါမည်။ ဟာရီကိန်းမုန်တိုင်းများကြောင့် အစုလိုက်အပြုံလိုက် ပျက်စီးမှုများဖြစ်စေနိုင်သည့် အချို့သော ကမ်းရိုးတမ်းဒေသများတွင် သင့်အား လေပြင်းမုန်တိုင်းကြောင့် ပျက်စီးမှုကို ကာပေးရန် သီးသန့်ထပ်ပေါင်းထည့်မှုတစ်ခု ဝယ်ယူရန်လည်း လိုအပ်နိုင်ပါသည်။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ငှားရမ်းသူအားလုံးအနေဖြင့် ငှားရမ်းသူအာမခံ ဝယ်ယူရန် အထူးအကြံပြု တိုက်တွန်းပါသည်။
- ကိုင်တွယ်ပြောဆိုခဲ့ပြီး သင်၏ ပိုင်ဆိုင်မှုကို ထိခိုက်စေနိုင်သည့် အိမ်ခြံမြေနှင့် ပတ်သက်သော ပြဿနာတစ်ခုရှိပါက အဆိုပါပြဿနာကို ကိုင်တွယ်ပြောဆိုရန်တောင်းဆိုသည့် စာဖြင့်တောင်းဆိုချက်တစ်ခုကို ပိုင်ရှင်ထံ ပေးပို့ပါ။ မိတ္တူတစ်စောင် သိမ်းထားပါ။
- ကားရပ်နားရန် ဧရိယာများတွင် ပေါင်းစုတွဲခိုနေသည့် ရေခဲကဲ့သို့သော ရာသီအလိုက်ပြဿနာများကို လျစ်လျူရှုမှုဟု ယေဘုယျအားဖြင့် မသတ်မှတ်ပါ။ သင်မရပ်နားမီ အပေါ်ကိုကြည့်ပါ။  သင့်လျော်သည့် ယာဉ်အာမခံကို ထိန်းသိမ်းထားရှိပါ။
- သင်၏ပိုင်ဆိုင်မှုတွင် ပျက်စီးမှုသည် အခြားငှားရမ်းသူတစ်ဦးကြောင့်ဖြစ်ပါက ၎င်းသည် ပိုင်ရှင်၏တာဝန်မဟုတ်ပါ။
- ငှားရမ်းသူ အာမခံ အကြောင်း ထပ်ဆောင်းအချက်အလက်များရရှိရန် "ကိရိယာများ" အပိုင်းကို ကြည့်ပါ။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- သင်၏အိမ်ခြံမြေတွင် ပရဝုဏ်များနှင့် တာဝန်ခံမှုအတွက် အာမခံအကာအကွယ် အလုံအလောက်ရှိသင့်ပါသည်။
- အဆောက်အဦးအတွက် အစားထိုးကုန်ကျစရိတ်ကို ကာပေးရန် သင့်ထံတွင် တန်ဖိုးအလုံအလောက်ရှိကြောင်း သေချာစေရန် သင်၏အေးဂျင့်နှင့်အတူ အလုပ်လုပ်ပါ။
- လျှော့၍အာမခံခြင်းက တောင်းဆိုချက်တစ်ခုပြုလုပ်ချိန်တွင် အာမခံကုမ္ပဏီမှ ဘဏ္ဍာရေးဆိုင်ရာပြစ်ဒဏ်တစ်ခု ဆန်းစစ်လုပ်ဆောင်စေနိုင်ပါသည်။
- လူအားထိခိုက်ဒဏ်ရာရစေမှု သို့မဟုတ် ပိုင်ဆိုင်ပစ္စည်း ပျက်စီးမှုအတွက် အိမ်ငှားမှတောင်းဆိုမှုများကို သင်၏အေးဂျင့်ထံသို့ ချက်ချင်းအစီရင်ခံပါ။  ထိုသို့ပြုလုပ်ခြင်းက တရားစွဲဆိုမှုတစ်ခုတွင် သင့်အားကိုယ်ရေးကိုယ်တာ တာဝန်ရှိလာစေမှုမှ ကာကွယ်ပေးနိုင်ပါသည်။
- ငှားရမ်းသည့် အိမ်ခြံမြေများကို အာမခံထားခြင်း အကြောင်း ထပ်ဆောင်းအချက်အလက်များရရှိရန် "ကိရိယာများ" အပိုင်းကို ကြည့်ပါ။



# အပိုင်း 2 - ငှားရမ်းမှု သဘောတူညီချက်များ

ငှားရမ်းခြင်းသည် "အငှားချထားသူ" (ပိုင်ရှင်) တစ်ဦးနှင့် "ငှားယူသူ" (ငှားရမ်းသူ) တစ်ဦးတို့ကြား ဥပဒေအရ စပ်ယှက်မှုတစ်ခုဖြစ်ပါသည်။ Vermont ပြည်နယ်၌ စာဖြင့်အငှားစာချုပ် မရှိလျှင်ပင် နှစ်ဦးနှစ်ဖက်လုံး၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ဥပဒေအရ ကာကွယ်ပေးထားပါသည်။

Vermont ပြည်နယ် ဥပဒေက "ငှားရမ်းမှု သဘောတူညီချက်" ဆိုသည့်အခေါ်အဝေါ်ကို အသုံးပြုပြီး ၎င်းအား " နေစရာယူနစ်တစ်ခုနှင့် ပရိဂုဏ်ရေိယာများအား အသုံးပြုမှုနှင့် နေထိုင်မှုနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများအား ထည့်သွင်းထားသည့် စာဖြင့် သို့မဟုတ် နှုတ်ဖြင့် သဘောတူညီချက်အားလုံး" ဟု အဓိပ္ပါယ်သတ်မှတ်ပါသည်။ 9 V.S.A. §4451

ထပ်ဆောင်း၍ ဗားမောင့်ပြည်နယ် ဥပဒေများအရ စာဖြင့် ငှားရမ်းမှုသဘောတူညီချက် (အငှားစာချုပ်) တွင် ဤဥပဒေများကို ရှောင်လွှဲနိုင်သော စကားရပ်မျိုး မပါဝင်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ သဘောတူညီချက်ကို နှစ်ဦးနှစ်ဖက်လုံးမှ လက်မှတ်ထိုးထားသည့်တိုင် ယင်းသို့သော စာပိုဒ်များကို တွန်းအားပေးကျင့်သုံးနိုင်သည့်အရာမဟုတ်ဟု ယူဆပါသည်။ တွန်းအားပေးကျင့်သုံးမှုမပြုနိုင်သည့် စာပိုဒ်တစ်ခုကြောင့် အငှားစာချုပ်တစ်ခုလုံးကို တရားမဝင် မဖြစ်စေနိုင်ပါ။ အလားတူပင် အငှားစာချုပ်အတွင်း တစ်ဖက်ဖက်က စာပိုဒ်တစ်ခုကို ချိုးဖျက်ခြင်းကြောင့် အငှားစာချုပ်တစ်ခုလုံးကို တရားမဝင် မဖြစ်စေနိုင်ပါ။ 9 V.S.A.§4454




## စာဖြင့်အငှားစာချုပ်တစ်ခု အသုံးပြုခြင်း

ငှားရမ်းမှု သဘောတူညီချက်များကို စာဖြင့်ထားရှိခြင်းသည် အစဉ်အားဖြင့် အကောင်းဆုံးဖြစ်ပါသည်။ ၎င်းက နောက်ပိုင်းတွင် နားလည်မှုလွဲမှားခြင်းကို ကာကွယ်ပေးနိုင်ပါသည်။
နှစ်ဦးနှစ်ဖက်လုံးအနေဖြင့် အငှားစာချုပ်ပါ အခေါ်အဝေါ်များ၏ ဆိုလိုချက်က ဘာလဲဆိုသည်ကို ရှင်းရှင်းလင်းလင်း နားလည်ထားသင့်ပါသည်။

## ပြဿနာများ ပေါ်ထွန်းလာချိန်တွင်

ငှားရမ်းမှု သဘောတူညီချက်က နှစ်ဦးနှစ်ဖက်လုံး၏ မျှော်မှန်းချက်များကို အကြမ်းဖျဉ်းဖော်ပြပါသည်။ *အောက်ပါစာမျက်နှာများတွင် စာဖြင့် အငှားစာချုပ်ဖြင့် သဘောတူညီချက်တစ်ခုတွင်း ဝင်ရောက်ကြသည့် နှစ်ဦးနှစ်ဖက်လုံးအတွက် အကြံပြုချက်များ ပါဝင်ပါသည်။*

### ငှားရမ်းသူများအတွက် အကြံပြုချက်များ

- အားလုံးကို ဖတ်ရှုပြီး နားလည်သဘောပေါက်မှု မရှိမချင်း အငှားစာချုပ်တစ်ခုကို ဘယ်တော့မှ လက်မှတ်မထိုးပါနှင့်။
- သင်သည် Vermont ပြည်နယ် အိမ်ငှားများ (Vermont Tenants) ကို ဆက်သွယ်ပြီး အငှားစာချုပ် စိစစ်သုံးသပ်ချက်တစ်ခု ရရှိနိုင်ပါသည်။
- အငှားစာချုပ်တစ်ခုကို သင်လက်မှတ်ထိုးလိုက်ချိန်တွင် ၎င်းက တရားဝင်ဖြစ်သွားပါသည်၊ ရွှေ့ပြောင်းဝင်ရောက်သည့်ရက်စွဲ၌ မဟုတ်ပါ။
- သင် လက်မှတ်မထိုးမီ သေချာပါစေ။
- သင့်မိတ္တူကို လုံခြုံပြီး အလွယ်တကူရယူနိုင်သည့်နေရာတစ်ခုတွင် သိမ်းထားပါ။
- ပိုင်ရှင်က သင့်အား မိတ္တူတစ်စောင် မပေးပါက ၎င်းကိုစာဖြင့် ရေးသား၍ တောင်းဆိုပြီး ယင်းစာ၏မိတ္တူတစ်စောင်ကို သိမ်းထားပါ။

### ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အင်တာနက် သို့မဟုတ် စတိုးဆိုင်တစ်ဆိုင်မှ ယေဘုယျအငှားစာချုပ်ပုံစံတစ်ခု အသုံးပြုခြင်းသည် သင့်အတွက် အကောင်းဆုံးအကျိုးစီးပွား ဖြစ်လေ့မရှိပါ။  အငှားစာချုပ်ပါစာပိုဒ်များသည် သင်၏ငှားရမ်းမှု တည်ရှိနေသည့်ပြည်နယ်၏ ဥပဒေများနှင့် ကိုက်ညီရပါမည်။
- သင်အသုံးပြုနေသည့် အငှားစာချုပ်ကို Vermont ပြည်နယ် အိမ်ရှင်အသင်းအဖွဲ့ မှ စိစစ်သုံးသပ်ပေးမှု ရယူနိုင်ပါသည်။
- အငှားစာချုပ်တစ်ခုကို သင်လက်မှတ်ထိုးလိုက်ချိန်တွင် ၎င်းက တရားဝင်ဖြစ်သွားပါသည်၊ ရွှေ့ပြောင်းဝင်ရောက်သည့်ရက်စွဲ၌ မဟုတ်ပါ။
- အငှားစာချုပ် မိတ္တူတစ်စောင်ကို သင်၏ငှားရမ်းသူအား ပေးပါ။
- အငှားစာချုပ် သဘောတူညီချက် မူရင်းတစ်စောင်ထက်ပို၍ မထားရှိပါနှင့်။

# နောက်ကျကြေးများနှင့် ဒဏ်ကြေးများ

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- သင့်အား နောက်ကျကြေးတစ်ခု ကောက်ခံပါက အဆိုပါအခကြေးသည် ငှားရမ်းခကို သင်မှ နောက်ကျပေးချေမှု၏ ရလဒ်အနေဖြင့် ၎င်းတို့အပေါ် ကျရောက်စေသော ကုန်ကျစရိတ်များနှင့် ဆက်စပ်သည်ဟူ၍ ပိုင်ရှင်ထံမှ မှတ်တမ်းမှတ်ရာ သင်တောင်းဆိုနိုင်ပါသည်။
- ပိုင်ရှင်က အဆိုပါမှတ်တမ်းမှတ်ရာကို မပံ့ပိုးပေးနိုင်ပါက အဆိုပါအခကြေးကို သင်ပေးချေစရာမလိုနိုင်ပါ။
- ဤရည်ရွယ်ချက်အတွက် ဖောင်ပုံစံစာတစ်စောင် ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်းရှိပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အောက်ပါတို့ကြောင့် ငှားရမ်းသူက ငှားရမ်းခကို အချိန်မီ မပေးချေပါက သင့်အနေဖြင့် နောက်ကျကြေးတစ်ခု ကောက်ခံနိုင်ပါသည် -
  - နောက်ကျကြေးသည် ကောက်ခံမှုပြုလုပ်ရန် သင်၏ကုန်ကျစရိတ်နှင့် ကျိုးကြောင်းဆီလျော်စွာ ဆက်စပ်နေပါက။ အခကြေးသည် ငှားရမ်းသူက ၎င်းတို့၏ငှားရမ်းခကို အချိန်မီ မပေးချေလျှင် သင့်အပေါ်ကျရောက်မည့် ကုန်ကျစရိတ်များနှင့် ဆက်စပ်ချက်အချို့ရှိရန် နှင့်/သို့မဟုတ် ငှားရမ်းသူနှင့် နောက်ဆက်တွဲလိုက်ရန် သင်သုံးရသည့်အချိန်နှင့် ဆက်စပ်ရန် လိုအပ်သည်ဟု ဆိုလိုပါသည်။
- နောက်ကျကြေးတစ်ခုသည် $20-$25 အတိုင်းအတာအတွင်း တသမတ်တည်းအခကြေးတစ်ခုဖြစ်ပါက အစဉ်အားဖြင့် လက်ခံနိုင်ဖွယ်ဖြစ်ပါသည်။
- တစ်ရက်စာအလိုက် နောက်ကျကြေးကို ခွင့်မပြုပါ။
- နောက်ကျကြေးတစ်ခုအစား စောစောပေးချေမှုအတွက် လျှော့ဈေးတစ်ခုကို ထည့်သွင်းစဉ်းစားပါ။ စောစောပေးချေမှုအတွက် လျှော့ဈေးတစ်ခုဆိုသည်မှာ ငှားရမ်းသူက ၎င်းတို့၏ငှားရမ်းခကို အမှန်တကယ်ပေးရန်ကျရောက်ချိန်မတိုင်မီ ပေးချေခြင်းအတွက် ဆုကြေးတစ်ခု (နောက်ကျပေးချေခြင်းအတွက် ပြစ်ဒဏ်နှင့် ဆန့်ကျင်ဖက်) ဖြစ်ပါသည်။

# ငှားရမ်းသူအား တာဝန်ရှိစေသည့် အငှားစာချုပ်များ ပြုပြင်မှုများအတွက် တာဝန်ရှိအောင်ပြုလုပ်သည့် အငှားချထားမှုများ

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ငှားရမ်းသူများအနေဖြင့် ပိုင်ရှင်ထံမှ စာဖြင့်အခွင့်အာဏာပေးအပ်ချက်မရှိဘဲ ပြုပြင်မှုများကို ဘယ်တော့မှမလုပ်သင့်ပါ။
- လိုင်စင်ရ နည်းပညာရှင်တစ်ဦးလိုအပ်သည့် ပြုပြင်မှုများကို ငှားရမ်းသူများဖြစ်စေ ပိုင်ရှင်များဖြစ်စေ မည်သူမှမလုပ်သင့်ပါ။
- ပြုပြင်မှုများအတွက် ငှားရမ်းသူမှ တာဝန်ရှိအောင်ပြုလုပ်သည့် ငှားရမ်းမှုသဘောတူညီချက်တစ်ခုပါ စာပိုဒ်တစ်ခုကို တွန်းအားပေးကျင့်သုံးခြင်း မပြုနိုင်ပါ။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အိမ်ရှင်များသည် ငှားရမ်းသည့်အိမ်ခြံမြေတစ်ခုရှိ ပြုပြင်မှုများကို ပြုလုပ်ရန်အတွက် တာဝန်ရှိပါသည်။
- အကယ်၍ ပြုပြင်ခဲ့ရသည့် အချင်းအရာသည် ငှားရမ်းသူ သို့မဟုတ် ၎င်းတို့၏ဧည့်သည်များကြောင့် ပျက်စီးမှုဖြစ်ပါက ငှားရမ်းသူထံမှ လျော်ကြေးတောင်းနိုင်ပါသည်။
- အိမ်ခြံမြေအတွင်း ပြုပြင်မှုများကို မည်သူပြုလုပ်မည်ဆိုသည်နှင့် အဆိုပါပြုပြင်မှုများကို မည်သို့ပြုလုပ်မည်ဆိုသည်ကို ပိုင်ရှင်များမှ ထိန်းချုပ်သင့်ပါသည်။

# ဧည့်သည်များ လာရောက်ခြင်းကို ကန့်သတ်သည့် အငှားစာချုပ်များ

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ငှားရမ်းသူများမှ စိတ်ကြိုက်ရွေးချယ်သည့် ဧည့်သည်များကိုလက်ခံရန် အခွင့်အရေးကို အိမ်ရှင်များမှ မစွက်ဖက်နိုင်ပါ။
- အိမ်ငှား၏ဧည့်သည်တစ်ဦးအား ဆန့်ကျင်၍ ကျူးကျော်ဝင်ရောက်မှုမပြုရန် အသိပေးစာတစ်စောင်ကို ပိုင်ရှင်များမှ မထုတ်ပြန်နိုင်ပါ။
- သင်နှင့်အတူနေထိုင်နေသူတစ်ဦးထံတွင် ၎င်းတို့ကိုယ်ပိုင် အတည်တကျနေအိမ်ရှိပါက ၎င်းတို့သည် ဧည်သည့်တစ်ဦးဖြစ်သည်။
- အကယ်၍ ဧည့်သည်သည် သင်၏အခန်းယူနစ်အား ပင်မနေအိမ်အဖြစ် ၎င်းတို့ကိုယ်ပိုင်ထက်ပို၍ အသုံးချသည့် အခြေအနေရပ်များတွင် ၎င်းတို့သည် သင်နှင့်အတူနေထိုင်နေသည်ဟု ယူဆသတ်မှတ်နိုင်ပါသည်။
- အကယ်၍ ၎င်းတို့ထံတွင် ၎င်းတို့ကိုယ်ပိုင် အတည်တကျနေအိမ်မရှိပါက ၎င်းတို့သည် သင်နှင့်အတူနေထိုင်နေပါသည်။
- အကယ်၍ လူတစ်ဦးကို သင်နှင့်အတူပြောင်းဝင်နေထိုင်ခွင့်ပြုလိုက်ပါက ၎င်းတို့ထွက်ခွာအောင်လုပ်ရန် အလွန်ခက်ခဲနိုင်ပါသည်။ သင့်အနေဖြင့် တရားဝင်နှင်ချသည့် လုပ်ငန်းစဉ်တစ်ခု ဆက်လက်လုပ်ဆောင်ရန် လိုအပ်နိုင်သည်။
- ငှားရမ်းသူတစ်ဦးဖြစ်သည့် သင့်အဆင့်အတန်းကိုလည်း ထိခိုက်စေနိုင်ပါသည်။ ပိုင်ရှင်နှင့် ငှားရမ်းမှုသဘောတူညီချက်တွင်း မထည့်သွင်းထားသည့် တစ်စုံတစ်ဦးအား သင်နှင့်အတူနေထိုင်စေခြင်းက သင်၏အိမ်ငှားမှု အဆုံးသတ်ရန်အတွက် အခြေခံများဖြစ်ပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ပိုင်ရှင်များအနေဖြင့် ငှားရမ်းသူ၏ ဧည်သည့်များလက်ခံနိုင်စွမ်းကို မ ကန့်သတ်နိုင်ပါသော်လည်း ငှားရမ်းသူများသည် ၎င်းတို့ဧည့်သည်များ၏ အပြုအမူအနေအထိုင်အတွက် တာဝန်ရှိပါသည်။
- ကျိုးကြောင်းဆီလျော်ပြီး တွန်းအားပေးကျင့်သုံးနိုင်သည့် ဧည့်သည် ဆိုင်ရာ မူဝါဒတစ်ခုကို ဖန်တီးရန် ခက်ခဲနိုင်ပါသည်။
- ငှားရမ်းသူတစ်ဦးအနေဖြင့် ဧည်သည်အားလုံးအတွက် ပိုင်ရှင်အား အသိပေးရန် လိုအပ်သည့် မူဝါဒတစ်ခုကို အစဉ်အားဖြင့် တွန်းအားပေး မကျင့်သုံးနိုင်ပါ။




# အငှားစာချုပ်ကို အဆုံးသတ်သည့် စာပိုဒ်များ

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- စာဖြင့်အငှားစာချုပ်တွင်း အကြမ်းဖျဉ်းဖော်ပြထားသည့် အချိန်ဘောင် အတိုင်း သင်ကတိပြုပါသည်။

အငှားစာချုပ် မပြီးဆုံးမီ ရွှေ့ပြောင်းထွက်ခွာခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များ -

- အငှားစာချုပ် ပြီးဆုံးချိန်အထိ သို့မဟုတ် ပိုင်ရှင်မှ အိမ်ငှားအသစ်တစ်ဦး တွေ့ရှိသည်အထိ ငှားရမ်းခ (နှင့် ရေမီးအသုံးအဆောင်များသည် ငှားရမ်းသူ၏ တာဝန်ဖြစ်ပါက ၎င်းတို့ကိုပေးရန်) အတွက် ပိုင်ရှင်မှ သင့်အား ဘဏ္ဍာရေးအရ တာဝန်ယူခိုင်းနိုင်ပါသည်။
- အခန်းယူနစ်ကို ထပ်မံငှားရမ်းမှုနှင့် ဆက်စပ်သည့်ကုန်ကျစရိတ်များ အတွက်လည်း သင့်အား တာဝန်ယူခိုင်းနိုင်ပါသည်။
- တရားဝင် တရားရုံးလုပ်ငန်းစဉ်တစ်ခု မပါဝင်ဘဲ သင့်အား ပိုင်ရှင်မှ ဖယ်ရှားနိုင်ကြောင်း ဖော်ပြထားသည့် အငှားစာချုပ်ပါစာပိုဒ်တစ်ခုကို တွန်းအားပေးမကျင့်သုံးနိုင်ပါ။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အကယ်၍ ငှားရမ်းသူတစ်ဦးကို သင်ဖယ်ရှားလိုပါက အငှားချထားချိန်ကာလ ပြီးဆုံးသွားသည့်တိုင် အဆုံးသတ်ကြောင်း အသိပေးစာတစ်စောင်ကို ၎င်းတို့ထံ သင့်ပေးပို့ရန်လိုအပ်ပါသည်။
- သင်၏အငှားစာချုပ်အရ အငှားချထားချိန်ကာလ ပြီးဆုံးသည့်အခါ၌ ၎င်းတို့ရွှေ့ပြောင်းထွက်ခွာရမည်ဟု ဆိုထားသည့်တိုင် အမှန်တကယ် အဆုံးသတ်ကြောင်းအသိပေးစာတစ်စောင် မပါဘဲ နေထိုင်နေသူများအား ဆန့်ကျင်သည့် တရားရုံးလုပ်ဆောင်မှုတစ်ခု သင်မစတင်နိုင်ပါ။
- အကယ်၍ သင်၏ငှားရမ်းသူက အငှားစာချုပ် မပြီးဆုံးမီ ရွှေ့ပြောင်းထွက်ခွာပါက ငှားရမ်းခ၊ ရေမီးအသုံးအဆောင်များ (အငှားစာချုပ်အရ ၎င်းတို့ကို ငှားရမ်းသူမှ ပေးရမည်ဟုဆိုပါက) နှင့် အခန်းယူနစ်ကို ထပ်မံငှားရမ်းမှုနှင့် ဆက်စပ်သည့် ကျိုးကြောင်းဆီလျော်သောကုန်ကျစရိတ်များကို ပေးချေရန် သင့်အနေဖြင့် ၎င်းတို့အား ဘဏ္ဍာရေးအရ တာဝန်ယူခိုင်းနိုင်ပါသည်။

# အပိုင်း 3- ဥပဒေအရ ကာကွယ်ပေးမှုများ

ငှားရမ်းမှု ဆက်စပ်ချက်ကို ဥပဒေများက အုပ်စိုးပြီး ၎င်းတို့က Vermont ပြည်နယ်တွင်းရှိလူတိုင်း အပေါ် သက်ရောက်ပါသည်။ အားလုံးမဟုတ်သော်လည်း များသောအားဖြင့် ပိုင်ရှင်နှင့် ငှားရမ်းသူ နှစ်ဦးနှစ်ဖက်လုံး၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို Title 9 V.S.A မှ ကာပေးထားပါသည်။ (မှတ်ချက်ပေးထားသည့် Vermont ပြည်နယ် ပြဋ္ဌာန်းဥပဒေများ) အခန်း 137.

အခြေအနေရပ်တိုင်းအတွက် အဖြေတစ်ခုကို အဆိုပါ ပြဋ္ဌာန်းဥပဒေများတွင်းရှိ အဆိုပါအပိုင်းတွင်း တွေ့ရှိနိုင်မည်ဟု မဆိုလိုပါ။ အင်္ဂလိပ် ရိုးရာဥပဒေ (Common Law), နှင်ထုတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်း ဥပဒေများ ( Ejectment Statutes), တရားမျှတသော အိမ်ရာဥပဒေ (Fair Housing Law) နှင့် စီရင်ထုံး (Case Law) ပင်လျှင် ငှားရမ်းမှုတွင်း တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်ပါသည်။ အဖြေအားလုံးက အဖြူအမည်း သည်းသည်းကွဲကွဲမဟုတ်ပါ။ မီးခိုးရောင်ဧရိယာ အများအပြားနှင့် ယုံတမ်းစကား အများအပြားရှိပါသည်။ ကျွမ်းကျင်သူပရော်ဖက်ရှင်နယ်အကူအညီ ရှာယူခြင်းသည် အစဉ်အားဖြင့် အကောင်းဆုံးအလေ့အထတစ်ခုဖြစ်ပါသည်။



# တရားမျှတသော အိမ်ရာဥပဒေ




## တရားမျှတသော အိမ်ရာဆိုသည်မှာ ဘာပါလဲ။

- တရားမျှတသော အိမ်ရာဆိုသည်မှာ လူတစ်ဦးတစ်ယောက်အနေဖြင့် မည်သည့်နေရာတွင် နေထိုင်မည်ကို ရွေးချယ်ပိုင်ခွင့်နှင့် နေစရာနေရာတစ်ခုကို ခွဲခြားဆက်ဆံမှုကင်းဝေးစွာဖြင့် ငှားရမ်း၊ ဝယ်ယူ သို့မဟုတ် ငွေကြေးစီမံပိုင်ခွင့်ဖြစ်ပါသည်။
- တရားမျှတသော အိမ်ရာဆိုသည်မှာ ညီတူညီမျှအခွင့်အလမ်းဖြင့် အိမ်ရာရရှိပိုင်ခွင့် ဖြစ်ပါသည်။

## အသုံးများသည့် အချို့သော အခေါ်အဝေါ်များ -

- "**အကာအကွယ်ပေးထားသည့် လူတန်းစား**" – တရားမျှတသော အိမ်ရာဥပဒေ သက်ရောက်သည့် လူအမျိုးအစားအုပ်စုများ
- "**မိသားစု အဆင့်အတန်း**" – အရွယ်မရောက်သေးသော ကလေးငယ်များ ပါရှိနေမှု။
- "**ဦးတည်လမ်းကြောင်းပေးခြင်း**" – ကာကွယ်ပေးထားသည့် လူတန်းစားတွင်းပါဝင်သူတစ်ဦးအား ရရှိနိုင်သည့် ငှားရမ်းစရာနေရာအားလုံးသို့ ညွှန်ပေးခြင်း သို့မဟုတ် ရခွင့်မပြုခြင်း။

    ဥပမာ - ဂျိုင်းထောက်/ဘီးတပ်ကုလားထိုင်ပေါ် နေရသူတစ်ဦးအား ပထမထပ်ရှိ အိမ်ခန်းတစ်ခုအတွက် တိုက်တွန်းအကြံပြုခြင်းသည် ၎င်းတို့ကြည့်ရှုရန် တောင်းဆိုသည့် ဒုတိယထပ်ရှိ အခန်းယူနစ်ထက်ပို၍ ဆွဲဆောင်မှုရှိနိုင်ပါသည်။

- "**ကွဲပြားသည့် သက်ရောက်မှု**" - ကာကွယ်ပေးထားသည့် လူတန်းစားတစ်ရပ်တွင်ပါဝင်သူများအပေါ် ကြီးကြီးမားမားသက်ရောက်မှုတစ်ခုရှိသည့် ကြားနေစည်းမျဉ်းတစ်ခု။

## ကာကွယ်ပေးထားသည့် လူတန်းစား 13 ရပ်

**ပြည်ထောင်စုမှ ထောက်ပံ့ကာကွယ်ပေးထားသူများ**

| | |
|---|---|
| လူမျိုး | မိသားစု အဆင့်အတန်း |
| အသားအရောင် | မသန်စွမ်းမှု |
| ကိုးကွယ်သည့်ဘာသာ | လိင် |
| ဇာတိနိုင်ငံ | |

Vermont **ထပ်ဆောင်းကာကွယ်ပေးမှုများ**

- အသက် (18) နှစ်အထက်
- အိမ်ထောင်ရေး အခြေအနေ (ထိမ်းမြားလက်ထပ်ခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ)
- လိင်စိတ်တိမ်းညွှတ်မှု
- လိင်ဝိသေသခံယူမှု
- အစိုးရအထောက်အပံ့ လက်ခံရယူမှု
- အလွဲသုံးစားမှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု - သို့မဟုတ် နောက်ယောင်ခံလိုက်မှု ခံရသူများ

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ရည်ညွှန်းလွှဲပြောင်းမှု လိုအပ်ခြင်း သို့မဟုတ် ငှားရမ်းခပေးချေရန် ဝင်ငွေအလုံအလောက်မရှိသူများအား မငှားရန်ငြင်းဆိုခြင်းကဲ့သို့ ငှားရမ်းသည့်အိမ်ခြံမြေကို ကာကွယ်ရန်နှင့် စီမံခန့်ခွဲရန် လိုအပ်သည့် တရားဝင် စီးပွားရေးလုပ်ထုံးများကို အတည်ပြုပြီး တွန်းအားပေးကျင့်သုံးပိုင်ခွင့် ပိုင်ရှင်တစ်ဦးထံတွင် ရှိပါသည်။ သို့ပါသော်လည်း အဆိုပါလိုအပ်ချက်များကို လူအားလုံးတွင် တသမတ်တည်း အသုံးချရပါမည်။
- အခြားနေထိုင်သူများကို နှောင့်ယှက်ခြင်း၊ အိမ်ခြံမြေကို ပျက်စီးစေခြင်း သို့မဟုတ် ငှားရမ်းခမပေးခြင်းကဲ့သို့ ယခင်ငှားရမ်းမှုများအတွင်း ငြင်းဆန်လောက်ဖွယ် အပြုအမူသမိုင်းကြောင်းတစ်ခုရှိခဲ့သူများအား မငှားရန်လည်း ပိုင်ရှင်များအနေဖြင့် ငြင်းဆိုနိုင်ပါသည်။
- သို့ပါသော်လည်း ပိုင်ရှင်များအနေဖြင့် ခွဲခြားဆက်ဆံမှုအတွက် ဆင်ခြေအနေဖြင့် တရားဝင် စီးပွားရေးလုပ်ထုံးများကို အသုံးမပြုနိုင်ပါ။
- ပိုင်ရှင်တစ်ဦးသည် ငှားရမ်းသူ သို့မဟုတ် ငှားရမ်းရန်အလားအလာရှိသူတစ်ဦးအား ၎င်းတို့ထံတွင် မသန်စွမ်းမှုရှိမရှိ မေးမြန်းခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ပါသည်။ သို့သော် မသန်စွမ်းမှုရှိသော ငှားရမ်းသူတစ်ဦးက ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းတစ်ခု တောင်းဆိုပါက မသန်စွမ်းမှုသည် သိသာထင်ရှားမရှိသရွေ့ပိုင်ရှင်အနေဖြင့် မသန်စွမ်းမှုအတွက် အထောက်အထားနှင့် တောင်းဆိုသည့် နေရာထိုင်ခင်းအား လိုအပ်ချက်ကို မေးမြန်းပိုင်ခွင့်ရှိပါသည်။ ပိုင်ရှင်တစ်ဦးသည် မည်သို့သောမသန်စွမ်းမှုဖြစ်ကြောင်းကို မေးမြန်းခြင်းမပြုနိုင်ပါ။




**အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုဆိုသည်မှာ ကာကွယ်ပေးထားသည့် လူတန်းစားတစ်ရပ်တွင် ပါဝင်မှုအပေါ် အခြေခံသည့် အောက်ပါလုပ်ဆောင်ချက်များမှ တစ်ခုခုဖြစ်ပါသည်** -

- အိမ်ရာကို ငှားရမ်း၊ ရောင်းချ သို့မဟုတ် ငွေကြေးစီမံရန် ငြင်းဆန်ခြင်း။
- မတူညီသည့် စည်းကမ်းချက်များ၊ အခြေအနေများ သို့မဟုတ် အခွင့်ထူးများသတ်မှတ်ခြင်း သို့မဟုတ် မတူညီသည့် အိမ်ရာဆိုင်ရာ ဝန်ဆောင်မှုများ သို့မဟုတ် အစီအမံများ ပေးအပ်ခြင်း။
- ဦးစားပေးချက်၊ ကန့်သတ်ချက် သို့မဟုတ် ခွဲခြားဆက်ဆံမှုတစ်ခုခုကို ညွှန်ပြသည့်အသိပေးစာ၊ ဖော်ပြချက် သို့မဟုတ် ကြော်ငြာတစ်ခုခု ပြုလုပ်ရန်၊ ပရင့်ထုတ်ရန် သို့မဟုတ် ထုတ်ဝေခြင်း။
- ရောင်းချ၊ ကြည့်ရှု သို့မဟုတ် ငှားရမ်းရန် ရရှိနိုင်မှုနှင့် စပ်လျဉ်းပြီး မှားယွင်းသည့်ကိုယ်စားပြုချက်များ ပြုလုပ်ခြင်း။
- တစ်ဦးဦး (MLS၊ အိမ်ခြံမြေ ပွဲစားများ အဖွဲ့အစည်း၊ စသဖြင့်) အား အိမ်ရာ ရောင်းချ သို့မဟုတ် ငှားရမ်းမှုနှင့် ဆက်စပ်သည့် အစီအမံ သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို ရယူအသုံးပြုခွင့်မှ ငြင်းဆန်ခြင်း။
- အိမ်ရာနှင့် ပတ်သက်ပြီး သို့မဟုတ် ခွဲခြားဆက်ဆံမှုဆိုင်ရာ စွဲဆိုချက်တစ်ခုကို တင်သွင်းရန် သို့မဟုတ် ထောက်ပံ့ကူညီရန် လူတစ်ဦးဦးအား အတင်းအကြပ်လုပ်ခြင်း၊ ထိတ်လန့်အောင်လုပ်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် စွက်ဖက်ခြင်း။

မှတ်ချက်ပေးထားသည့် Vermont ဥပဒေများ၊ ခေါင်းစဉ် 9၊ အခန်း 139

# အိမ်ခြံမြေကို ခြုံငုံကာကွယ်ပေးထားပါသလား။

- တရားမျှတသော အိမ်ရာဥပဒေသည် နေစရာ လူနေအိမ်များပေါ် သက်ရောက်ပြီး လက်လီစတိုးဆိုင်များနှင့် ရုံးခန်းများကဲ့သို့သော စီးပွားရေးပိုင်ဆိုင်မှုများအပေါ် မသက်ရောက်ပါ။ စီးပွါးဆိုင်ရာ မြေ၊အိမ်ရာ အဆောက်အဦများကို အများပြည်သူ နေရာထိုင်ခင်းများဆိုင်ရာ ဥပဒေအရ ခြုံငုံကာကွယ်ပေးထားပါသည်။
- အိမ်ခြံမြေသည် ကင်းလွတ်ခွင့်ရှိသည့်တိုင် မည်သည့်ဖြစ်ရပ်မဆို၌ လူမျိုး၊ အသားရောင်နှင့် ဇာတိနိုင်ငံတို့ကို ကာကွယ်ပေးထားပါသည်။
- ကြော်ငြာခြင်းနှင့် အများပြည်သူကြေညာချက်များကိုလည်း တရားမျှတသော အိမ်ရာဥပဒေအရ အစဉ်အကာအကွယ်ပေးထားပါသည်။

တရားမျှတသော အိမ်ရာဥပဒေ၏ အခြားသောနယ်ပယ်များအတွက် Vermont ဥပဒေအရ အလွန် **အကန့်အသတ်ရှိသည့် ခြွင်းချက်များ** ပေးအပ်ပါသည်။ *အိမ်ခြံမြေသည် ကင်းလွတ်ခွင့်ရှိသည့်တိုင် ကြော်ငြာဆိုင်ရာ လိုအပ်ချက်များနှင့် လူမျိုး၊ အသားအရောင်နှင့် ဇာတိနိုင်ငံပေါ် အခြေပြု၍ ခွဲခြားဆက်ဆံမှုတို့ကို အစဉ်ခြုံငုံကာကွယ်ပေးထားပါသည်။*

- နေအိမ်ခန်း သုံးခန်း သို့မဟုတ် ပိုနည်းသည့် အဆောက်အဦးများကို ခြုံငုံကာကွယ်ပေးခြင်းမရှိပါသော်လည်း ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်၏ အနီးစပ်ဆုံးမိသားစုဝင် တစ်ဦးသည် အဆိုပါအိမ်ခန်းများမှ တစ်ခုတွင် နေထိုင်မှသာဖြစ်သည်။ (Burlington မြို့တော်အတွင်း ကင်းလွတ်မှုသည် အိမ်ခန်းနှစ်ခန်းပါသည့် အဆောက်အဦးများအတွက်သာ သက်ရောက်ပါသည်။)
- အသက် 18 နှစ်အောက် အိမ်ငှားရန်အလားအလာရှိသူတစ်ဦးအား ငြင်းဆန်ခြင်းသည် လက်ခံနိုင်ဖွယ်ဖြစ်ပါသည်။
- ဘာသာရေး အသင်းအဖွဲ့က အခန်းများကို အမြတ်အစွန်းမယူဘဲ ပေးအပ်မှုများ သို့မဟုတ် ငှားရမ်းမှုများကဲ့သို့ ဘာသာတူအိမ်ငှားများအား ဘာသာရေးဆိုင်ရာ ဦးစားပေးချက် ပေးအပ်ခြင်းသည် လက်ခံနိုင်ဖွယ်ဖြစ်ပါသည်။
- အိမ်ရာတွင် အသက် 62 နှစ်အထက်ရှိသူများသာ နေထိုင်ပါက သို့မဟုတ် အခန်းယူနစ်တစ်ခုစီတွင်း အသက် 55 နှစ်အထက်ရှိသူ အနည်းဆုံးတစ်ဦးရှိကာ အိမ်ရာအစုသည် အသက်အရွယ်ကြီးသူများအတွက် ထူးခြားသည့်အစီအမံများနှင့် ဝန်ဆောင်မှုများ သို့မဟုတ် အရေးကြီးသည့် အိမ်ရာအခွင့်အလမ်းများ ပေးအပ်ပါက ကလေးများရှိသည့် မိသားစုများအား ကွဲပြားစွာဆက်ဆံသည့် အသက်အရွယ်ကြီးသူများအတွက် အငှားယူနစ်များသည် လက်ခံနိုင်ဖွယ်ဖြစ်ပါသည်။
- သက်ဆိုင်ရာ နေထိုင်သူဦးရေ စံအဆင့်အတန်းပေါ် အခြေပြု၍ အဆိုပါနေရာတွင် နေထိုင်ရန် ဆန္ဒရှိသည့် မိသားစုအတွက် အလွန်သေးငယ်သည့် ယူနစ်များ ငှားရမ်းခြင်းသည် တရားမဝင်ပါ။

# မိသားစု အခြေအနေဆိုင်ရာ ခွဲခြားဆက်ဆံမှုများ



- အရွယ်မရောက်သေးသည့် ကလေးများရှိခြင်းကြောင့် အိမ်ရာပေးရန် မငြင်းဆန်နိုင်သည့်အပြင် ကွဲပြားသည့် စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းများကို အသုံးမချနိုင်ပါ။
- မိသားစုများကို အချို့သော အခန်းယူနစ်များ သို့မဟုတ် အိမ်ခြံမြေများမှ (သို့မဟုတ် များသို့) ဦးတည် လမ်းကြောင်းပေးခြင်း မပြုနိုင်ပါ။
- စည်းမျဉ်းများကို အိမ်ငှားများအားလုံးအတွက် တသမတ်တည်း အသုံးချသင့်ပြီး ကလေးများရှိသည့် မိသားစုများ အား ခွဲမထုတ်သင့်ပါ။
- ကျိုးကြောင်းဆီလျော်သည့် နေထိုင်သူဦးရေ စံ အဆင့်အတန်းများကို ခွင့်ပြုပါသည်။

*မည်သည်ကို ကျိုးကြောင်းဆီလျော်သည့် နေထိုင်သူဦးရေ စံ အဆင့်အတန်းဟု သတ်မှတ်ပါသလဲ။*

- ယေဘုယျစည်းမျဉ်းတစ်ခုအနေဖြင့် အိပ်ခန်းတစ်ခန်း သို့မဟုတ် အတည်ပြုထားသည့် အိပ်ရန်ဧရိယာ (အိပ်ရန် အသုံးပြုသည့် ယူနစ်တစ်ခုတွင်းရှိ အခန်းများသည် မီးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များအတိုင်း လိုက်နာရမည်) တစ်ခုလျှင် အိမ်ငှားနှစ်ဦးကန့်သတ်သည့် နေထိုင်သူဦးရေ စံအဆင့်အတန်းများ သို့မဟုတ် မြူနီစပါယ် နေထိုင်သူဦးရေကန့်သတ်ချက်များအတိုင်း လိုက်နာခြင်း သို့မဟုတ် နေထိုင်သူဦးရေ ကန့်သတ်သည့် အိမ်ခြံမြေများအတွက် ခွင့်ပြုချက်တစ်ခုသည် တရားမျှတသော အိမ်ရာဥပဒေကို မချိုးဖောက်ပါ။
- ယူနစ်တစ်ခုရှိ လူအရေအတွက်အစား ယူနစ်တစ်ခုရှိ ကလေးအရေအတွက်ကို ကန့်သတ်သည့် စည်းမျဉ်းများသည် ခွဲခြားဆက်ဆံမှုရှိပါသည်။
- နေထိုင်သူဦးရေဆိုင်ရာ ကိစ္စရပ်များကို စိစစ်သုံးသပ်ရာတွင် HUD နှင့် Vermont လူ့အခွင့်အရေး ကော်မစ်ရှင် တို့က အိပ်ခန်း အရွယ်အစားနှင့် အရေအတွက်အပြင် အခြား အထူးအခြေအနေရပ်များကို ထည့်သွင်းစဉ်းစားပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အိပ်ခန်းတစ်ခုကို ကလေးများ (လိင်မတူသည့် ကလေးများအပါအဝင်)နှင့် မျှဝေလိုချင်ခြင်းရှိမရှိသည် မိဘများ၏ ဆုံးဖြတ်ချက် ဖြစ်ပါသည်။
- ဆူညံသံနှင့် ဆက်စပ်သည့် စည်းမျဉ်းများသည် မလိုလားအပ်ဖွယ် ဆူညံသံကျယ်ကျယ်လောင်လောင်ပြုသူတိုင်းအား တားမြစ်ရပါမည်၊ ကလေးများကိုသာ မဟုတ်ပါ။
- လူတိုင်းအတွက်သက်ရောက်သည့် စည်းမျဉ်းများကို ဖန်တီးပါ။
- ကလေးများအပါအဝင် လူတိုင်းအပေါ်သက်ရောက်သည့် ဝန်ဆောင်မှုများ သို့မဟုတ် အခွင့်ထူးများ ကမ်းလှမ်းပေးပါ။
- မည်သူသည် လျှောက်ထားသူကောင်းတစ်ဦး ဖြစ်နိုင်သည်ဆိုသည်ထက် ယူနစ်အား အရှိအတိုင်း ကြော်ငြာပါ သို့မဟုတ် ဖော်ပြပါ။
- အောက်ပါတို့ကဲ့သို့သော စာပိုဒ်များကို ရှောင်ရှားပါ - "တစ်ကိုယ်ရေသမားများအတွက် အကောင်းဆုံး" သို့မဟုတ် "စုံတွဲများအတွက် အလွန်ကောင်းသည့်နေရာ" စသည်တို့သည် ကလေးများအား ချန်လှပ်ရန်ကြိုးစားမှုဟု အဓိပ္ပါယ်ပြန်ဆိုနိုင်ပါသည်။

# မသန်စွမ်းမှုဆိုင်ရာ ခွဲခြားဆက်ဆံမှု

## မသန်စွမ်းမှုကို အဓိပ္ပါယ်သတ်မှတ်ခြင်း

အောက်ပါ စံချိန်စံနှုန်းသုံးခုအနက် တစ်ခုခု သက်ရောက်ပါက လူတစ်ဦးသည် မသန်စွမ်းမှုတစ်ခုရှိသည်ဟု သတ်မှတ်ပါသည် -

- ဘဝရှင်သန်မှုဆိုင်ရာ လုပ်ဆောင်မှုတစ်ခု သို့မဟုတ် ပို၍ကို သိသိသာသာကန့်သတ်နေသည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု။
- အဆိုပါ ချွတ်ယွင်းမှုတစ်ခုရှိသည်ဟု အခြားသူများက သတ်မှတ်ထားသူတစ်ဦးဦး။
- ချွတ်ယွင်းမှုရှိခြင်းအတွက် မှတ်တမ်း - ဥပမာ SSI ၊ SSDI ၊ စသည်တို့ကဲ့သို့သော လက်ခံဖြတ်ပိုင်း။

“ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု” ဆိုသည်မှာ *စိတ် သို့မဟုတ် ကိုယ်ခန္ဓာကို ထိခိုက်သည့် အခြေအနေ သို့မဟုတ် ရောဂါတစ်ခုကို ရည်ညွှန်းပါသည်။*

“သိသာထင်ရှားစွာ ကန့်သတ်သည်" ဆိုခြင်းက *အချိန်ကာလ ကြာရှည်စွာ သို့မဟုတ် ကြီးကြီးမားမား အတိုင်းအတာဟု ရည်ညွှန်းပါသည်။*

“အဓိက ဘဝရှင်သန်မှုဆိုင်ရာ လုပ်ဆောင်ချက် တစ်ခု သို့မဟုတ် ပို၍" ဆိုသည်မှာ *လမ်းလျှောက်ခြင်း၊ စကားပြောခြင်း၊ အသက်ရှူခြင်း၊ ကြည့်မြင်ခြင်း၊ ကြားခြင်း၊ မိမိကိုယ်ကို စောင့်ရှောက်ခြင်း၊ ငွေတောင်းခံလွှာများကို ပေးချေခြင်း၊ စသဖြင့်ကို ရည်ညွှန်းပါသည်။*

-V.S.A. ခေါင်းစဉ် 9၊ အခန်း 139

## မသန်စွမ်းမှုရှိသူများအတွက် အတူနေထိုင်ကူညီသူများ

- မသန်စွမ်းမှုရှိသူတစ်ဦးသည် အတူနေထိုင် ထောက်ပံ့ကူညီသူတစ်ဦး တောင်းဆိုပိုင်ခွင့်ရှိပါသည်။
- အတူနေထိုင်ကူညီသူအတွက် ဝင်ငွေနှင့် ပိုင်ဆိုင်မှုများကို အစိုးရအိမ်ရာ ထောက်ကူပံ့ပိုးမှုအတွက် ဝင်ငွေလမ်းညွှန်နှင့် ဆန့်ကျင်တွက်ချက်ခြင်း မပြုပါ။



# မသန်စွမ်းမှုများရှိသည့် နေထိုင်သူများအတွက် ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှုများ

## ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု တစ်ခုဆိုသည်မှာ ဘာပါလဲ။

- မသန်စွမ်းမှုရှိသူတစ်ဦးအနေဖြင့် မသန်စွမ်းမှုမရှိသူတစ်ဦးပမာ တူညီသည့်အသုံးပြုမှုနှင့် ကျေနပ်ပျော်ရွှင်မှုရရန် ခွင့်ပြုပေးသည့် အငှားယူနစ် သို့မဟုတ် အဆောက်အဦး တစ်ခုတွင်း အပြင်ပန်း အပြောင်းအလဲတစ်ခု။
- အစိုးရစရိတ်ဖြင့် ထောက်ပံ့ထားသည့်အိမ်ရာအတွင်း မွမ်းမံပြင်ဆင်မှု များကို ပိုင်ရှင်မှ အစဉ်ပေးချေပါသည်။
- ပုဂ္ဂလိက ငှားရမ်းမှုများအတွင်း မွမ်းမံပြင်ဆင်မှုများကို နေထိုင်သူမှ အစဉ်ပေးချေပါသည်။
- ပိုင်ရှင်မှတောင်းဆိုပါက နေထိုင်သူသည် ရွှေ့ပြောင်းထွက်ခွာချိန်တွင် ယူနစ်အား ၎င်း၏မူလအခြေအနေအတိုင်း ပြန်လည်ထိန်းသိမ်းပေး ရန် လိုအပ်နိုင်ပါသည်။

## ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု များအတွက် ဥပမာများမှာ-

- အခန်းများကို ပိုမိုအလွယ်တကူဝင်ထွက်နိုင်အောင်လုပ်ရန် တံခါးခွင် များကို ချဲ့ခြင်း။
- ရေချိုးခန်းများအတွင်း လက်ကိုင်ဘားများ တပ်ဆင်ခြင်း။
- မီးဖိုခန်းဗီရိုများကို ဘီးတပ်ကုလားထိုင်တွင်းရှိသူတစ်ဦးအတွက် သင့်လျော်သည့် အမြင့်တစ်ခုသို့ နှိမ့်ပေးခြင်း။
- အဆောက်အဦးတစ်ခု၏ အပြင်ဖက်တွင် ဘီးတပ်ကုလားထိုင်တက် ဆင်းရန် ကုန်းလျှောတစ်ခု တပ်ဆင်ပေးခြင်း။
- မှိတ်တုပ်မှိတ်တုပ်လင်းသည့် မီးခိုးနှင့် ကာဘွန်မိုနောက်ဆိုဒ်ဖမ်းစက် များ။

## ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု တစ်ခု တောင်းဆိုခြင်း

တရားမျှတသော အိမ်ရာဥပဒေအရ ပိုင်ရှင်တစ်ဦးသည် ငှားရမ်းသူတစ်ဦး အား သီးသန့်ဖောင်ပုံစံတစ်ခု အသုံးပြုရန် သို့မဟုတ် တောင်းဆိုချက်ကို စာဖြင့် ရေးသားပြုလုပ်ရန်ပင် မလိုအပ်စေနိုင်ပါ။ သို့ပါသော်လည်း မှတ်တမ်းသွင်းရန် ရည်ရွယ်ချက်များအတွက် တောင်းဆိုချက်အားလုံးကို စာဖြင့်ရေးသားပြုလုပ် ရန် Vermont အိမ်ငှားများက အထူးတိုက်တွန်းအကြံပြုပါသည်။ ငှားရမ်း သူများသည် CVOEO ၏ တရားမျှတသော အိမ်ရာစီမံကိန်း (CVOEO's Fair Housing Project) သို့မဟုတ် ဤစာအုပ်၏ကျောဖက်တွင် စာရင်းပြုစုထားသော အခြားရင်းမြစ်များကို ဆက်သွယ်ခြင်းဖြင့် တောင်းဆိုချက်များနှင့် ပတ်သက် သည့်အထောက်အကူ ရရှိနိုင်ပါသည်။ စာများအတွက် နမူနာဖောင်ပုံစံများ က ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်လည်း ရှိပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု သို့မဟုတ် နေရာထိုင်ခင်းတစ်ခုအား တောင်းဆိုချက်ကို နှုတ်ဖြင့်ဖြစ်စေ စာ ဖြင့်ရေးသား၍ဖြစ်စေ ပြုလုပ်နိုင်ပြီး မသန်စွမ်းမှုရှိသူ သို့မဟုတ် ၎င်းတို့၏ကိုယ်စား လုပ်ဆောင်သူတစ်ဦးဦးထံမှ လာနိုင်ပါသည်။
- ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု သို့မဟုတ် နေရာထိုင်ခင်း တောင်းဆိုချက်အားလုံးကို ချက်ချင်းတုံ့ပြန်ချက် တစ်ခု သင် ပေးအပ်ရမည်ဖြစ်သည်။
- အဆိုပြုသည့် မွမ်းမံပြင်ဆင်မှုအတွက် နေထိုင်သူမှ ကျိုးကြောင်း ဆီလျော်သည့် ရှင်းလင်းဖော်ပြချက်တစ်ခု ပေးအပ်ရန် သင် တောင်းဆိုနိုင်ပါသည်။
- နေထိုင်သူသည် ကျွမ်းကျင်စနစ်တကျ အလုပ်လုပ်သူနှင့်အလားတူ ပုံစံတစ်ခုဖြင့် လုပ်ကိုင်ဆောင်ရွက်သည့် အလုပ်ရှိမရှိ သင် တောင်း ဆိုနိုင်ပါသည်။
- နေထိုင်သူသည် မွမ်းမံပြင်ဆင်မှု မစတင်မီ သက်ဆိုင်ရာပါမစ် အားလုံး ရယူပြီးမပြီး သင်တောင်းဆိုနိုင်ပါသည်။
- နေထိုင်သူအနေဖြင့် စပေါ်ငွေအပိုတစ်ခု ပေးချေရန် မတောင်းဆို ပါနှင့်။
- ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှုနှင့် နေရာထိုင်ခင်း တောင်းဆိုချက်များသည် အချက်အလက်အထူးသီးသန့်ဖြစ်ပြီး ကိစ္စရပ်အလိုက် လေ့လာသုံးသပ်မှု လိုအပ်နိုင်ပါသည်။
- ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှုနှင့် နေရာထိုင်ခင်း တောင်းဆိုချက်များကို ခွင့်ပြုချက်တစ်ခု ပေးသင့်မသင့် သင်မ သေချာပါက သင်၏ရှေ့နေနှင့် ဆွေးနွေးသင့်ပါသည်။



# မသန်စွမ်းမှုများရှိသော နေထိုင်သူများအတွက် ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းများ

## ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းဆိုသည်မှာ ဘာပါလဲ။

မသန်စွမ်းမှုရှိသည့် နေထိုင်သူတစ်ဦးအနေဖြင့် နေစရာယူနစ်တစ်ခုကို အသုံးပြုပြီး ကျေနပ်ပျော်ရွှင်ရန် ညီတူညီမျှအခွင့်အလမ်းပေးသည့် စည်းမျဉ်း၊ မူဝါဒ သို့မဟုတ် လုပ်ထုံးတစ်ခုအတွင်း အပြောင်းအလဲတစ်ခု။

**"ကျိုးကြောင်းဆီလျော်ခြင်း" ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။**

- "မျက်နှာပန်းတွင် ကျိုးကြောင်းဆီလျော်ပုံပေါ်သည်" သို့မဟုတ် တောင်းဆိုချက်သည် ဖြစ်နိုင်ခြေရှိပုံပေါ်ပါက သို့မဟုတ် ယုံကြည်နိုင်ဖွယ်ရှိပုံပေါ်ပါက
- တောင်းဆိုချက်သည် ပိုင်ရှင်၏လုပ်ငန်းအတွင်း အခြေခံပြောင်းလဲမှုတစ်ခု ဖန်တီးပါက သို့မဟုတ် ငွေကြေးအရ မလိုလားအပ်သည့် ဝန်ထုတ်ဝန်ပိုး (မလိုလားအပ်ဘဲ ခက်ခဲမှု) ဖြစ်စေပါက တောင်းဆိုချက်ကို ခွင့်ပြုချင်မှ ခွင့်ပြုနိုင်ပါသည်။

**"မလိုလားအပ်သည့် ခက်ခဲမှု" ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။**

- တောင်းဆိုချက်က ပိုင်ရှင်အတွက် သိသာထင်ရှားသည့် အခက်အခဲ သို့မဟုတ် ကုန်ကျစရိတ်တစ်ခု ဖန်တီးနိုင်သည်။
- မလိုလားအပ်သည့် ခက်ခဲမှုဆိုသည်မှာ ငွေကြေးအရ အခက်အခဲကိုသာမဟုတ်သော်လည်း မလိုလားအပ်ဘဲ ချဲ့ကား၊ သိသာများပြား သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် လုပ်ငန်း၏ သဘောသဘာဝ သို့မဟုတ် လည်ပတ်မှုကို အခြေခံအားဖြင့်ပြောင်းလဲစေနိုင်သည့် တောင်းဆိုချက်များကို ရည်ညွှန်းပါသည်။

**ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းများအတွက် ဥပမာများ**

- ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်တစ်ခုရှိသော နေထိုင်သူသည် "အိမ်မွေးတိရစ္ဆာန် မထား" ဟူသည့် မူဝါဒတစ်ခုကို မွမ်းမံပြင်ဆင်ပေးရန် တောင်းဆိုသည့်အတွက် ၎င်းတို့၏ မသန်စွမ်းမှုကို ကူညီလျှော့နည်းသက်သာစေသော ထောက်ကူပံ့ပိုးသည့် တိရစ္ဆာန်တစ်ကောင်ထားရှိနိုင်ပါသည် (အထူးလေ့ကျင့်သင်ကြားမှု မလိုအပ်ပါ)။
- အိမ်ခြံမြေတွင် ကားရပ်နားရာနေရာများ ချမှတ်ပေးမှုမရှိသည့်တိုင် လှုပ်ရှားမှုဆိုင်ရာ ချွတ်ယွင်းမှုတစ်ခုရှိသော နေထိုင်သူသည် ချမှတ်ပေးထားသည့် ကားရပ်နားရန်နေရာတစ်ခု သို့မဟုတ် ရှိလက်စနေရာချထားမှုကို ၎င်းတို့၏အဝင်တံခါးအနီးသို့ နေရာပြောင်းပေးရန်တောင်းဆိုခြင်းဖြစ်သည်။
- ကူညီသူတစ်ဦးရှိသည့် နေထိုင်သူသည် ၎င်းတို့၏ယူနစ်သို့ အလွယ်တကူ ဝင်ထွက်ခွင့်ပြုပေးရန် သော့တွဲအပိုတစ်ခု တောင်းဆိုခြင်းဖြစ်သည်။
- (အရက်၊ မူးယစ်ဆေးဝါး) စွဲလမ်းမှုတစ်ခုရှိပြီး ယခု ပြတ်၍ ပြန်လည်ကောင်းမွန်လာသော နေထိုင်သူသည် ၎င်းတို့၏စွဲလန်းမှုကြောင့် ရာဇဝတ်မှတ်တမ်းတစ်ခုရှိသည့်တိုင် လျှောက်ထားမှုလမ်းညွှန်ချက်များကို ဆီလျော်အောင်လုပ်ဆောင်ချက်တစ်ခုအား ထည့်သွင်းစဉ်းစားပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းတစ်ခု တောင်းဆိုခြင်း**

တရားမျှတသည့် အိမ်ရာဥပဒေအရ ပိုင်ရှင်တစ်ဦးသည် ငှားရမ်းသူတစ်ဦးအား သီးသန့်ဖောင်ပုံစံတစ်ခု အသုံးပြုရန် သို့မဟုတ် တောင်းဆိုချက်ကို စာဖြင့်ရေးသားပြုလုပ်ရန်ပင် မလိုအပ်စေနိုင်ပါ။ သို့ပါသော်လည်း မှတ်တမ်းသွင်းရန် ရည်ရွယ်ချက်များအတွက် တောင်းဆိုချက်အားလုံးကို စာဖြင့်ရေးသားပြုလုပ်ရန် Vermont အိမ်ငှားများက အထူးတိုက်တွန်းအကြံပြုပါသည်။ ငှားရမ်းသူများသည် CVOEO ၏ တရားမျှတသော အိမ်ရာစီမံကိန်း (CVOEO's Fair Housing Project) သို့မဟုတ် ဤစာအုပ်၏ကျောဖက်တွင် စာရင်းပြုစုထားသော အခြားရင်းမြစ်များကို ဆက်သွယ်ခြင်းဖြင့် တောင်းဆိုချက်များနှင့် ပတ်သက်သည့်အထောက်အကူ ရရှိနိုင်ပါသည်။ စာများအတွက် နမူနာဖောင်ပုံစံများ လည်း ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင် ရှိပါသည်။

### ပိုင်ရှင်များအတွက် အကြံပြုချက်များ

- တောင်းဆိုချက်များအားလုံးကို အချိန်မီပုံစံဖြင့် တုံ့ပြန်ပါ။
- သင် မေးမြန်းခြင်း **မပြုနိုင်သည့်** မေးခွန်းများမှာ -
  - နေထိုင်သူထံတွင် မည်သို့သော မသန်စွမ်းမှုအမျိုးအစားရှိသလဲ။
  - ဆေးဘက်ဆိုင်ရာ ရာဇဝင်ကို ဖွင့်ဟဖော်ထုတ်ရန် လိုအပ်စေနိုင်သည့် မေးခွန်းများ။
  - လူပုဂ္ဂိုလ်သည် အမှီအခိုမရှိဘဲ နေထိုင်နိုင်ခြင်း ရှိမရှိ။
- သင်မေးနိုင်သည့် မေးခွန်းများမှာ -
  - နေထိုင်သူထံတွင် မသန်စွမ်းမှုရှိကြောင်း အတည်ပြုချက်၊ သို့သော် မသန်စွမ်းမှုက သိသိသာသာမဟုတ်မှသာ။
  - နေထိုင်သူမှ တောင်းဆိုနေသည့် မွမ်းမံပြင်ဆင်မှု သို့မဟုတ် နေရာထိုင်ခင်း။
  - မသန်စွမ်းမှုနှင့် သီးခြား မွမ်းမံပြင်ဆင်မှု သို့မဟုတ် နေရာထိုင်ခင်းကြား ချိတ်ဆက်သည့်အရာ။
- ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု/ နေရာထိုင်ခင်း တောင်းဆိုချက်ကို ကိုင်တွယ်ရန် သင့်အနေဖြင့် ဖောင်ပုံစံနှင့် လုပ်ငန်းစဉ်တစ်ခု ဖန်တီးနိုင်ပါသော်လည်း နေထိုင်သူအနေဖြင့် တောင်းဆိုချက်တစ်ခုပြုလုပ်ရန် အဆိုပါဖောင်ပုံစံကို အသုံးပြုရန် မလိုအပ်စေနိုင်ပါ။

### ငှားရမ်းသူများအတွက် အကြံပြုချက်များ

- သင်၏ဆရာဝန် သို့မဟုတ် အရည်အချင်းပြည့်မီသည့် ကျွမ်းကျင်သူထံမှ သင်သည် မသန်စွမ်းမှုတစ်ခုရှိသူတစ်ဦးဖြစ်ပြီး ယင်းမသန်စွမ်းမှုကြောင့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုလိုအပ်ကြောင်း မှတ်ချက်တစ်ခုရယူပါ။
- သင်၏တောင်းဆိုချက်အတွင်း "ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်း" သို့မဟုတ် "ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု" ဆိုသည့် အခေါ်အဝေါ်များ အသုံးပြုပါ။
- အကယ်၍ ပိုင်ရှင်က သင်၏တောင်းဆိုချက်အတိုင်း လိုက်နာရန်ငြင်းဆန်ပါက သင့်အနေဖြင့် အထောက်အကူရရှိရန် ဤလမ်းညွှန်စာအုပ်၏ ကျောဖက်တွင် စာရင်းပြုစုထားသော တရားမျှတသော အိမ်ရာစီမံကိန်း သို့မဟုတ် အခြားရင်းမြစ်များ သို့ ဆက်သွယ်နိုင်ပါသည်။

# ကြော်ငြာခြင်းနှင့် တရားမျှတသော အိမ်ရာဥပဒေ

## VERMONT ဥပဒေအရ ဖော်ပြချက်မှာ -

*"လူမျိုး၊ လိင်၊ လိင်စိတ် တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူမှု၊ အသက်အရွယ်၊ အိမ်ထောင်ရေး အခြေအနေ၊ ဘာသာရေးယုံကြည်ချက်၊ အသားအရောင်၊ ဇာတိနိုင်ငံ သို့မဟုတ် လူတစ်ဦး၏ မသန်စွမ်းမှုပေါ် အခြေပြု၍ ခွဲခြားဆက်ဆံမှု၊ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးသည် နေစရာတစ်ခု၌ အရွယ်မရောက်သေးသည့် ကလေးငယ် တစ်ဦး သို့မဟုတ် ပို၍နှင့် နေထိုင်ရန် ရည်ရွယ်မှုကြောင့် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးသည် အစိုးရ အထောက်အကူကို လက်ခံသူတစ်ဦးဖြစ်ခြင်းကြောင့် သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦးသည် အလွဲသုံးစားခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း သို့မဟုတ် နောက်ယောင်ခံလိုက်ခြင်း ခံရသူတစ်ဦးဖြစ်ခြင်း တို့အပေါ်အခြေခံ၍ ဦးစားပေးမှု၊ ကန့်သတ်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှုတစ်ခုခုရှိကြောင်း ညွှန်းဆိုထားသည့် နေစရာတစ်ခု သို့မဟုတ် အခြား အိမ်ခြံမြေတစ်ခုအား ရောင်းချ သို့မဟုတ် ငှားရမ်းမှုနှင့် စပ်လျဉ်းသည့် အသိပေးစာ၊ ဖော်ပြ ကြေညာချက် သို့မဟုတ် ကြော်ငြာကို ပြုလုပ်၊ ပရင့်ထုတ် သို့မဟုတ် ထုတ် ဝေခြင်း သို့မဟုတ် ပြုလုပ်စေခြင်း၊ ပရင့်ထုတ်စေခြင်း၊ သို့မဟုတ် ထုတ် ဝေစေခြင်းသည် မည်သူမဆိုအတွက် ဥပဒေမဲ့ဖြစ်ပါသည်။"*

9 V.S.A. အခန်း 139 §4503

- ကြော်ငြာများ ထည့်သွင်းချိန် သို့မဟုတ် လျှောက်ထားသူတစ်ဦး အား ငြင်းဆိုချိန်တွင် အိမ်ရှင်တစ်ဦးအနေဖြင့် ခွဲခြားဆက်ဆံ သည့် စကားလုံးများ သို့မဟုတ် ဖော်ပြချက်များ အသုံးမပြုနိုင်ပါ။
- ခွဲခြားဆက်ဆံသည့် စကားလုံးများအတွက် ဥပမာများမှာ -
  ခရစ်ယာန်နေအိမ်
  အရွယ်ရောက်ရင့်ကျက်သူများ
  ချို့ယွင်းမှုရှိသူ ဝင်ထွက်ခြင်း မပြုနိုင်
  တစ်ကိုယ်ရေသမားအတွက် အကောင်းဆုံး
  တိရစ္ဆာန်မွေးခွင့်မပြု၊ ခြွင်းချက်များ မရှိပါ
  အပိုင်း 8 ကို ခွင့်မပြုပါ

## ခွင့်ပြုနိုင်သည့် အိမ်ငှားစိစစ်မှု စံချိန်စံညွှန်း -

- ငှားရမ်းခ အချိန်မီပေးချေနိုင်စွမ်းကို ဖော်ထုတ်ပြသပါ။
- အိမ်ရှင် နှင့်/သို့မဟုတ် ပုဂ္ဂလိက ရည်ညွှန်းချက်များ။
- အနိမ့်ဆုံး အကြွေးရမှတ် လိုအပ်ချက်များအပါအဝင် အကြွေး စစ်ဆေးမှုများ။
- ရာဇဝတ်မှု သမိုင်းကြောင်း။
- လျှောက်ထားသူတစ်ဦးအနေဖြင့် အဖျက်သဘောဆောင်သော မည်သည့်အခြေအနေရပ်ကိုမဆို ရှင်းပြရန် အခွင့်အလမ်းတစ်ခု တောင်းဆိုနိုင်ပါသည်။
- လျှောက်ထားသူတစ်ဦးမှ ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းတစ်ခု တောင်းဆိုမှုသည် မငှားဖို့ငြင်းဆန်ရန် အတွက် အခြေခံအကြောင်း မဖြစ်နိုင်ပါ။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ယူနစ်အကြောင်း ဖော်ပြပါ၊ သင်ရှာဖွေနေသည့် နေထိုင်သူအမျိုး အစားကို မဖော်ပြပါနှင့်။
- ဆိုးရွားသည့် အကြွေးရာဇဝင်ကဲ့သို့သော အခြားတရားဝင် အကြောင်းရင်းမရှိသရွေ့ သို့မဟုတ် ယူနစ်ကို ငှားရမ်းပြီးမဖြစ်သရွေ့ ကာကွယ်ပေးထားသည် လူတန်းစားတစ်ရပ်တွင်း ပါဝင်သူတစ်ဦးဦး ကို ယူနစ်အား မငှားရန် သင် မငြင်းဆန်နိုင်ကြောင်း သတိရပါ။
- သင့်ကိုယ်စား အခြားသူများမှ တင်ပေးနေသည့် ကြော်ငြာအားလုံး ကို စိစစ်သုံးသပ်ပါ - လက်ရှိနေထိုင်သူသည် ထပ်ဆင့်အငှားချထားရန် သို့မဟုတ် အခန်းဖော်တစ်ဦးရရှိရန် ကြော်ငြာနေပါက ခွဲခြားဆက်ဆံ သည့် ဖော်ပြချက်များအသုံးပြုခြင်းအတွက် ပိုင်ရှင်အား တာဝန်ခံခိုင်း နိုင်ပါသည်။

## ၎င်းတို့အနေဖြင့် ခွဲခြားဆက်ဆံမှု တွေ့ကြုံနေရသည်ဟု ထင်ကြသည့် ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ခြားနားချက် **ခွဲခြားဆက်ဆံမှု** နှင့် **တရားမဝင်သည့် ခွဲခြားဆက်ဆံမှု**

  - သင့်ထံတွင် တက်တူးများ သို့မဟုတ် ကိုယ်ခန္ဓာအပေါက်များရှိမှု သို့မဟုတ် ရာဇဝတ်မှု ရာဇဝင်တစ်ခုရှိမှုကြောင့် သင့်အားမငှား ရန် ငြင်းဆန်ခြင်းသည် ခွဲခြားဆက်ဆံမှု ဖြစ်နိုင်သော်လည်း ၎င်း တို့မှ ဘာတစ်ခုကိုမျှ "အကာအကွယ်ပေးထားသည့် လူတန်းစား" တစ်ရပ်ဟု မသတ်မှတ်ထားသည့်အတွက် ၎င်းအား တရားမဝင် သည့် ခွဲခြားဆက်ဆံမှုဟု မသတ်မှတ်ပါ။

  - သင်သည် မသန်စွမ်းမှုရှိနေသည့်တိုင် သင့်ထံတွင် ဆိုးရွား သည့်အကြွေး သို့မဟုတ် မကောင်းသည့် ရည်ညွှန်းချက်များရှိ သည့်အတွက် သင့်အားမငှားရန် ငြင်းဆန်ခြင်းကို တရားမဝင် သည့် ခွဲခြားဆက်ဆံမှုဟု မသတ်မှတ်ပါ။

  - အပြုအမူသည် သင်၏မသန်စွမ်းမှုကြောင့် သို့မဟုတ် အကာအကွယ်ပေးထားသည့် လူတန်းစားတစ်ရပ်တွင် ပါဝင်သူဖြစ် ခြင်းနှင့် ဆက်စပ်မှုကြောင့် မဟုတ်သရွေ့ သင်၏အပြုအမူကြောင့် ကွဲပြားသည့် စည်းမျဉ်းများ သို့မဟုတ် မူဝါဒများ သတ်မှတ်ခြင်း ကို ခွဲခြားဆက်ဆံမှုရှိသည်ဟု မသတ်မှတ်ပါ။

# တရားမဝင် လက်တုံ့ပြန်မှု

## VERMONT ဥပဒေအရ ဖော်ပြချက်မှာ -

ကျိုးကြောင်းဆီလျော်သည့် မွမ်းမံပြင်ဆင်မှု သို့မဟုတ် နေရာထိုင်ခင်းတစ်ခု တောင်းဆိုခဲ့သည့် သို့မဟုတ် တရားမျှတသော အိမ်ရာဥပဒေအရ ၎င်းတို့၏အခွင့်အရေးများကို ချိုးဖောက်မှုများနှင့် ပတ်သက်၍ တိုင်ကြားခဲ့သည့် ငှားရမ်းသူတစ်ဦးအား ဆန့်ကျင်လက်တုံ့ပြန်ရန်မှာ ပိုင်ရှင်တစ်ဦးအတွက် တရားမဝင်ဖြစ်သည်။

ထို့အပြင် လူနေစရာယူနစ်တစ်ခု၏ ပိုင်ရှင်တစ်ဦးသည် ငှားရမ်းမှုသဘောတူညီချက်တစ်ခုပါ စည်းမျဉ်းစည်းကမ်းများကို အတည်ပြုခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ငှားရမ်းခတိုးမြှင့်ခြင်းဖြင့် သို့မဟုတ် အောက်ပါတို့ပြုလုပ်သည့် ငှားရမ်းသူအား ဆန့်ကျင်၍ အရေးယူမှုတစ်ခု ယူဆောင်ခြင်း သို့မဟုတ် ယူဆောင်မည်ဟု ခြိမ်းခြောက်ခြင်းဖြင့် လက်တုံ့ပြန်မှု မပြုနိုင်ပါ -

- ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပေါ် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ထိခိုက်စေသည့် ပရဝုဏ်များနှင့် သက်ဆိုင်သော ချိုးဖောက်မှုတစ်ခုအတွက် အဆောက်အဦ၊ အိမ်ရာသို့မဟုတ် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ စိုးမိုးစေရန် တာဝန်ချမှတ်ပေးထားသည့် အစိုးရအေဂျင်စီတစ်ခုထံ တိုင်ကြားခဲ့ခြင်း၊
- အိမ်ရှင်အား Vermont ပြည်နယ်၏ လူနေအိမ်ငှားရမ်းမှု သဘောတူညီချက်များဆိုင်ရာဥပဒေ သို့မဟုတ် တရားမျှတသော အိမ်ရာဥပဒေကို ချိုးဖောက်မှုဖြင့် တိုင်ကြားခဲ့ခြင်း၊ သို့မဟုတ်
- အိမ်ငှား သမဂ္ဂ သို့မဟုတ် အလားတူအဖွဲ့အစည်းတစ်ခုကို စီစဉ်ဖွဲ့စည်းခြင်း သို့မဟုတ် ၎င်း၏အဖွဲ့ဝင်တစ်ဦး ဖြစ်လာခြင်း။

အကယ်၍ အိမ်ရှင်တစ်ဦးသည် ဤအပိုင်းအား ချိုးဖောက်၍ လုပ်ဆောင်ပါက အိမ်ငှားသည် ပျက်စီးမှုများနှင့် ကျိုးကြောင်းဆီလျော်သော ရှေ့နေအခကြေးများကို ပြန်လည်ကာမိရရှိစေရန်နှင့် ပိုင်ဆိုင်မှုအတွက် တုံ့ပြန်အရေးယူမှုများတွင် ခုခံပေးမှုတစ်ခုရှိရန် အရည်အချင်းပြည့်မီပါသည်။

ပရဝုဏ်များသည် သက်ဆိုင်ရာ ကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံခြုံရေး စည်းမျဉ်းများအတိုင်း မလိုက်နာကြောင်း၊ မြူနီစပါယ် သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့အစည်းတစ်ခုခုမှ အသိပေးပြီး ရက်ပေါင်း 90 အတွင်း ငှားရမ်းခမပေးချေခြင်းအတွက် မဟုတ်သည့် အခြေခံအကြောင်းတစ်ခုခုပေါ်မှနေ၍ အိမ်ငှားမှုကို အဆုံးသတ်ကြောင်း အသိပေးစာကို အိမ်ရှင်တစ်ဦးမှပေးအပ်ပါက အိမ်ရှင်မှပေးအပ်သည့် အဆုံးသတ်မှုတစ်ခုခုသည် မလိုက်နာမှုအကြောင်းကို အိမ်ငှားမှ အစီရင်ခံခြင်းအတွက် လက်တုံ့ပြန်မှုဖြစ်ကြောင်း ယူဆချက်တစ်ခု ဖြစ်ပေါ်လာပါသည်။ (နှင်ထုတ်မှုသည် လက်တုံ့ပြန်မှုဖြစ်ကြောင်း တရားရုံးက ယူဆမည်ဖြစ်သော်လည်း ပိုင်ရှင်သည် ၎င်းအား အခြားတရားဝင် အကြောင်းပြချက်များဖြင့် သက်သေထူရန် ကြိုးပမ်းနိုင်ပါသည်။)

9 V.S.A. အခန်း 137 §4465

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ငှားရမ်းသူက ငှားရမ်းသည့်နေရာ၏ အခြေအနေနှင့် ပတ်သက်၍ စောဒကတက်မှုတစ်ခု ပြုလုပ်ပါက ယူနစ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ပြုပြင်မှုများ ပြုလုပ်ပါ။ သင်၏ နေထိုင်သူထံမှ စောဒကများကို လျစ်လျူမရှုပါနှင့်။
- အိမ်ငှားက သင့်ထံ စောဒကတစ်ခု တက်ပြီးပြီးချင်း သင်၏ငှားရမ်းသူအား အဆုံးသတ်သည့် အသိပေးစာတစ်စောင် မပေးပါနှင့်။ အကယ်၍ အိမ်ငှားသည် တရားဝင်အားဖြင့် ငှားရမ်းခကို မပေးဘဲထားပါက တရားရေးရာ အကြံဉာဏ် ရှာယူပါ။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- အားလုံးသော လက်တုံ့ပြန်မှုပုံစံများကို တရားမဝင်ဟု မသတ်မှတ်ပါ။
- Vermont ပြည်နယ်ဥပဒေအရ ပိုင်ရှင်များအနေဖြင့် တန်းတူညီမျှသောအိမ်ရာအတွက် တူညီသောငှားရမ်းခများ သတ်မှတ်ရန် မလိုအပ်ပါ (ရွေ့လျားအိမ် ရပ်နားစခန်းများ (Mobile Home Parks) မှလွဲ၍)။
- "အိမ်ရှင်" ဆိုသည်မှာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ခံရသည့် အလုပ်အကိုင်တစ်ခု မဟုတ်ပါ၊ ၎င်းတို့သည် လျှို့ဝှက်သိုသိပ်မှု သို့မဟုတ် ကျင့်ဝတ်ဥပဒေများဖြင့် နှောင်တွယ်မနေပါ။
- အကယ်၍ သင့်အားဆန့်ကျင်၍ တရားမဝင် လက်တုံ့ပြန်ခံနေရသည်ဟု စိုးရိမ်ပူပန်ပါက အခြေအနေကို ရှင်းရှင်းလင်းလင်းဖြစ်အောင်လုပ်ရန်နှင့် အကူအညီရယူရန် Vermont အိမ်ငှားများ ကို ဆက်သွယ်ပါ။

# ကိုယ်ရေးလုံခြုံခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် ဝင်ရောက်ခွင့်

## အောက်ပါတို့သည် ပိုင်ရှင်တစ်ဦး အနေဖြင့် ငှားရမ်းသူ၏ အခွင့်အရေးနှင့် ကိုယ်ရေးလုံခြုံမှုကို လေးစားမှုလျက် ယူနစ်တွင်းသို့ ဝင်ရောက်ခွင့်ရယူနိုင်ပုံ ဖြစ်သည် -

### ဘယ်လို

- ကျိုးကြောင်းဆီလျော်မှုမရှိစွာ ချုပ်တည်းခြင်း မပြုသင့်သော ငှားရမ်းသူ၏ သဘောတူခွင့်ပြုချက်ဖြင့်။
- နံနက် 9 နာရီ နှင့် ည 9 နာရီကြား အချိန်နာရီများအတွင်း ဝင်ရောက်ရန်အတွက် အနည်းဆုံး 48 နာရီအသိပေးချက်တစ်ခုကို ငှားရမ်းသူထံ ပေးပြီးနောက်။
- အရေးပေါ် အခြေအနေတစ်ရပ်အတွင်း။

### ဘာကြောင့်

- ပရဝုဏ်များကို ကြည့်ရှုစစ်ဆေးရန်။
- ပြောင်းလဲမှု သို့မဟုတ် ပြုပြင်မှုများ ပြုလုပ်ရန်။
- သဘောတူထားသည့် ဝန်ဆောင်မှုများ ပေးအပ်ရန်။
- အလားအလာရှိသည့် ငှားရမ်းသူများ သို့မဟုတ် ဝယ်ယူသူများအား ယူနစ်ကို ပြသရန်။
- အရေးပေါ် အခြေအနေတစ်ရပ်အတွင်း ပျက်စီးမှုတစ်ခုခုမှ ကာကွယ်ရန်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ဥပဒေကိုမလိုက်နာဘဲ ငှားရမ်းသူ၏ ယူနစ်တစ်ခုတွင်းသို့ ဝင်ရောက်ခြင်းသည် "ဥပဒေနှင့်မညီသည့် ကျူးကျော်ဝင်ရောက်မှု"၊ ရာဇဝတ်မှု ကျူးလွန်မှုတစ်ခုဖြစ်သည်။
- ဝင်ရောက်ရန်အတွက် ငှားရမ်းသူထံသို့ အသိပေးချက်သည် စာဖြင့် ဖြစ်ဖို့မလိုပါ (စာဖြင့်ပြုလုပ်ရန် တိုက်တွန်းအကြံပြုပါသော်လည်း လုပ်ရန်မလိုပါ)။ ဖုန်းတစ်ခါခေါ်ဆိုမှု၊ စာသားမက်ဆေ့ချ် သို့မဟုတ် တံခါးဝတွင် မှတ်စုတစ်ခုထားခြင်းက လုံလောက်ပါသည်။
- အကယ်၍ သင်က သင့်လျော်သည့်အသိပေးချက် ပေးပါက ငှားရမ်းသူ အိမ်၌မရှိသည့်တိုင် ယူနစ်တွင်းသို့ သင် ဝင်ရောက်နိုင်ပါသည်။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ငှားရမ်းသူများသည် အိမ်ရှင်တစ်ဦးအား "ကျိုးကြောင်းမလျော်ညီစွာ"ဖြင့် ဝင်ရောက်ရန်ခွင့်ပြုချက် မပေးဘဲတားမြစ်မထားနိုင်ပါ။
- အကယ်၍ ပိုင်ရှင်သည် အသိပေးခြင်းမပြုဘဲ သင်၏ယူနစ်တွင်းသို့ ဝင်ရောက်ပါက ၎င်းတို့အား ဥပဒေအရ အသိပေးခြင်းဖြင့် စတင်ပါ။ ဤရည်ရွယ်ချက်အတွက် ဖောင်ပုံစံစာတစ်စောင် ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်းရှိပါသည်။
- အကယ်၍ ပိုင်ရှင်က ဆက်လက်ဝင်ရောက်ပါက သင်သည် ရဲခေါ်နိုင်ပါသည်။
- အဆုံးစွန် အခြေအနေရပ်များတွင် ပိုင်ရှင်အားဆန့်ကျင်၍ ကျူးကျော်ဝင်ရောက်မှု အသိပေးစာတစ်စောင် ထုတ်ပြန်နိုင်ခြေရှိပါသည်။ ဤသည်ကို ကြိုးပမ်းလုပ်ဆောင်မှုမပြုမီ Vermont အိမ်ငှားများ ကို အကူအညီအတွက် ခေါ်ဆိုပါ။



# ငှားရမ်းခ တိုးမြှင့်မှုများ

အငှားခတိုးမြှင့်မှုတစ်ခုသည် ငှားရမ်းသူထံသို့ စာဖြင့် အသိပေးသည်မှ ရက်ပေါင်း 60 ထက် မနည်းကြာပြီးနောက် ငှားရမ်းကာလ၏ ပထမရက်တွင် သက်ရောက်သင့်ပါသည်။

ဥပမာ -

- ငှားရမ်းသူတစ်ဦးက ၎င်းတို့၏အငှားခကို လတစ်လစီ၏ ပထမရက်တွင် ပေးချေပါသည်။ ပထမရက်မှ နောက်လပထမရက်သည့် ငှားရမ်းကာလ ဖြစ်ပါသည်။
- ပိုင်ရှင်က ဇွန်လ 10 ရက်နေ့တွင် အငှားခတိုးမြှင့်မှုအတွက် စာဖြင့် အသိပေးချက်ကို ငှားရမ်းသူအား ပေးပါသည်။ "ငှားရမ်းကာလ အပြည့်" နှစ်ခုထက် မလျော့ဘဲ ဆိုသည်မှာ တိုးမြှင့်မှုများက စက်တင်ဘာလ 1 ရက်နေ့၌ သက်ရောက်သွားမည်ဟု ဆိုလိုပါသည်။

- အကယ်၍ ငှားရမ်းသူက အပတ်စဉ် သို့မဟုတ် တစ်လလျှင်နှစ်ကြိမ် ပေးချေပါက အသိပေးချက်သည် ရက်ပေါင်း 60 ထက် မလျော့နည်းနိုင်ပါ။
- Burlington မြို့ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များအရ ရက်ပေါင်း 90 အသိပေးကာလတစ်ခု လိုအပ်ပါသည်။
- အငှားစာချုပ်အတွင်း ကန့်သတ်ချက်တစ်ခုကို မသတ်မှတ်ထားသရွေ့ တိုးမြှင့်မှုတစ်ခုသည် မည်မျှဖြစ်နိုင်ကြောင်း ကန့်သတ်ချက်မရှိပါ။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အစဉ်အားဖြင့် အငှားချထားချိန်ကာလတစ်ခုအတွင်း ငှားရမ်းခတိုးမြှင့်မှု မဖြစ်ပေါ်နိုင်သည့်အတွက် သင့်အနေဖြင့် ကြိုတင်စီမံကိန်းဆွဲထားရန် လိုအပ်နိုင်ပါသည်။
- ငှားရမ်းသူသည် ငှားရမ်းခ တိုးမြှင့်ခြင်းကို သဘောတူခွင့်ပြုရန် မလိုပါ။ တိုးမြှင့်မှုအတွက် သင့်လျော်သည့် စာဖြင့်အသိပေးချက်ကို သင်ပေးအပ်သရွေ့ ၎င်းက ထိရောက်ပါသည်။
- အငှားစာချုပ်ကို ငါးရမ်းသက်တမ်းတိုးမှုများနှင့် ငှားရမ်းခတိုးမြှင့်မှုများအတွက် ငှားရမ်းသူများ လက်မှတ်ထိုးသည့် အငှားစာချုပ်နောက်ဆက်တွဲတစ်ခုလုပ်ရန် တိုက်တွန်းအကြံပြုပါသည်၊ သို့မှသာ လူတိုင်းအနေဖြင့် လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ရှိပါသည်။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- အကယ်၍ ပိုင်ရှင်က သင့်အား အသိပေးချက်ကို စာဖြင့်မပေးအပ်ပါက သို့မဟုတ် အသိပေးကာလ လုံလုံလောက်လောက် မပေးပါက စာဖြင့်တုံ့ပြန်ဖြေကြားပါ။ ဤရည်ရွယ်ချက်အတွက် ဖောင်ပုံစံစာ တစ်စောင် ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်းရှိပါသည်။
- ငှားရမ်းသူအနေဖြင့် တိုးမြှင့်မှုကို ပေးချေမည့်အစား ရွှေ့ပြောင်းထွက်ခွာရန် ၎င်းတို့ရည်ရွယ်ကြောင်း အလုံအလောက်အသိပေးချက်ပေးအပ်ရန် အသိပေးကာလအရှည်ကို ဒီဇိုင်းထုတ်သတ်မှတ်ထားပါသည်။

# အပိုင်း 4 – အိမ်ရာဆိုင်ရာ ကျင့်ဝတ်ဥပဒေများ

## နေထိုင်နိုင်မှုရှိကြောင်း အာမခံ

ဘေးကင်းသည့်အိမ်ရာ ရပိုင်ခွင့်ကို နေထိုင်နိုင်ကြောင်း အာမခံ (Warranty of Habitability) ဟုခေါ်သည့် Vermont ဥပဒေမှ အပိုင်းတစ်ခုအတွင်း ခိုင်ခိုင်မာမာ အခြေပြုထားပါသည်။ အာမခံအရ ပိုင်ရှင်အနေဖြင့် ဘေးကင်း၊ သန့်ရှင်းပြီး လူနေထိုင်ရန် ပြည့်မီသော ပရဝုဏ်များ ပေးအပ်ရန်နှင့် ထိန်းသိမ်းထားရန်နှင့် သက်ရောက်ဆဲ အိမ်ရာကျင့်ဝတ်ဥပဒေများအတိုင်း လိုက်နာရန် လိုအပ်စေပါသည်။ အငှားယူနစ်တစ်ခုအတွင်း ကျန်းမာရေး သို့မဟုတ် ဘေးကင်းရေးကို ထိခိုက်စေသော မည်သည့်ပြဿနာရပ်မဆိုသည် ယေဘုယျအားဖြင့် ဤအာမခံအား ချိုးဖောက်မှုဖြစ်ပါသည်။

> ### သက်ရောက်သည့် ကျင့်ဝတ်ဥပဒေများ -
>
> - ငှားရမ်းသည့်အိမ်ရာ ကျန်းမာရေးနှင့်ညီရေး ဆိုင်ရာ ကျင့်ဝတ်ဥပဒေ
> - Vermont မီးဘေးအန္တရာယ် ကင်းရှင်းရေး ကျင့်ဝတ်ဥပဒေ
> - ရေဆိုး/ရေပေးဝေရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
> - ဒေသန္တရ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များ

နေထိုင်နိုင်ကြောင်း အာမခံကို ပိုင်ရှင်တစ်ဦးနှင့် ငှားရမ်းသူတို့ကြား နှုတ်ဖြင့်ဖြစ်စေ စာဖြင့်ရေးသား၍ဖြစ်စေ ငှားရမ်းမှု သဘောတူညီချက်တွင်း ရည်ညွှန်းထားပြီး အဆိုပါအာမခံအရ အကာအကွယ်ပေးထားသော ငှားရမ်းသူအား စာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ သဘောတူညီချက်ဖြင့် ငြင်းဆန်ခြင်းမပြုနိုင်ပါ။ နေအိမ်ခန်းသို့ ပြောင်းရွှေ့ဝင်ရောက်ချိန်တွင် ရှိနေပြီးသား ချို့ယွင်းချက်တစ်ခုကို ငှားရမ်းသူမှ သတိပြုမိသည်ဖြစ်စေ မပြုမိသည်ဖြစ်စေ ပြဿနာကို ပြင်ပေးရန်မှာ ပိုင်ရှင်၏တာဝန်ဖြစ်ပါသည်။

ရိုးရိုးရှင်းရှင်းဆိုရလျှင် ပြုပြင်မှုများကို ငှားရမ်းသူထံ တာဝန်ချထားရန် စာဖြင့်အငှားစာချုပ်  အသုံးမပြုနိုင်သည့်အပြင် လူနေအိမ်ငှားရမ်းမှုအားလုံးသည် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကျင့်ဝတ်ဥပဒေများအတိုင်း လိုက်နာရမည်ဟု ဆိုလိုပါသည်။

## အထွေထွေ တာဝန်ဝတ္တရားများ

### ပိုင်ရှင်များ



မည်သည့်ပိုင်ရှင်မဆိုအနေဖြင့် ဤကျင့်ဝတ်ဥပဒေဆိုင်ရာ လိုအပ်ချက်များအတိုင်း မလိုက်နာသည့် နေစရာ၊ နေစရာယူနစ်၊ အခန်းဖွဲ့အိမ်၊ အခန်းဖွဲ့ယူနစ် သို့မဟုတ် မိုဘိုင်းအိမ်နေရာတစ်ခုခုတွင် နေထိုင်ရန်အတွက် အခြားသူတစ်ဦးအား မငှားရမ်းသင့်ပါ။ ပရဝုဏ်အားလုံးကို ဤကျင့်ဝတ်ဥပဒေအတိုင်း လိုက်နာအောင် ထိန်းသိမ်းထားရန်မှာ ပိုင်ရှင်၏တာဝန်ဝတ္တရားဖြစ်ပါသည်။

Vermont အထက်တရားရုံးက လိုက်နာမှုမရှိသော အိမ်ခြံမြေတစ်ခုကို သိလျက်နှင့်ငှားရမ်းသည့် အိမ်ပိုင်ရှင်များသည် သုံးစွဲသူ အကာအကွယ်ပေးရေး ပြဋ္ဌာန်းဥပဒေ (Consumer Protection statute) ဖြစ်သည့် (9 V.S.A., Chapter 63) ကို ချိုးဖောက်ကြောင်းေတွ့ရှိခဲ့ပါသည်။

### ငှားရမ်းသူများ

အိမ်ငှားသည် နေစရာယူနစ်အား အဆောက်အဦး၊ အိမ်ရာနှင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၏ သက်ရောက်ဆဲပြဋ္ဌာန်းချက်အတိုင်း လိုက်နာမှုမရှိအောင် ဖန်တီး သို့မဟုတ် ပါဝင်လုပ်ဆောင်မှု မပြုသင့်ပါ။ V.S.A. 9, 4456(a)

# လိုက်နာမှုရှိရန် လိုအပ်ချက်များ

## မီးဖိုခန်း အစီအမံများ -

- အစားအစာ သိုလှောင်၊ ပြင်ဆင်ပြီး တည်ခင်းရန် နေရာလွတ်။
- မီးဖိုးခန်း ရေဆေးကန်။
- စုပ်ယူမှုမရှိသည့် ကောင်တာများနှင့် ကြမ်းပြင်။

## ရေချိုးခန်း အစီအမံများ -

- အိမ်သာ။
- ရေဆေးကန်။
- ရေချိုးကန် သို့မဟုတ် ရေပန်း။
- စုပ်ယူမှုမရှိသည့် ကြမ်းပြင်။
- လေဝင်လေထွက်ပန်ကာ သို့မဟုတ် ပြတင်းပေါက်။

## ရေ ပေးဝေမှု/ရေဆိုး စွန့်ပစ်မှု -

- ရေပူနှင့် ရေအေး အလုံအလောက် ပေးဝေမှု။
- ရေအပူချိန် 100ºF နှင့် 120ºF ကြား။
- သောက်သုံးရန်အတွက် သန့်ရှင်းပြီး ဘေးအန္တရာယ်ကင်းသည့်ရေ။
- ကောင်းမွန်သင့်လျော်စွာ လုပ်ဆောင်သည့် မိလ္လာကန် သို့မဟုတ် မိလ္လာစနစ်။
- ကောင်းမွန်စွာ အလုပ်လုပ်သည့်အခြေအနေရှိသော ပိုက်သွယ်တန်းမှုများ။

## အစားအစာအမှိုက်၊ စွန့်ပစ်အမှိုက်နှင့် သန့်ရှင်းရေးအခြေအနေများ -

- အိမ်ရှင်မှ ပေးအပ်သည့် အမှိုက်၊ ပြန်လည်ပတ်အသုံးပြုနိုင်သော အရာနှင့် အစားအသောက်အကြွင်းအကျန်များအတွက် တာရှည်ခံ၊ သန့်ရှင်းနိုင်သော ထည့်စရာပုံးများ။ အမှိုက်နှင့် အစားအသောက်အကြွင်းအကျန် ထည့်စရာပုံးများသည် ရေလုံပြီး သေချာခွင်ကျသည့် အဖုံးများလည်း ရှိရပါမည်။
- အများသုံးဧရိယာများ သန့်ရှင်းရေးကို အိမ်ပိုင်ရှင်မှ လုပ်ပေးရမည်။
- အကယ်၍ အိမ်ငှားက အမှိုက်ဖယ်ရှားရေးအတွက် ငွေပေးချေပါက အမှိုက်ကို အပတ်စဉ် အမှန်တကယ်ဖယ်ရှားကြောင်း သေချာအောင် အိမ်ရှင်မှလုပ်ရမည်။
- အကယ်၍ အဆောက်အဦသည် Burlington တွင်ရှိပြီး ၎င်းတွင် ယူနစ်တစ်ခုထက်ပို၍ ရှိပါက အိမ်ရှင်အနေဖြင့် အမှိုက်ဖယ်ရှားမှုအတွက် ပေးချေရပါမည်။

## အပူပေးခြင်း -

- အပူပေးသည့် အစီအမံများသည် အလုပ်ကောင်းကောင်းလုပ်သည့် အခြေအနေတွင်ရှိပြီး လွန်ခဲ့သော 2 နှစ်အတွင်း စစ်ဆေးကြည့်ရှုထားရမည် (ယူနစ်တွင် လျှပ်စီးအားတိုင်းသည့် စာတမ်းရှိရမည်)။
- အပူပေးသည့် အစီအမံများသည် အိမ်ပြင်ဖက်သို့ ကောင်းမွန်သင့်လျော်စွာ လေထုတ်ပေးရမည်။
- အပူပေးသည့် အစီအမံများသည် အပူပေးစက်ရှိနေသည့် အခန်းအားအလွန်အကျွံ အပူပေးခြင်းမရှိဘဲ အခန်းအားလုံးကို 65ºF အထက် ထားပေးနိုင်စွမ်းရှိရမည်။
- အကယ်၍ အိမ်ရှင်က အပူပေးခြင်းအတွက် ငွေပေးချေပါက ပြင်ပအပူချိန် 55ºF အောက်ရှိသည့် နှစ်တစ်နှစ်၏ မည်သည့်အချိန်မဆိုတွင် အသုံးပြုနိုင်ရပါမည်။

## သဘာဝနှင့် စက်ဖြင့် လေဝင်လေထွက်ပြုလုပ်ခြင်း -

- လူနေထိုင်နိုင်သည့် အခန်းတိုင်းတွင် လေကောင်းလေသန့်ရရန် ဖွင့်နိုင်သည့် အလုပ်ကောင်းကောင်းလုပ်သော ပြတင်းပေါက် သို့မဟုတ် တံခါးပေါက်တစ်ခု အနည်းဆုံးရှိရမည်။
- ပြတင်းပေါက် စကာများ ပေးအပ်ထားပြီး ကောင်းကောင်းပြုပြင်ထားရမည်။
- အများသုံးဧရိယာများရှိ စင်္ကြံနှင့်လမ်းများနှင့် လှေကားများအားလုံးသည် လေဝင်လေထွက် လုံလောက်ရမည်။
- ရေချိုးခန်းပန်ကာ၊ လေဝင်လေထွက်ပေါက် သို့မဟုတ် ပြတင်းပေါက်တို့သည် အိမ်ပြင်ဖက်သို့ တိုက်ရိုက်လေထုတ်ပေးရမည်။
- အဝတ်အခြောက်ခံစက်များသည် အိမ်ပြင်ဖက်သို့ လေထုတ်ပေးရမည်။

## အလင်းနှင့် လျှပ်စစ်ဓာတ်အား -

- မီးဖိုခန်းမှလွဲ၍ လူနေထိုင်နိုင်သည့် အခန်းတိုင်းတွင် အလုပ်လုပ်သည့် ပလပ်ပေါက် အနည်းဆုံး နှစ်ခု သို့မဟုတ် ပလပ်ပေါက်တစ်ခုနှင့် မီးခလုတ်တစ်ခု ရှိရမည်။
- မီးဖိုခန်းတွင် အလုပ်လုပ်သည့် ပလပ်ပေါက် အနည်းဆုံးနှစ်ခုနှင့် မီးခလုတ် တစ်ခု ရှိရမည်။
- ရေရင်းမြစ်များအနီးတွင် GFCI အမျိုးအစား ပလပ်ပေါက်များ ရှိရမည်။
- အဆောက်အဦးအဝင်ပေါက်များနှင့် အများသုံးဧရိယာများတွင် မီးအလုံအလောက်ထွန်းထားရမည်။
- လျှပ်စစ်စနစ်အားလုံးကို ကောင်းကောင်းပြုပြင်ထားရမည်။
- လျှပ်စစ်ဆိုင်ရာ အလုပ်များကို လိုင်စင်ရ လျှပ်စစ်ပညာရှင်မှ ပြုလုပ်ရမည်။

# အင်းဆက်များနှင့် ကြွက်များ - မည်သူ့ တာဝန်ပါလဲ။

## ပိုင်ရှင်တွင် တာဝန်ရှိပါသည်

- အများသုံးနေရာများသည် တိရစ္ဆာန်များ (အင်းဆက်များအပါအဝင်) စွဲကပ်ခြင်း ကင်းဝေးရမည်။
- တိရစ္ဆာန်များ မဝင်နိုင်စေရန် အဆောက်အဦးများသည် တည်ဆောက်ပုံ ခိုင်မာရမည်။
- သူတို့၏ယူနစ်တစ်ခုထက်ပို၍တွင် ပိုးမွှားစွဲကပ်ခြင်း။

## ငှားရမ်းသူ၏ တာဝန်ဖြစ်သည်

- ယူနစ်တစ်ခုထဲတွင် ပိုးမွှားစွဲကပ်ခြင်း။
- မိသားစုတစ်ခုတည်းနေထိုင်ရာ နေအိမ်တွင်း ပိုးမွှားစွဲကပ်ခြင်း (ရွှေ့ပြောင်းဝင်ရောက်ချိန်တွင် ကြိုတင်ရှိနေပြီးသား မဟုတ်သရွေ့)။

*ပိုးမွှားသုတ်သင်ရှင်းလင်းသူက အခန်းယူနစ်သည် မူလအစနေရာဟု ဆုံးဖြတ်နိုင်ပါက အိမ်ငှားအား ငွေကြေးအရ တာဝန်ယူခိုင်းနိုင်ပါသည်။*

---

## ကြမ်းပိုးများနှင့် ပတ်သက်သည့် စကားတစ်ခွန်း

ကြမ်းပိုးများသည် လူ့သွေးကို စုပ်ယူစားသုံးသည့် အင်းဆက်ငယ်များ ဖြစ်ကြသည်။ လူများအိပ်ပျော်နေချိန် ညအခါတွင် ၎င်းတို့ တက်ကြွလှုပ်ရှားလေ့ရှိကြသည်။ ကြမ်းပိုးများက ကိုက်တတ်သည် - သို့သော် ရောဂါမဖြန့်ဖြူးပါ။ ကြမ်းပိုးများသည် စုပ်ယူချိန်အတွင်း တံတွေးအနည်းငယ်ကို ထိုးသွင်းကာ ၎င်းတို့၏အစာရှင်ကို မနာကျင်စေဘဲ စုပ်ယူစားသုံးပြီး ၎င်းက ခပ်ပျော့ပျော့မှ ဆိုးဆိုးရွားရွား ဓာတ်မတည့်သည့်တုံ့ပြန်မှု ဖြစ်စေနိုင်ပါသည်။ **၎င်းတို့သည် ရောဂါမသယ်ဆောင် သို့မဟုတ် မဖြန့်ဖြူးသည့်အတွက်** Vermont **ဥပဒေအရ ၎င်းတို့အား ငှားရမ်းမှုတားမြစ်ရန် အကြောင်းရင်းတစ်ခုအဖြစ် ခြိမ်းခြောက်ကာကွယ်ခြင်းမရှိပါ။**



DDT ကဲ့သို့သော ဘေးဖြစ်စေတတ်သည့် ပိုးသတ်ဆေးများကို တားမြစ်ပိတ်ပင်ပြီးကတည်းက ကြမ်းပိုးများသည် တိုး၍အဖြစ်များလာနေပါသည်။ ၎င်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းရေး မကောင်းခြင်း သို့မဟုတ် အိမ်ထောင်ထိန်းသိမ်းမှု မကောင်းခြင်းကြောင့် ထွက်ပေါ်လာခြင်းမဟုတ်ပါ။ ၎င်းတို့သည် မည်သူမဆိုထံတွင် မည်သည့်နေရာမဆို၌ ဖြစ်ပွားနိုင်ပါသည်။ သို့သော်လည်း ၎င်းတို့သည် အခြားပိုးမွှားများနှင့် အလားတူပင် အငှားအိမ်ရာ ကျန်းမာရေးနှင့်ညီညွတ်ရေးဆိုင်ရာ ကျင့်ဝတ်ဥပဒေအား ချိုးဖောက်မှုတစ်ခုဖြစ်သည်။ အငှားယူနစ်တွင်းသို့ ၎င်းတို့ကို စတင်သယ်ဆောင်မိခြင်း
မပြုရန် ငှားရမ်းသူများထံတွင် တရားဝင် တာဝန်ဝတ္တရားတစ်ခုရှိသည့်အပြင် သုတ်သင်ရှင်းလင်းရေးလုပ်ငန်းစဉ်တွင်း ပါဝင်ရန် တာဝန်ဝတ္တရားလည်း ရှိပါသည်။ ပိုးမွှားကပ်စွဲခြင်းကို သုတ်သင်ရှင်းလင်းမှုတစ်ခုတည်းဖြင့် ဖြေရှင်းပေးမည်မဟုတ်ပါ၊ ကြမ်းပိုးများကို နေစရာတစ်ခုမှ နှိမ်နင်းဖယ်ရှားရန် ငှားရမ်းသူထံမှ ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည့် အရေးယူလုပ်ဆောင်မှု မျိုးစုံရှိပါသည်။

## ကြမ်းပိုး သုတ်သင်ရှင်းလင်းမှု အတောအတွင်း ငှားရမ်းသူ၏ တာဝန်ဝတ္တရားများ

ပိုင်ရှင်မှ အလုပ်လုပ်ရန် စာချုပ်ကန်ထရိုက်ပေးထားသည့် သုတ်သင်ရှင်းလင်းရေး ကုမ္ပဏီမှ ညွှန်ကြားချက်အားလုံးကို လိုက်နာပါ။
၎င်းတွင် အောက်ပါတို့ကဲ့သို့သော အလုပ်တာဝန်များ ပါဝင်ပါမည် -

- နေထိုင်ရာဧရိယာကို သန့်ရှင်းပြီး စနစ်တကျထားပါ။
- ရှုပ်ထွေးမှု လျှော့ချပါ။
- အိပ်ရာခင်းနှင့် အဝတ်အစားများကို အိတ်ထဲထည့်ပြီး ဖယ်ရှားပါ။
- အစားသွတ်အရုပ်များ၊ ဖိနပ်များ၊ ကုတ်အင်္ကျီများ၊ လိုက်ကာများ၊ ကျောပိုးအိတ်များ၊ စသည်တို့အတွက် မိနစ် 30 ကြာ အပူပေးအခြောက်ခံစက် အသုံးပြုပါ။
- ကြမ်းပိုးများ မရှိတော့သည့်အထိ သန့်ရှင်းသောပစ္စည်းများကို သီးသန့်ခွဲထားပါ။
- မွေ့ရာနှင့် ခေါင်းအုံး အစွပ်များရယူရန် စဉ်းစားပါ။
- မွေ့ရာချုပ်ရိုးကြောင်းများကို ဘရပ်ရှ်တောင့်တောင့်ဖြင့် ပွတ်တိုက်ပါ။
- မွေ့ရာများ၊ ကုတင်ဘောင်များ၊ ပရိဘောဂများ၊ ကြမ်းပြင်များနှင့် ကော်ဇောများကို ဖုန်စုပ်စက်ဖြင့်စုပ်ပါ - အထူးသဖြင့် ကုတင်နှင့် ပရိဘောဂတိုင်များပတ်လည်။
- ဖုန်စုပ်စက်ဖြင့်စုပ်ပြီးပြီးချင်း ဖုန်စုပ်သန့်စင်စက်တွင်းရှိ အမှိုက်အိတ်ကို အလုံပိတ် ပလပ်စတစ်အိတ်တစ်လုံးတွင်း ထည့်ပါ။
- အလုံပိတ်အိတ်ကို အိမ်ပြင်ရှိပုံးအတွင်း စွန့်ပစ်ပါ။
- အခင်းများ၊ လိုက်ကာများ၊ ကြမ်းခင်းများ၊ ကော်ဇောများနှင့် အဝတ်အစားများကို သန့်ရှင်းပါ။
- အိပ်ရာခင်းများနှင့် အဝတ်အစားများကို အပူဆုံးဆက်တင်များထား၍ လျှော်ဖွတ်ပြီး အခြောက်ခံပါ။

**ပရိဘောဂနှင့် မွေ့ရာများကို လွှင့်ပစ်ဖို့ မလိုအပ်ပါ။ ၎င်းတို့အား သုတ်သင်ရှင်းလင်းရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူဆကိုင်တွယ်သင့်ပါသည်။**

# ကြမ်းပိုးများ ရရှိခြင်းနှင့် ပျံ့နှံ့ခြင်းကို ရှောင်ကြဉ်ရန်

- ခရီးသွားပြီးနောက် ခရီးဆောင်သေတ္တာများကို စစ်ဆေးကြည့်ရှုပါ။
- လျှော်ဖွတ်ထားသည့် အဝတ်အထည်များကို ဝတ်ဆင်ခြင်းမပြုမီ အပူဆုံးဆက်တင်ထား၍ လျှော်ဖွတ်ပါ။
- လမ်းပေါ်တွင် စွန့်ပစ်ထားသော ပစ္စည်းများကို မကောက်ယူပါနှင့်။
- အသုံးပြုပြီးသား ပရိဘောဂ သို့မဟုတ် အခြား ဝယ်ယူပစ္စည်းများကို ကြည့်ရှုစစ်ဆေးပါ။
- ပိုးမွှားစွဲကပ်နေသော ပစ္စည်းများကို စွန့်ပစ်ခြင်းမပြုမီ ပလပ်စတစ်ဖြင့် ပတ်ပါ။
- ပိုးမွှားစွဲကပ်သည့်ပစ္စည်းများကို ပြန်လည်အသုံးခြင်းမှ ကာကွယ်ရန် ဖျက်စီးပစ်ပါ။
- ပြန်လည်အသုံးပြုခြင်းမှ ကာကွယ်ရန် စွန့်ပစ်သည့်ပစ္စည်းများကို "ကြမ်းပိုးများ စွဲကပ်နေသည်"ဟု စာတမ်းကပ်ပါ။

## ငှားရမ်းသူများအတွက် အကောင်းဆုံးလုပ်ထုံးများ

- ပိုးမွှားစွဲကပ်မှုဖြစ်စေခြင်းအတွက် သင့်အား ငွေကြေးအရ တာဝန်ခံခိုင်းနိုင်ပါသည်။
- လမ်းဘေးတွင် ချန်ထားခဲ့သော အခမဲ့ ပရိဘောဂ သို့မဟုတ် အဝတ်အစားပစ္စည်းများကို မကောက်ယူပါနှင့်။
- သင်ခရီးသွားပါက ရောက်ရှိချိန်တွင် သင်၏ နေရာထိုင်ခင်းကို စစ်ဆေးပြီး မပြန်မီ သင်၏ ခရီးဆောင်သေတ္တာများကို ဂရုတစိုက် စစ်ဆေးပါ။
- အသုံးပြုပြီးသား ပစ္စည်းများကို ရောင်းချခြင်းမပြုမီ "ကြိုတင်ပြင်ဆင်မှု" လုပ်သည့် ကုန်သည်များထံမှသာ ဝယ်ယူပါ။
- ကြမ်းပိုးများ သို့မဟုတ် အခြားအင်းဆက်များနှင့် ကြွက်များအကြောင်းကို ပိုင်ရှင်ထံ ချက်ချင်းသတင်းပို့ပါ။
- ပိုင်ရှင်က ပြဿနာကို ကိုင်တွယ်ဖြေရှင်းမှုမရှိပါက သင်၏မြို့နယ် ကျန်းမာရေးအရာရှိ သို့မဟုတ် မြို့တော် ကျင့်ဝတ်ဥပဒေ စိုးမိုးရေးရုံးများသို့ ချက်ချင်းဆက်သွယ်ပါ။

## ပိုင်ရှင်များအတွက် အကောင်းဆုံးလုပ်ထုံးများ

ပိုင်ရှင်များအနေဖြင့် ကြမ်းပိုးများအပါအဝင် ပိုးမွှားစွဲကပ်မှုတစ်ခုခုရှိကြောင်း အသိပေးချိန်တွင် ချက်ချင်းတုံ့ပြန်ရန်နှင့် မှန်ကန်သည့် သုတ်သင်ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများ ပြုလုပ်ကြောင်း သေချာစေရန် တာဝန်ဝတ္တရားရှိပါသည်။

- ပိုးမွှားဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အစားအစာ ရင်းမြစ်များကို အပူပေးပြင်ဆင်ခြင်းနှင့် ဖယ်ရှားခြင်းကဲ့သို့သော ဓာတုပစ္စည်းနှင့် ဓာတ်တုပစ္စည်းမဟုတ်သည့် နည်းလမ်းများအပါအဝင် ပေါင်းစပ်ချဉ်းကပ်မှုတစ်ခု အသုံးပြုပါ၊
- အတည်ပြုထားသည့် စီးပွားဖြစ် ပရောဖက်ရှင်နယ် ပိုးသတ်ဆေးဖြန်းသူကိုငှါးရမ်း အသုံးပြုပါ။ သင့်ဖာသာ ဆေးဖြန်းခြင်းသည် ပြဿနာကို အခြားယူနစ်များသို့ ပျံ့နှံ့စေပါသည်။

# ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ အစိတ်အပိုင်းများ

ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ အစိတ်အပိုင်းများကို အလုပ်ကောင်းကောင်းလုပ်သည့် ပုံစံနှင့် အခြေအနေတွင်း ထိန်းသိမ်းထားရမည်။ ၎င်းတို့သည် ရာသီဥတုဒဏ်ခံနိုင်၊ ရေစိုခံပြီး ကြွက်ရန်မှ ကင်းဝေးသင့်သည်။

အိမ်ခြံမြေများကို ပုံမှန် သို့မဟုတ် အချိန်အခါလိုက် ရေအိုင် သို့မဟုတ် ရေခိုးရေငွေ့များ အလွန်အကျူးပေါ်ထွန်းခြင်းမှ ကင်းဝေးအောင်လည်း ထိန်းသိမ်းထားရမည်၊ ၎င်းတို့က မြင်သာထင်သာမှိုတက်သည့်ရလဒ်ဖြစ်စေနိုင်ပါသည်။

အကယ်၍ မှိုရှိပါက မှို၏ရင်းမြစ်ဖြစ်သော ရေခိုးရေငွေ့ကို ကိုင်တွယ်ရမည်ဖြစ်ပြီး မှိုကို သန့်ရှင်းပေးရမည် သို့မဟုတ် စိုထိုင်းနေသည့် တည်ဆောက်ရေးပစ္စည်းများကို ဖယ်ရှားရမည်။

မှိုကို စစ်ဆေးရန် မလိုအပ်ပါ သို့မဟုတ် အကြံမပြုပါ။ စစ်ဆေးချက်အဖြေများကို နှိုင်းယှဉ်နိုင်သည့် ပြည်ထောင်စု သို့မဟုတ် ပြည်နယ် စံအဆင့်အတန်းများမရှိပါ၊ ထို့ကြောင့် အဆောက်အဦးတစ်ခုသည် "ဘေးအန္တရာယ်ကင်းသည်" သို့မဟုတ် "ဘေးအန္တရာယ်မကင်း"ဟု ဆိုရန် စစ်ဆေးချက်အဖြေများကို အသုံးမပြုနိုင်ပါ။ ပုံမှန်အားဖြင့် စစ်ဆေးမှုက ပြဿနာကို ပြင်ဆင်ရန် လုပ်ဆောင်ချက်အဆင့်များကိုပြောင်းလဲစေနိုင်ကြောင်း အချက်အလက်တစ်ခုခု မပေးအပ်ပါ။

- အခြေခံအုတ်မြစ်
- လှေကားများ
- ကြမ်းပြင်များ
- နံရံများ
- မျက်နှာကြက်များ
- မီးခိုးခေါင်းတိုင်များ
- တံခါးပေါက်များ
- ပြတင်းပေါက်များ
- ခေါင်မိုး

# ရေမီးအသုံးအဆောင်များ

"ယာယီပြတ်တောက်ခြင်းက အမှန်တကယ်ပြင်ဆင်မှု သို့မဟုတ် ပြောင်းလဲမှု လုပ်နေချိန် သို့မဟုတ် ယာယီအရေးပေါ်အခြေအနေများ အတောအတွင်း မဖြစ်မနေလိုအပ်ချက်ဖြစ်နိုင်သည်မှလွဲ၍" လိုအပ်သည့်ရေ၊မီးအသုံးအဆောင်များကို အိမ်ရှင်များမှ ပိတ်ခြင်းအား ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်ဥပဒေအရ တားမြစ်ပါသည်။

၎င်းက လောင်စာ၊ လျှပ်စစ်အားနှင့် ရေတို့ကဲ့သို့သော မရှိမဖြစ် အသုံးအဆောင်များနှင့် သက်ဆိုင်ပါသည်။ ၎င်းက မရှိမဖြစ်မဟုတ်သည့် အသုံးအဆောင်များနှင့် မသက်ဆိုင်ပါ။

# မီးဘေးအန္တရာယ် ကင်းရှင်းရေး

မီးခိုးနှင့် ကာဗွန်မိုနောက်ဆိုဒ်ဖမ်းစက်များ တပ်ဆင်မှုအားလုံးသည် မီးဘေးနှင့် အဆောက်အဦ ဘေးအန္တရာယ်ကင်းရှင်းရေး ကျင့်ဝတ်ဥပဒေနှင့်အညီ ဖြစ်ရမည်ဖြစ်ပြီး မီးဘေးအန္တရာယ်ကင်းရှင်းရေး ဌာနခွဲမှ ထိန်းသိမ်းရပါမည်။

## ပိုင်ရှင်၏ တာဝန်ဝတ္တရားများ

- မီးခိုးနှင့် ကာဗွန်မိုနောက်ဆိုဒ်ဖမ်းစက်များ။
- ဘက်ထရီအရံဖြင့် လျှပ်စစ်မီးစနစ်တွင်းသို့ ဝိုင်ယာကြိုးသွယ်ခြင်းနှင့် ကောင်းမွန်စွာ လုပ်ဆောင်ခြင်း။
- အထပ်တိုင်းနှင့် အိပ်စက်ရာဧရိယာများ အပြင်ကပ်လျက်တွင် မီးခိုးနှင့် ကာဗွန်မိုနောက်ဆိုဒ် (CO) ဖမ်းစက် အနည်းဆုံးတစ်ခုထားရှိခြင်း။
- 11/1/2015 မှစ၍ အိပ်ခန်းအားလုံးကို ဘက်ထရီအရံထားရှိသည့် လျှပ်စစ်အားပေး မီးခိုးဖမ်းစက်များဖြင့် ပံ့ပိုးပေးထားရမည်။
- အကယ်၍ အပူပေးသည့်ယူနစ်သည် မြေအောက်ခန်းတွင်း ရှိပါက မီးခိုးနှင့် CO ဖမ်းစက်တို့ကို အိမ်အောက်ခန်းလှေကား အောက်ခြေအနီးတွင် တပ်ဆင်ထားရမည်။
- အသစ်တပ်ဆင်ထားသည့် မီးခိုးဖမ်းစက်အားလုံးသည် အလင်းကိုတုံ့ပြန်သည့် အမျိုးအစားဖြစ်ရမည်။
- ပိုင်ရှင်များမဟုတ်ဘဲ ငှားရမ်းသူများအနေဖြင့် ဖမ်းစက်အတွက် ဘက်ထရီများ ပံ့ပိုးပေးရန် လိုအပ်သော်လည်း ၎င်းတို့ အလုပ်ကောင်းကောင်းလုပ်ကြောင်း သေချာအောင်လုပ်ရန်မှာ အိမ်ခြံမြေပိုင်ရှင်၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်ပါသည်။

**ထပ်ဆောင်းလုပ်ရန်** -

- လက်ရှိ မီးသတ်ဘူးကို ပိုင်ရှင်မှ ထောက်ပံ့ပေးသည်။
- တံခါးပေါက်များအပါအဝင် ထွက်ပေါက်များနှင့် အိပ်စက်ရာဧရိယာရှိ ပြတင်းပေါက်များသည် တည်ဆောက်ပုံအရ ခိုင်မာပြီး ဟန့်တားပိတ်ဆို့နေမှု မရှိသင့်ပါ။
- အနည်းဆုံးအနေဖြင့် အိပ်ခန်းများနှင့် အိပ်စက်ရာနေရာအဖြစ် အသုံးပြုသော အခန်းအားလုံးရှိ ပြတင်းပေါက်တစ်ပေါက်သည် ထွက်ရန်လုံလောက်သည့် အရွယ်အစားရှိရပါမည်။
- အပြင်ဖက်တံခါးပေါက်များတွင် အတွင်းမှသော့ခတ်ပိတ်သည့် မြောက်လက်အသေများ မတပ်ရပါ။
- ကျင့်ဝတ်ဥပဒေများအတိုင်း လိုက်နာသည့် လျှပ်စစ်ဓာတ်အားစနစ်များ။
- လျှပ်စစ်ဓာတ်အားနှင့် အပူပေးစနစ်များရှိ အလုပ်များကို လိုင်စင်ရနည်းပညာရှင်ကသာ လုပ်ရပါမည်။
- မီးတောက်လောင်နိုင်သော သို့မဟုတ် ဘေးဖြစ်စေနိုင်သော ဝတ္ထုပစ္စည်းများကို ယူနစ်အတွင်း သို့မဟုတ် အပူပေးသည့် ရင်းမြစ်အနီး မသိုလှောင်ရပါ။
- အများမျှဝေသုံးစွဲသည့် လှေကားများသည် မီးဘေးဆိုင်ရာ အဆင့်သတ်မှတ်ထားပြီး ပေါက်ကွဲနိုင်သော ဝတ္ထုပစ္စည်းများ သိုလှောင်ရန်အတွက် အသုံးမပြုရပါ။




## ငှားရမ်းသူ၏ တာဝန်ဝတ္တရားများ

- ပိတ်စဖြင့်ပြုလုပ်ထားသော ပရိဘောဂများကို ဆင်ဝင်များတွင် မထားရှိပါနှင့်။
- မီးကင်စက်များကို အဆောက်အဦးများမှဝေးရာ ဘေးကင်းသည့်အကွာအဝေးတွင် ထားရှိပါ။
- မီးခိုးနှင့် CO ဖမ်းစက်များရှိ ဘက်ထရီများကို ပုံမှန် စစ်ဆေးပြီး လဲပေးပါ။
  ဘက်ထရီများကို တစ်နှစ်လျှင်နှစ်ကြိမ် လဲပေးသင့်ပါသည်။ သင့်နာရီကို ရှေ့တိုး သို့မဟုတ် နောက်ဆုတ်သတ်မှတ်ချိန်တွင် ဘက်ထရီလဲခြင်းသည် သတိရရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။
- မီးခိုး သို့မဟုတ် CO ဖမ်းစက်ကို ဘယ်တော့မှ မဖြုတ်ပါနှင့်။
- သင့်ယူနစ်အတွင်း မီးတောက်လောက်နိုင်သော သို့မဟုတ် ဘေးဖြစ်စေနိုင်သော ဝတ္ထုပစ္စည်းများကို မသိုလှောင်ပါနှင့်။
- သံသယရှိဖွယ် လျှပ်စစ်ပိုင်းဆိုင်ရာ ပြဿနာများကို ချက်ချင်း အစီရင်ခံပါ။

# ခဲပါသည့် သုတ်ဆေး

## ခဲဆိပ်သင့်ခြင်း

ခဲဆိပ်သင့်ခြင်းသည် ဆိုးရွားပြင်းထန်ပါသော်လည်း တားဆီးကာကွယ်နိုင်သည့် ကျန်းမာရေးပြဿနာဖြစ်ပါသည်။ ခန္ဓာကိုယ်ထဲတွင်  အန္တရာယ်ကင်းသည့် ခဲပမာဏ ဟူ၍မရှိပေ။ ခဲက မည်သူမဆိုကို ထိခိုက်စေနိုင်သော်လည်း ကလေးငယ်များ၊ ငယ်ရွယ်သောကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် အထူးအန္တရာယ်ကျရောက်နိုင်ခြေရှိပါသည်။ ခဲဆိပ်သင့်မှုရှိသည့် ကလေးတစ်ဦးသည် နာမကျန်းပုံပေါ်လေ့မရှိပါ သို့မဟုတ် နာမကျန်းသလို လုပ်ဆောင်လေ့မရှိပါသော်လည်း ခဲက ဆိုးရွားပြင်းထန်သည့် ကျန်းမာရေးပြဿနာများ ဖြစ်စေနိုင်ပါသည်။ ခဲကြောင့်ဖြစ်သော ထိခိုက်မှုသည် ဘယ်တော့မှ ပျောက်မသွားပါ။ ကလေးများတွင် ကိုယ်ခန္ဓာအတွင်း ခဲ အလွန်အကျူးများပြားခြင်း၊ သို့မဟုတ် ခဲဆိပ်သင့်ခြင်းက ဦးနှောက်၊ ကျောက်ကပ်များနှင့် အာရုံကြောစနစ်တို့ကို ထိခိုက်စေနိုင်ခြင်း၊ ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေခြင်း၊ လေ့လာသင်ယူရန် ခက်ခဲစေခြင်း၊ အကြားအာရုံနှင့် စကားပြောဆိုမှုကို ပျက်စီးစေခြင်းနှင့် အပြုအမူဆိုင်ရာ ပြဿနာရပ်များ ဖြစ်စေနိုင်ပါသည်။ အရွယ်ရောက်လူကြီးများသည်လည်း ခဲကြောင့် မလိုလားအပ်သည့် ကျန်းမာရေးထိခိုက်မှုများ ခံစားရပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် ခဲက ကိုယ်ဝန်ပျက်ကျနိုင်ခြေအန္တရာယ်ကို များစေနိုင်ပြီး ကလေးငယ်များ အချိန်စောလွန်းစွာ မွေးဖွားခြင်း၊ အလွန်သေးငယ်ခြင်း သို့မဟုတ် လေ့လာသင်ယူမှု သို့မဟုတ် အပြုအမူဆိုင်ရာ ပြဿနာရပ်များနှင့် မွေးဖွားခြင်းတို့ ဖြစ်စေနိုင်ပါသည်။ အရွယ်ရောက်လူကြီးများတွင် ခဲက သွေးဖိအားတက်စေနိုင်ပြီး အမျိုးသားများတွင် မျိုးအောင်မှုကျဆင်းသည့် ရလဒ်ဖြစ်စေနိုင်ပါသည်။

## အိမ်ရာတွင်းရှိ ခဲ

ခဲပါသည့်သုတ်ဆေးနှင့် ခဲပါသည့်သုတ်ဆေးအမှုန့်များသည် ကလေးများတွင် ခဲနှင့်ထိတွေ့မိခြင်းအတွက် အဓိကရင်းမြစ်များ ဖြစ်ကြသည်။ ပြန်လည်ပြုပြင်ရေး ပရောဂျက်များအတောအတွင်း သို့မဟုတ် ခဲပါသည့်သုတ်ဆေးကို မသင့်လျော်စွာ ကော်ပတ်စား၊ ခြစ်ထုတ် သို့မဟုတ် မီးရှို့သည့်အခါတိုင်း ကလေးများနှင့် အရွယ်ရောက်လူကြီးများသည် ခဲနှင့် ထိတွေ့မိနိုင်ပါသည်။

အချိန်ကြာလာသည်နှင့်အမျှ ဆေးသုတ်ထားသည့် မျက်နှာပြင်များကို ထိန်းသိမ်းမှုမရှိပါကလည်း ကလေးများသည် ထိတွေ့မိနိုင်ပါသည်။ သုတ်ဆေးက အမှုန့်အဖြစ် ကြွေထွက်ကာ အိမ်များနှင့် မြေကြီးကို ညစ်ညမ်းစေပါသည်။ အဆိုပါအမှုန့် သို့မဟုတ် မြေကြီးက အရုပ်များ၊ လက်များနှင့် ကလေးများ ၎င်းတို့၏ပါးစပ်တွင်းသို့ ပုံမှန်ထည့်လေ့ရှိသော အရာဝတ္ထုများတွင် တွဲခိုနေကာ ကလေးများအား ခဲနှင့် ထိတွေ့မိစေပါသည်။ ကလေးများသည် ပြတင်းပေါက်ဘောင်များ သို့မဟုတ် ပရိဘောဂများကဲ့သို့ ခဲပါသည့်သုတ်ဆေးသုတ်ထားသည့် အရာဝတ္ထုများကို စားခြင်း၊ ဝါးခြင်း သို့မဟုတ် စုပ်ခြင်းဖြင့်လည်း ခဲနှင့်ထိတွေ့မိနိုင်ပါသည်။

# VERMONT ပြည်နယ် ခဲဥပဒေ  ကြည့်ရှုစစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ထုံးများ

Vermont ပြည်နယ် ခဲဥပဒေကို 1996 ခုနှစ်တွင် အတည်ပြုခဲ့ပြီး 2017 ခုနှစ်တွင် ပြင်ဆင်ခဲ့ပါသည် (18 VSA Chapter 38)။ ဥပဒေအရ ကလေးများ ခဲနှင့်ထိတွေ့မိခြင်းကို ကူညီကာကွယ်ရန် ဟောင်းအိုသည့်အဆောက်အဦးများ၏ ပိုင်ရှင်များနှင့် ကလေးစောင့်ရှောက်ရေးဌာနများအနေဖြင့် အဆင့်များပြုလုပ်ရန် လိုအပ်စေပါသည် - ၎င်းတို့ကို ကြည့်ရှုစစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် သန့်ရှင်းရေး (IRC) လုပ်ထုံးများဟု ခေါ်ပါသည် ("မလုပ်မဖြစ် ထိန်းသိမ်းရေးလုပ်ထုံးများ (EMP)" အဖြစ်မှ 2022 ခုနှစ် အောက်တိုဘာလ 1 ရက်နေ့တွင် ပြောင်းလဲခဲ့သည်)။ လူနေထိုင်ရာ အငှားအိမ်ခြံမြေတစ်ခု သို့မဟုတ် ကလေးစောင့်ရှောက်ရေးဌာနသည် 1978 ခုနှစ် မတိုင်မီ ဆောက်လုပ်ခဲ့ပါက အိမ်ခြံမြေ၏ပိုင်ရှင် သို့မဟုတ် အိမ်ခြံမြေ စီမံခန့်ခွဲရေးကုမ္ပဏီသည် Vermont ပြည်နယ် ခဲဥပဒေအတိုင်း လိုက်နာရန် လိုအပ်ပါသည်။ ၎င်းတို့အနေဖြင့်-

- ငှားရမ်းသူများအား ခဲဆိပ်သင့်မှု တားဆီးကာကွယ်ရေးအကြောင်း အတည်ပြုလက်ကမ်းစာစောင်တစ်ခု ပေးအပ်ရမည်။
- သုတ်ဆေး ကွာကျခြင်း သို့မဟုတ် ပျက်စီးခြင်းကို အစီရင်ခံရန် လူအများအား တောင်းဆိုသည့် အတည်ပြုအသိပေးချက်တစ်ခုကို ကြေညာရမည်။ ကိရိယာများအပိုင်းရှိ နမူနာ အသိပေးစာ ကို ကြည့်ပါ။
- အောက်ပါတို့အပါအဝင် ကြည့်ရှုစစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် သန့်ရှင်းရေး (IRC) လုပ်ထုံးများကို တစ်နှစ်တစ်ခါပြီးအောင်လုပ်ရမည် -
-
    - အိမ်ခြံမြေကို အတွင်းရော အပြင်ပါ ကြည့်ရှုစစ်ဆေးခြင်း။
    - သုတ်ဆေး သို့မဟုတ် အပြင်ကုတ်တင်များ အခြေအနေဆိုးဝါးသည့် (ဆေးပွန်းပဲ့ခြင်း သို့မဟုတ် ကွာကျခြင်း) ဧရိယာများကို ခွဲခြားဖော်ပြပြီး ၎င်းကို ခဲဘေးအန္တရာယ်ကင်းသည့် နည်းလမ်းဖြင့် ချက်ချင်းပြင်ဆင်ကြောင်း သေချာစေခြင်း။
    - 1978 မတိုင်မီမှ သစ်သားပြတင်းပေါက်အားလုံးတွင် ပြတင်းပေါက်အပြင်ဖက်နေရာပိုများ တပ်ဆင်ထားကြောင်း အတည်ပြုခြင်း။
    - အဆောက်အဦးအပြင်ဖက် မြေပြင်အထက်၌ မြင်သာထင်သာ သုတ်ဆေးအပွန်းအပဲ့များကို ဖယ်ရှားခြင်း။
    - အများသုံးဧရိယာများတွင် အထူးသန့်ရှင်းရေး လုပ်ဆောင်ခြင်း။
- IRC လုပ်ထုံးများကို လုပ်ပြီးကြောင်း အတည်ပြုသည့် လိုက်နာမှုဆိုင်ရာ ကြေညာချက်တစ်စောင်ကို လက်မှတ်ထိုးပြီး အိမ်ငှား၊ အာမခံပံ့ပိုးသူနှင့် ကျန်းမာရေးဌာနတို့အား အနည်းဆုံး ရက်ပေါင်း 365 ရက်ကြာလျှင်တစ်ကြိမ် မိတ္တူတစ်စောင်ပေးပါ။

## IRC အတည်ပြုလက်မှတ်

IRC လုပ်ထုံးများကို IRC လုပ်ထုံးများဆိုင်ရာ လက်မှတ်ရသူတစ်ဦးမှ လုပ်ဆောင်ရပါမည် - ၎င်းသည် အိမ်ပိုင်ရှင် သို့မဟုတ် အိမ်ခြံမြေမန်နေဂျာ ဖြစ်နိုင်ပါသည်။ IRC လက်မှတ်ရ ဖြစ်လာရန် လူပုဂ္ဂိုလ်တစ်ဦးသည် ကျန်းမာရေးဌာနမှ အတည်ပြုသည့် IRC လုပ်ထုံးများဆိုင်ရာ သင်တန်းကို တက်ရောက်ပြီး စာမေးပွဲတစ်ခု ဖြေဆိုရပါမည်။ IRC လုပ်ထုံးများဆိုင်ရာ သင်တန်းကို လူကိုယ်တိုင်နှင့် အွန်လိုင်းပေါ်မှ ကမ်းလှမ်းပေးပါသည်။ သင်တန်းနှင့် စာမေးပွဲအတွက် စုစုပေါင်းအချိန်သည် သုံးနာရီခန့် ဖြစ်ပါသည်။ သင်တန်းတစ်ခုနှင့် IRC လုပ်ထုံးများဆိုင်ရာ လိုအပ်ချက်နှင့် ပတ်သက်သည့် အချက်အလက်များကို https://healthvermont.gov/IRC တွင် ရှာကြည့်ပါ။ Vermont ခဲဥပဒေကို မလိုက်နာမှုနှင့် ပတ်သက်သည့် တိုင်ကြားမှုတစ်ခုကိုလည်း ဝက်ဘ်စာမျက်နှာ အောက်ခြေတွင် တင်သွင်းနိုင်ပါသည်။

**1978 မတိုင်မီ ဆောက်လုပ်ထားသော အိမ်များအတွက် ခဲပါသည့်သုတ်ဆေးဆိုင်ရာ လိုအပ်ချက်များ**

1978 ခုနှစ်မတိုင်မီ ဆောက်လုပ်ထားသော အိမ်အားလုံးသည် ၎င်းတို့၏အတွင်းပိုင်း သို့မဟုတ် အပေါ်တွင် ခဲအခြေပြုသုတ်ဆေးရှိသည်ဟု မှတ်ယူထားပါသည်။ တစ်ခါတစ်ရံ "ရင်းမြစ်ကိုမြေလှန်ဖယ်ရှားခြင်း" သို့မဟုတ် "အဆိပ်အတောက်ဖယ်ရှားခြင်း" ဟုခေါ်သော ခဲပါသည့်သုတ်ဆေးကို ဖယ်ရှားမှုလုပ်ရန် ဥပဒေအရ မလိုအပ်ပါ။ ယင်းအစား ခဲပါသည့်သုတ်ဆေးကို တည်ငြိမ်ခိုင်မြဲအောင်ထားပြီး ပြန်လည်ဆန်းသစ်ပြင်ဆင်မှုများ သို့မဟုတ် ပြုပြင်မှုများကို ခဲဘေးအန္တရာယ်ကင်းသည့်နည်းလမ်းတစ်ခုဖြင့် ပြုလုပ်ရန်မှာ အိမ်ပိုင်ရှင်၏ တာဝန်ဖြစ်ပါသည်။

# VERMONT ခဲဥပဒေ - ပြန်လည်ဆန်းသစ်ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းနှင့် ထိန်းသိမ်းခြင်း

EPA ၏ ပြန်လည်ဆန်းသစ်ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းရန် Vermont ဥပဒေကို လောလောလတ်လတ် မွမ်းမံပြင်ဆင်ခဲ့ပါသည်။ ၎င်းကဆိုလိုသည်မှာ အိမ်ပိုင်ရှင်တစ်ဦးသည် အတွင်းပိုင်းအခန်းများ သို့မဟုတ် အပြင်ဖက်မျက်နှာပြင်တစ်ခုရှိ ဆေးသုတ်ထားသော မျက်နှာပြင် 1 စတုရန်းပေထက်ပို၍ကို ထိပါးနှောင့်ယှက်သည့် ပြန်လည်ဆန်းသစ်ပြင်ဆင်မှုများ၊ ပြုပြင်မှုများ၊ ဆေးသုတ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း (RRPM) လုပ်ငန်းများ လုပ်ဆောင်နေပါက ယင်းလုပ်ငန်းကို ဆီလျော်သည့် Vermont RRPM လိုင်စင်များရှိသော လူပုဂ္ဂိုလ်တစ်ဦးနှင့် ကုမ္ပဏီတို့မှ လုပ်ဆောင်ရန် လိုအပ်ပြီး ၎င်းတို့အနေဖြင့် အိမ်ငှားများအား ၎င်းတို့လုပ်ဆောင်နေသည့် လုပ်ငန်းနှင့် ခဲပါသည့်သုတ်ဆေး၏ ဘေးအန္တရာယ်များအကြောင်း အချက်အလက်များ ပေးအပ်ရပါမည်။

အိမ်ရှင်ဖြစ်စေ၊ အိမ်ခြံမြေမန်နေဂျာဖြစ်စေ သို့မဟုတ် အိမ်ရှင်မှငှားရမ်းထားသော ကန်ထရိုက်တာဖြစ်စေ ခဲမှုန်နှင့် အကြွင်းအကျန်များကို အုပ်ထိန်းထားကြောင်း သေချာအောင်လုပ်ရန် ၎င်းတို့အနေဖြင့် ခဲဘေးအန္တရာယ်ကင်းသည့် လုပ်ငန်းခွင်လုပ်ထုံးများကို အသုံးပြုရပါမည်။ ၎င်းတွင် လုပ်ငန်းခွင်ဧရိယာများကို အုပ်ထိန်းထားရန် ပလပ်စတစ်စများ အသုံးပြုခြင်း၊ ခဲဘေးအန္တရာယ် ဖြစ်နိုင်ခြေရှိကြောင်း အခြားသူများကိုနှိုးဆော်သည့် သတိပေးဆိုင်းဘုတ်များ တပ်ခြင်း၊ လုပ်ငန်းခွင်ဧရိယာကို နေ့စဉ် သန့်ရှင်းရေးလုပ်ခြင်းနှင့် လုံခြုံအောင်လုပ်ခြင်း၊ လုပ်ငန်းခွင်ဧရိယာအတွင်း ဖုန်မှုန်၊ သုတ်ဆေးအပွန်းအပဲ့များ သို့မဟုတ် အကြွင်းအကျန်များ မရှိစေရန်အတွက် လုပ်ငန်းပြီးဆုံးချိန်တွင် လုပ်ငန်းခွင်ဧရိယာအားလုံးကို သန့်ရှင်းရေးလုပ်ခြင်းတို့ ပါဝင်ပါသည်။

ထို့အပြင် Vermont ပြည်နယ်၏ ခဲဥပဒေအရ ခဲအခြေပြု သုတ်ဆေးကို မီးရှို့၍ဖယ်ရှားခြင်း၊ မီးတောက်စေသည့်သေနတ် အသုံးပြုခြင်း၊ ရေဖိအားသုံး၍ ဆေးကြောခြင်း၊ အခြောက်ပွတ်တိုက်ခြင်း၊ ခွင့်ပြုချက်မရဘဲ စွမ်းအားမြင့်ကိရိယာ အသုံးပြုခြင်းနှင့် ဓာတုပစ္စည်းသုံး၍ ဆေးချွတ်ခြင်းတို့အပါအဝင် ဘေးအန္တရာယ်မကင်းသည့် လုပ်ငန်းခွင်လုပ်ထုံးများ အသုံးပြုခြင်းကို တားမြစ်ပါသည်။ အဆိုပါ ဘေးအန္တရာယ်မကင်းသည့်လုပ်ထုံးများသည် ခဲနှင့်ထိတွေ့မိသည့် အန္တရာယ်ဖြစ်နိုင်ခြေကို တိုးမြင့်စေပါသည်။

Vermont ပြည်နယ်၏ RRPM လိုအပ်ချက်များအကြောင်း ထပ်ဆောင်းအချက်အလက်များကို https://healthvermont.gov/RRPM တွင် ရှာကြည့်ပါ။

## ခဲပါသည့်သုတ်ဆေး ဥပဒေ၏ အကျိုးအမြတ်များ

**ကလေးများကို ကာကွယ်ပေးသည်** ရိုးရှင်းသည့် လုပ်လက်စ ထိန်းသိမ်းရေးလုပ်ထုံးများက ကလေးများ ခဲနှင့်ထိတွေ့မိခြင်းမှ တားဆီးကာကွယ်ပေးပါမည်။

**အိမ်ခြံမြေပိုင်ရှင်များကို ကာကွယ်ပေးသည်** ဥပဒေအတိုင်းလိုက်နာသည့် အိမ်ခြံမြေပိုင်ရှင်များသည် တာဝန်ခံရခြင်းအတွက် တိုးမြှင့်အကာအကွယ် ရရှိကြသည်။

**အလုပ်သမားများကို ကာကွယ်ပေးသည်** ခဲဥပဒေအရ ဘေးအန္တရာယ်မကင်းသည့် လုပ်ငန်းခွင်လုပ်ထုံးများ အသုံးပြုခြင်းကို တားမြစ်ပြီး ၎င်းက အလုပ်သမားများ ခဲနှင့်ထိတွေ့မိခြင်းကို လျှော့ကျစေပါမည်။

# အိမ်ခံမြေကို အခြေအနေကောင်းကောင်းတွင် ထိန်းသိမ်းထားရှိခြင်း

## ပြဿနာများ ပေါ်ထွန်းလာချိန် - ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ တောင်းဆိုချက်များကို ချက်ချင်းတုံ့ပြန်ပါ။
- ယူနစ်နှင့် ပရိဝုဏ်များအား ပုံမှန်ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်ပါ။
- ပြည်နယ် သို့မဟုတ် ဒေသန္တရအရာရှိမှ ထုတ်ပြန်သည့် ပြုပြင်ရန်တောင်းဆိုချက်များ သို့မဟုတ် အမိန့်များအတိုင်း လိုက်နာပါ။
- တမင်တကာ ပျက်စီးစေမှုကို အချိုးသဘောအခြေအနေရေပ်များ တွင် ဖျက်လိုဖျက်ဆီးပြုခြင်းအဖြစ် သတ်မှတ်နိုင်ပါသည်။
- ကျန်းမာရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြည့်ရှုစစ်ဆေးသူများကို ပိုင်ရှင်များအတွက်လည်း ရရှိနိုင်ပါသည်။



**အကယ်၍ ငှားရမ်းသူသည် မရှိမဖြစ် အသုံးအဆောင်များအတွက် ပေးချေရန် တာဝန်ရှိပြီး အဆိုပါအသုံးအဆောင်များကို မပေးအပ်ပါက**

ငှားရမ်းမှုသဘောတူညီချက်အရ ငှားရမ်းသူသည် မရှိမဖြစ်အသုံးအဆောင်များ (အပူပေးခြင်း၊ လျှပ်စစ်ဓာတ်အား၊ ရေ၊ ရေဆိုးစွန့်ပစ်မှု) အတွက် ပေးချေရန်လိုအပ်ပါကနှင့် မပေးချေသည့်အတွက် ၎င်းအသုံးအဆောင်များကို ပိတ်လိုက်ပါက သင့်ရွေးချယ်စရာများတွင် ပါဝင်သည်မှာ -

- ငှားရမ်းသူများက ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်ဥပဒေ နှင့်/သို့မဟုတ် မီးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ချိုးဖောက်မှုများ ဖြစ်စေခဲ့သည်။ သင့်အား ထောက်ကူပေးရန် ကျင့်ဝတ်ဥပဒေ စိုးမိုးရေး ကြည့်ရှုစစ်ဆေးသူများ၊ မြို့နယ် ကျန်းမာရေးအရာရှိများနှင့် မီးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကြည့်ရှုစစ်ဆေးသူများကိုလည်း ရရှိနိုင်ပါသည်။
- ငှားရမ်းသူများသည် ငှားရမ်းမှုသဘောတူညီချက်ကို ချိုးဖောက်ခဲ့သည်။ ဥပဒေအရလိုအပ်သည့်အတိုင်း နအေိမ်မှထွက်ခွာရန် အသိပေးစာ သင် ပေးနိုင်ပါသည်။
- ပျက်စီးမှုများကို တားဆီးကာကွယ်ရန် ရမေီးအသုံးအဆောင်များကို သင့်အမည်သို့ လွှဲပြောင်းနိုင်ပါသည် (၎င်းက ရွေးချယ်စရာတစ်ခုဖြစ်သည်၊ ထိုသို့ပြုရန် ဥပဒေအရ မလိုအပ်ပါ)။
- ငှားရမ်းသူများသည် ဆောင်းရာသီလများအတွင်း အပူပေးခြင်းကို ပိတ်လိုက်မှုနှင့် သင့်အိမ်ခံမြေတွင်း ပိုက်များ ပေါက်ထွက်သည့်အန္တရာယ် ကျရောက်တော့မည် ဖြစ်စေပါက သင့်အနေဖြင့် ရပေးဝေမှုနှင့် ပိုက်များရဖောက်ချခြင်းကို ပိတ်ခြင်းအတွက် တရားဝင်အကခြောင်းပြချက် **ရှိနိုင်** ပါသည်။ **မရှိမဖြစ် အသုံးအဆောင်များကို ပိတ်ခြင်းသည် ယဘေုယျအားဖြင့် တားမြစ်သည့်အတွက် ဤအဆင့်ကို မလုပ်မီ ဥပဒရေးေရာ အကြံဉာဏ် အစဉ်ရာယူပါ။**

# ပြဿနာများ ပေါ်ထွန်းလာချိန် - တရားဝင် အိမ်ငှားဆိုင်ရာ ဖြေရှင်းချက်များ

## အသေးစား ပြုပြင်မှုများအတွက် "ပြုပြင်ပြီး ဖြတ်နုတ်မှု" အသုံးပြုခြင်း

- ပြုပြင်မှုများကို ကနဦးတောင်းဆိုမှုအပြီး မလုပ်ပေးခဲ့ပါက စာဖြင့်တောင်းဆိုချက်တစ်စောင် ပေးပို့ပါ။ **မှတ်တမ်းတင်ခြင်းသည် အရေးကြီးပါသည်။**
- အသေးစား ပြုပြင်မှုများအတွက် Vermont ပြည်နယ်၏ "ပြုပြင်ပြီး ဖြတ်နုတ်မှု"* ဥပဒေကို ထည့်သွင်းစဉ်းစားပါ။
    - ပြုပြင်ပြီး ဖြတ်နုတ်မှုအရ ငှားရမ်းသူသည် ပြုပြင်ပေးရန်တောင်းဆိုချက်ကို စာဖြင့်ထားရှိပြီး ပိုင်ရှင်မှ ပြုပြင်မှုကို ပြုလုပ်ပေးရန် ရက်ပေါင်း 30 ခွင့်ပြုပေးရန် လိုအပ်ပါသည်။ ဤရည်ရွယ်ချက်အတွက် ဖောင်ပုံစံစာ တစ်စောင် ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်ရှိပါသည်။
    - တောင်းဆိုထားသည့် ပြုပြင်မှုသည် အဆောက်အဦ၊ အိမ်ရာ၊ သို့မဟုတ် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သို့မဟုတ် "ငှားရမ်းမှုသဘောတူညီချက်၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခု"အတိုင်း လိုက်နာသည့် အရာတစ်ခုခုဖြစ်ရပါမည်။
    - ရက် 30 နောက်ပိုင်းတွင် ငှားရမ်းသူသည် ပြုပြင်မှုကို အခြားသူအားလုပ်ခိုင်း သို့မဟုတ် ၎င်းတို့ကိုယ်တိုင် လုပ်ပြီး ကုန်ကျစရိတ်ကို နောက်လာမည့်လအတွက် လခထဲမှ ဖြတ်နုတ်နိုင်ပါသည်။ ငှားရမ်းသူများအနေဖြင့် လတစ်လအတွက် လခ၏ တစ်ဝက်ထက်ပိုပြီး မနုတ်ယူနိုင်ပါ။
    - ငွေလက်ခံဖြတ်ပိုင်း မိတ္တူများကို ပိုင်ရှင်များထံသို့ ပေးအပ်ရပါမည်။
    - ငှားရမ်းသူများသည် လျှပ်စစ်ပိုင်းဆိုင်ရာ၊ အပူပေးခြင်း သို့မဟုတ် ပိုက်သွယ်တန်းခြင်း ကဲ့သို့သော လိုင်စင်ရနည်းပညာရှင်တစ်ဦး လိုအပ်သည့် ပြုပြင်မှုများကို ၎င်းတို့ဖာသာ မလုပ်သင့်ပါ။
    - ခွင့်ပြုချက်များ လိုအပ်နိုင်ပါသည်။
- ပိုင်ရှင်အနေဖြင့် စာဖြင့်အငှားစာချုပ်တစ်ခု၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာအောင်လုပ်ရန်လည်း ပြုပြင်ပြီး ဖြတ်နုတ်မှုကို အသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် အငှားစာချုပ်တွင် အမှိုက်ဖယ်ရှားခြင်း၊ နှင်းကော်ခြင်း သို့မဟုတ် ကားရပ်နားခြင်းကဲ့သို့သော ဝန်ဆောင်မှုများ ပါဝင်သည်ဟု ဖော်ပြသော်လည်း ၎င်းတို့ကို မပေးအပ်ပါက အိမ်ငှားသည် နေရာအပြင်ဖက်တွင် ကားရပ်နားခြင်းအတွက် ငွေပေးချေခြင်းအပါအဝင် ၎င်းတို့ကိုယ်ပိုင် အစီအစဉ်များ ပြုလုပ်နိုင်ပါသည်။

**ဆောင်းရာသီတွင်း အပူပေးခြင်းကဲ့သို့ ပြုပြင်မှုကို အရေးတကြီးလိုအပ်ပါက သို့မဟုတ် ပြုပြင်မှုသည် အလွန်အမင်းဈေးကြီးပါက ပြုပြင်ပြီး ဖြတ်နုတ်မှုအစား အောက်တွင် စာရင်းပြုစုထားသော ရွေးချယ်စရာ တစ်ခု သို့မဟုတ် ပို၍ကို အသုံးပြုခြင်းက အကောင်းဆုံးဖြစ်သည်။*

## ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြုပြင်မှုများ

- သင်၏ ဒေသန္တရ မြို့နယ် ကျန်းမာရေးရုံး ကိုခေါ်ဆိုပါ သို့မဟုတ် အငှားအိမ်ရာ ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်ဥပဒေညီညွတ်မှု ကြည့်ရှုစစ်ဆေးရေးတစ်ခု တောင်းဆိုရန် မြူနီစပါယ် ကျင့်ဝတ်ဥပဒေ ကြည့်ရှုစစ်ဆေးသူအား ခေါ်ဆိုပါ။ ကြည့်ရှုစစ်ဆေးမှုများကို ကုန်ကျစရိတ်မရှိဘဲ ပြုလုပ်ပေးပါသည်။ ကျင့်ဝတ်ဥပဒေချိုးဖောက်မှုများကို ပြင်ဆင်ဖို့တောင်းဆိုရန် သင်၏ ကြည့်ရှုစစ်ဆေးသူထံတွင် အခွင့်အာဏာရှိပါသည်။
- မီး၊ လျှပ်စစ်ဓာတ်အား သို့မဟုတ် ပိုက်သွယ်တန်းမှု ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြဿနာများအတွက် တိုင်ကြားချက်တစ်ခု တင်သွင်းရန် မီးဘေးအန္တရာယ်ကင်းရှင်းရေး ဝက်ဘ်ဆိုက်၏ VT ဌာနခွဲ သို့သွားပါ။
- ဆက်သွယ်ရန်အချက်လက်သည် ဤလမ်းညွှန်စာအုပ်၏ ရင်းမြစ်များအပိုင်းတွင်း ရှိပါသည်။

## ငှားရမ်းခကို မပေးဘဲထားခြင်း*

ငှားရမ်းခ မပေးဘဲထားခြင်းအတွက် Vermont ဥပဒေက အကြောင်းရင်း **တစ်ခု** အတွက်သာ ခွင့်ပြုပါသည် – အိမ်ငှား၏**ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး** ကို ထိခိုက်သည့် ကျန်းမာရေးကျင့်ဝတ် သို့မဟုတ် အသက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆိုးဆိုးရွားရွားချိုးဖောက်မှုများနှင့် အဆိုပါအဆင့်များကို အိမ်ငှားမှ **လုပ်ပြီးမှသာ** -

- အိမ်ငှားသည် ပြဿနာအတွက် စာဖြင့်အသိပေးစာကို အိမ်ရှင်အား ပေးရပါမည်။ အသိပေးစာကို အတည်ပြုစာပို့ဖြင့် ပေးပို့ခြင်းက အကောင်းဆုံးဖြစ်ပါသည်။
- ထို့နောက်တွင် ပြဿနာကိုပြင်ဆင်ရန် အိမ်ရှင်အား ကျိုးကြောင်းဆီလျော်သည့် အချိန်ကာလတစ်ခု ခွင့်ပြုပေးပါသည်။
- ပြင်ဆင်မှုပြုလုပ်ရာတွင် အိမ်ရှင်တစ်ဦးအတွက် အချိန်ပမာဏသည် ပြဿနာကဘာလဲဆိုသည့်အပေါ် မူတည်ပါသည်။ (ယင်းက ရက် 30 အစဉ်ဖြစ်လေ့မရှိပါ။)

**အိမ်ငှားအနေဖြင့် လုပ်နိုင်သည်မှာလည်း** -

- ၎င်းတို့၏ အငှားစာချုပ်ကို ကျိုးကြောင်းဆီလျော်သည့် အသိပေးချက်ဖြင့် ချိုးဖျက်ပါ။
- အရေးယူလုပ်ဆောင်မှုကို တားမြစ်ခြင်းမှ ကင်းလွတ်အောင် ရှာဖွေပါ (တရားရုံးအမိန့်တစ်ခု ရယူပါ)။
- အိမ်ရှင်အားဆန့်ကျင်၍ အရပ်သားတရားစွဲဆိုမှု တစ်ခု တင်သွင်းပါ။

9 V.S.A. အခန်း 137 §4458

***ငှားရမ်းခတစ်ခုကို မပေးဘဲထားခြင်းသည် ပြင်းထန်လေးနက်သည့် အဆင့်တစ်ခုဖြစ်ပြီး အိမ်ငှားရွှေ့နေ သို့မဟုတ် ဥပဒေအကြံပေးတစ်ဦးထံမှ အကြံဉာဏ်မရသေးမချင်း မလုပ်သင့်ပါ။ Vermont အိမ်ငှားများက သင့်လျော်သည့် လုပ်ထုံးလုပ်နည်းအတိုင်း မလိုက်နာခဲ့သည့်အတွက် ရလဒ်အနေဖြင့် နှင်ချခံရသူ အများအပြားနှင့် နှစ်စဉ် စကားပြောဆိုပါသည်။** *အိမ်ရှင်မှ နှင်ချမှုလုပ်ငန်းစဉ်တစ်ခု စတင်သည့်ဖြစ်ရပ်တွင် ရရှိနိုင်အောင် ငှားရမ်းသူအနေဖြင့် ငွေကို မဖြစ်မနေဘေးဖယ်ထားပါ။* (“ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်း ထည့်ပေးရန် ကြားနာမှုများ” တွင် ကြည့်ပါ)

## အကယ်၍ ပိုင်ရှင်သည် ရဖိုးငွေအတွက် ပေးချေရန်တာဝန်ရှိပြီးငွေတောင်းခံလွှာကို မပေးချေပါက -

- သင်၏ မြို့နယ် ကျန်းမာရေးအရာရှိ (Town Health Officer) ထံ ဆက်သွယ်ခြင်းဖြင့် စတင်ပါ။
- အကယ်၍ ပိုင်ရှင်က အရာရှိ၏ညွှန်ကြားချက်များအတိုင်း လိုက်နာမည်မဟုတ်ပါက သို့မဟုတ် သင့်အနေဖြင့် ကြည့်ရှုစစ်ဆေးမှုပြီးမြောက်စေရန် လုပ်နိုင်စွမ်းမရှိပါက အခြားရွေးချယ်စရာများ ရှိပါသေးသည်။
- အကယ်၍ ပိုင်ရှင်က ရဖိုးငွေတောင်းခံလွှာကို ပေးရန်ပျက်ကွက်ပြီး ရေမီးအသုံးအဆောင်များကို ပိတ်လိုက်ပါက ငှားရမ်းသူများအနေဖြင့် ရအေတွက် ဝန်ဆောင်မှုကို ၎င်းတို့၏အမည်ဖြင့်ထားရန် ရွေးချယ်စရာတစ်ခုပေးသည့် ဥပဒေတစ်ရပ်ကို 2015 ခုနှစ်တွင် အတည်ပြုလိုက်ပြီး ယင်းအတွင်းရေးထားသည်မှာ -

> *ငွေပေးချေသူ၏အမှားကြောင့် ရေမီးချိတ်ဆက်မှုဖြတ်တောက်ခံရသော အငှားယူနစ်တစ်ခုရှိ အိမ်ငှားတွင် အငှားနေရာရှိ အသုံးအဆောင်များအတွက် ဝန်ဆောင်မှု ဆက်လက်ရရှိရန်နှင့် ရေနွေး မီလ္လာလိုင်း ချိတ်ဆက်မှုပြန်ရအောင် တောင်းဆိုရန် နှင့် ငွေပေးချေရန် အခွင့်အရေးရှိသင့်ပြီး အသုံးအဆောင်ဌာနအနေဖြင့် ၎င်းကို ခွင့်ပြုပေးအပ်ရပါမည်။ ရေနွေး မီလ္လာဆိုင်ရာ ကောက်ခံမှုများ သို့မဟုတ် အခကြေးများသည် အိမ်ငှား၏ ငှားရမ်းခတွင်း ပါဝင်ပါက အိမ်ငှားအနေဖြင့်* 9 V.S.A *အရ မျှနီးစပ်ယ်သို့ ပေးချေခဲ့သည့် ရေနွေး မီလ္လာ ဝန်ဆောင်မှုဆိုင်ရာ ကောက်ခံမှုများ သို့မဟုတ် အခကြေးများအတွက် ကုန်ကျစရိတ်ကို သူ သို့မဟုတ် သူမ၏ အငှားခတွင်းမှ နုတ်ယူနိုင်ပါသည်။* § 4459. (ပြုပြင်ပြီး နုတ်ယူခြင်း) *ယင်းသို့သော အခြေအနေရပ်များအောက်တွင် ရေမီးအသုံးအဆောင်ဌာနအနေဖြင့် ယခင်ပေးရန် ကျန်ရှိမှုကို ငွေတောင်းခံလွှာတစ်ခါကောက်စာထက်ပို၍ အိမ်ငှားမှပေးချေရန် လိုအပ်စေမည်မဟုတ်ပါ။*
>
> 24 V.S.A. § 5143(c)

*ငှားရမ်းခအတွင်း ရဖိုးငွေပေါ်ဝင်ပါက ငှားရမ်းသူသည် ရဖိုးငွေ ပေးချေရန်အတွက်တာဝန်ကို ဆက်ယူနိုင်သည်ဟု ဆိုလိုပါသည်။ ထို့နောက်တွင် ကုန်ကျစရိတ်ကို ၎င်းတို့၏ လစဉ်ငှားရမ်းခ ပေးချေမှုအတွင်းမှ ဖြတ်နုတ်နိုင်ပါသည်။ ရေမီးအသုံးအဆောင်ဌာနအနေဖြင့် ရက်လွန်ငွေတောင်းခံလွှာများမှ တစ်ခါကောက်စာထက်ပို၍ ငှားရမ်းသူထံမှ မကောက်ခံနိုင်ပါ။

## အကယ်၍ ပိုင်ရှင်သည် မဖြစ်မနေအသုံးအဆောင်များ (အပူပေးခြင်း၊ လျှပ်စစ်ဓာတ်အား၊ ရေ၊ ရေဆိုးစွန့်ပစ်မှု) အတွက် ပေးချေရန်တာဝန်ရှိပါကနှင့် ၎င်းတို့ကို ပံ့ပိုးပေးခြင်းမရှိပါက -

- သင်၏ ကျင့်ဝတ်ဥပဒေဆိုင်ရာ ကြည့်ရှုစစ်ဆေးသူ သို့မဟုတ် မြို့နယ် ကျန်းမာရေးရုံးသို့ ဆက်သွယ်ခြင်းဖြင့် စတင်ပါ။
- အကယ်၍ ပိုင်ရှင်က ကြည့်ရှုစစ်ဆေးသူ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာမည်မဟုတ်ပါက သို့မဟုတ် သင့်အနေဖြင့် ကြည့်ရှုစစ်ဆေးမှုပြီးမြောက်စေရန် လုပ်နိုင်စွမ်းမရှိပါက ငှားရမ်းသူများအနေဖြင့် တရားရုံးတွင် မဖြစ်မနေအသုံးအဆောင်များအတွက် သီးသန့် အရေးပေါ်သက်သာခွင့်အမိန့်တစ်ခု တင်သွင်းရန် ဖြစ်နိုင်ခြေရှိပါသည်။ ယင်းသို့သော အခြေအနေတစ်ရပ်တွင် Vermont အိမ်ငှားများ သို့မဟုတ် ဥပဒေအကြံပြုပေးတစ်ဦးအား ဆက်သွယ်ပါ။
- ရေမီးအသုံးအဆောင်များကို ယူနစ်တစ်ခုထက်ပို၍အသုံးပြုပြီး မီတာသပ်သပ်မရှိချိန်တွင် ဤရွေးချယ်စရာက ပိုကောင်းပါသည်။

> *** ပြဿနာသည် နထိုင်သူများ သို့မဟုတ် ၎င်းတို့၏ဧည့်သည်များမှ တမင်သက်သက်လုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း တစ်ခုမဟုတ်တစ်ခုကြောင့်ဖြစ်ပါက အထက်ပါ အိမ်ငှားဖက်မှဖြေရှင်းမှုများသည် ငှားရမ်းသူများအတွက် မရရှိနိုင်ပါ။**

# အပိုင်း 5 - ဖြစ်နေကျ ပြဿနာများ

## အိမ်နီးချင်းများကြား ကိစ္စရပ်များ



အိမ်နီးချင်းများကြား ပြဿနာများသည် ပါဝင်သူအားလုံးအတွက် စိန်ခေါ်မှုဖြစ်နိုင်ပါသည်။  ၎င်းနှင့် ပတ်သက်၍ ပိုင်ရှင်ဖက်မှ ဘာမျှမလုပ်ဟု ငှားရမ်းသူများဖက်မှ ခံစားရလေ့ရှိပြီး ပိုင်ရှင်များအနေဖြင့် တိုင်ကြားခေါ်ဆိုမှုများဖြင့် ဝန်းရံနှောင့်ယှက်ခံရသည်ဟု မြင်လေ့ရှိကြသည်။ အမှန်တကယ်တွင် အိမ်နီးချင်းများနှင့် မသင့်မြတ်ချိန်တွင် ပိုင်ရှင်တစ်ဦး၌ အစဉ်တာဝန်ရှိလေ့မရှိသည့်အပြင် ပြဿနာရပ်များကိုဖြေရှင်းပေးရန် ၎င်းတို့၏ရွေးချယ်စရာများက အကန့်အသတ်ရှိနိုင်ပါသည်။

ငှားရမ်းသူများထံတွင် "ပရဝုဏ်များတွင် အေးချမ်းသာယာစွာနေရန်" ရပိုင်ခွင့်တစ်ခုရှိသလို ငှားရမ်းသူ နှစ်ဦးကြား အဆင်မပြေမှုနှင့် "စော်ကားနှောင့်ယှက်မှု" တို့က ကြီးမားသောခြားနားချက်တစ်ခုဖြစ်သည်။ စော်ကားနှောင့်ယှက်မှုသည် တစ်ဖက်သပ်ဖြစ်သည်။

စာဖြင့်အငှားစာချုပ်ပါ ကာလအတောအတွင်း ပိုင်ရှင်အတွက် ရရှိနိုင်သည့် တစ်ခုတည်းသောရွေးချယ်စရာမှာ ပြဿနာရှိသည့် ငှားရမ်းသူ တစ်ဦး သို့မဟုတ် နှစ်ဦးလုံး၏ အိမ်ငှားမှုကို အဆုံးသတ်ခြင်း ဖြစ်နိုင်ပြီး  "အကြောင်းတစ်ခုအတွက်" နှင်ချသည့်စွဲဆိုမှုတစ်ခုကို ပိုင်ရှင်ကအနိုင်ရမှသာ ယင်းသို့ဖြစ်နိုင်ပါသည်။ ၎င်းက လွယ်ကူလေ့မရှိတတ်ဘဲ နောက်ဆုံး၌ တရားသူကြီးတစ်ဦးက ဆုံးဖြတ်ပေးပါမည်။  သို့ပါသော်လည်း အိမ်ငှားများထံတွင် အငှားစာချုပ်အတွက် တရားသေအချိန်ကာလတစ်ခု မရှိပါက (ဥပမာ - တစ်လချင်း အငှားစာချုပ်တစ်ခုဖြစ်ပါက သို့မဟုတ် ကုန်ဆုံးသွားပြီဖြစ်သည့် တစ်နှစ်စာ ကနဦး အငှားစာချုပ်တစ်ခုရှိပြီး ၎င်းကို သက်တမ်းမတိုးပါက) အိမ်ရှင်အများစုအနေဖြင့် အကြောင်းရင်းမရှိဘဲ နှင်ချခြင်း သို့မဟုတ် သက်တမ်းမတိုးခြင်းတို့ကို ရိုးရိုးရှင်းရှင်းလုပ်နိုင်ပါသည်။ (အသေးစိတ်သိရှိရန် စာမျက်နှာ 39 ကို ကြည့်ပါ)။

**ငှားရမ်းသူတစ်ဦး၏ အေးချမ်းသာယာစွာနေရန် အခွင့်အရေးအပေါ် ချိုးဖောက်မှုများအတွက် ဥပမာ များ -:**

- သင်၏မြို့နယ်မှ "အသံမထွက်ရမည့် အချိန်နာရီများ" အဖြစ် သတ်မှတ်ထားသည့် အချိန်များတွင် အသံအလွန်အကျယ်ပြုခြင်း။
- အများသုံးဧရိယာများတွင်း ရှိနေစဉ် နှောင့်ယှက်ခြင်း။
- သင် သို့မဟုတ် သင်၏ဧည့်သည်များအပေါ် အကြမ်းဖက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများ။
- သင်၏အိမ်ခြံမြေကို ပျက်စီးစေခြင်း။

### ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ကိုးကားချက်များကို စစ်ဆေးပါ။
- အများနှင့်သင့်မြတ်သည့် ငှားရမ်းသူများကိုရှာဖွေခြင်းက အဆိုပါပြဿနာများကို ကူညီရှောင်ရှားပေးနိုင်ပါသည်။
- ငှားရမ်းသူအသစ်များကို ရှာဖွေရာတွင် လက်ရှိ ငှားရမ်းသူများကို ပါဝင်စေပါ။ နေထိုင်ရန် အလားအလာကောင်းသူများနှင့် တွေ့ဆုံရန် အခွင့်အလမ်းတစ်ခု ၎င်းတို့အား ပေးအပ်ပါ။

### ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ပုံမှန် နေ့စဉ်ထွက်နေကျအသံသည် သင်၏အခွင့်အရေးများအပေါ် ချိုးဖောက်မှုတစ်ခု မဟုတ်ပါ။
- ပိုင်ရှင်ကို မထည့်သွင်းမီ ပြဿနာများကို ဖြေရှင်းရန် ကြိုးစားပါ။ သင့်အိမ်နီးချင်းနှင့် "မသင့်မြတ်မှု" သည် သင့်အိမ်ရှင်၏ မဖြစ်မနေပြဿနာမဟုတ်ပါ။
- သင့်အားနှောင့်ယှက်သည့် အိမ်နီးချင်းများနှင့် မ ဆက်ဆံပါနှင့်။
- အကယ်၍ သင်က "တန်ပြန်နှောင့်ယှက်ခြင်း" သို့မဟုတ် ၎င်းတို့နှင့် ရန်ဖြစ်ရာတွင် ပါဝင်ခြင်းလုပ်ပါက သင်၏ငှားရမ်းမှုသဘောတူညီချက်ကို သင်လည်း ချိုးဖောက်နေနိုင်ပါသည်။
- အောက်တွင် စာရင်းဖော်ပြထားသော ချိုးဖောက်မှုများကို ပိုင်ရှင်ထံသို့ စာဖြင့်ရေးသား အစီရင်ခံပါ။
- သင့်လျော်ချိန်ပါက *ပြင်းထန်လေးနက်သည့်* ချိုးဖောက်မှုများကို ရဲထံ အစီရင်ခံပါ။ ရဲထံ အစီရင်ခံစာ မိတ္တူတစ်စောင်ကို ပိုင်ရှင်ထံပေးပို့ပါ။
- စိတ်ရှည်ပါ။ ပိုင်ရှင်အနေဖြင့် နှောင့်ယှက်စော်ကားသည့် အိမ်နီးချင်းကို အိမ်မှနှင်မထုတ်နိုင်ပါ။ အိမ်မှ နှင်ချခြင်းက အချိန်ယူပါသည်။
- အကူအညီရရှိရန် Vermont အိမ်ငှားများ ကို ဆက်သွယ်ပါ။

# မြက်ခင်းစောင့်ရှောက်မှုနှင့် ဆီးနှင်းဖယ်ရှားမှု



- မြက်ခင်းစောင့်ရှောက်မှု သို့မဟုတ် ဆီးနှင်းဖယ်ရှားမှုတို့သည် ငှားရမ်းမှုသဘောတူညီချက်တစ်ခု၏ စည်းမျဉ်းစည်းကမ်းများအတွင်း မပါဝင်သရွေ့ ပိုင်ရှင်များအနေဖြင့် ၎င်းတို့ကို လုပ်ပေးရန် မလိုအပ်ပါ။
- ဆီးနှင်းဖယ်ရှားမှု ပါဝင်ပါက ယေဘုယျအားဖြင့် ၎င်းသည် ကားရပ်နားရန်ဧရိယာများနှင့် ကားအဝင်လမ်းများဟု ဆိုလိုပြီး အိမ်ဝင်ပေါက်တစ်ခုစီအထိ နှင်းကော်ခြင်း မပါဝင်ပါ။ ပိုင်ရှင်က ဘာကိုလုပ်ပြီး ဘာကိုမလုပ်မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းသိရန် ၎င်းနှင့် စကားပြောပါ။
- ငှားရမ်းမှု သဘောတူညီချက်အတွင်း မြက်ခင်းစောင့်ရှောက်မှု မပါဝင်ပါက ၎င်းသည် ယေဘုယျအားဖြင့် ငှားရမ်းသူ၏ တာဝန်ဖြစ်ပါသည်။
- အကယ်၍ လူထုကျန်းမာရေး ဘေးအန္တရာယ်ဖြစ်ရန် အမှတ်တစ်ခုရောက်လာသည်အထိ အိမ်ခြံမြေကို မထိန်းသိမ်းဘဲပစ်ထားပါက ကျင့်ဝတ်ဥပဒေ ကြည့်ရှုစစ်ဆေးသူ သို့မဟုတ် မြို့နယ်ကျန်းမာရေးအရာရှိက ပိုင်ရှင်အနေဖြင့် ၎င်းအားရှင်းလင်းပေးရန် လိုအပ်စေနိုင်ပါသည်။ ယင်းသို့သော ကိစ္စရပ်တွင် မြက်ခင်းစောင့်ရှောက်မှုသည် ငှားရမ်းသူ၏တာဝန်ဖြစ်ခဲ့ပါက ပိုင်ရှင်သည် အမှန်တကယ်ကျသင့်သည့် ကုန်ကျစရိတ်များအတွက် ငှားရမ်းသူထံမှ ကောက်ခံနိုင်ပါသည်။

# ကားရပ်နားခြင်း

- ငှားရမ်းမှု သဘောတူညီချက်၏ စည်းမျဉ်းစည်းကမ်းများတွင်း မပါဝင်သရွေ့ ပိုင်ရှင်များအနေဖြင့် ကားရပ်နားရန်နေရာ ပေးအပ်ရန်မလိုအပ်ပါ။
- "ချို့ယွင်းချက်ရှိသူ ကားရပ်နားရန်နေရာ" အဖြစ် မသတ်မှတ်သရွေ့ ကားရပ်နားရန်နေရာတစ်ခုအတွက် ပိုင်ရှင်များက ငှားရမ်းသူများထံမှ ကောက်ခံခြင်းသည် တရားဝင်ပါသည်။
- စာဖြင့် အငှားစာချုပ်တွင်း ကားရပ်နားရန်နေရာ ပါဝင်ပြီး ၎င်းအားမပေးအပ်ပါက အိမ်ရှင်အနေဖြင့် အငှားစာချုပ်အတိုင်း လိုက်နာလာစေရန် ငှားရမ်းသူများသည် "ပူပြင်ပြီး ဖြတ်နုတ်ခြင်း"ကို အသုံးပြုနိုင်ပါသည်။




# TV ဂြိုဟ်တုဖမ်းသည့်အပြားများနှင့် အန်တင်နာများ

အဆိုပါဝန်ဆောင်မှုများကို Vermont အိမ်ရှင်အိမ်ငှားဥပဒေတွင်း ကိုင်တွယ်ပြောဆိုခြင်းမရှိချိန်တွင် ၎င်းတို့ကို FCC စည်းမျဉ်းစည်းကမ်းများဖြင့် ခြုံငုံကာကွယ်ပေးထားပါသည်။

အန်တင်နာနှင့် ဂြိုဟ်တုဖမ်းသည့်အပြားများ တပ်ဆင်ခြင်းအတွက် FFC မှ ထုတ်ပေးထားသည့် အချက်အလက်စာရွက် တစ်ရွက်ကို ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင် တွေ့ရှိနိုင်ပါသည်။



# ရေမီးအသုံးအဆောင် လမ်းကြောင်းပြောင်းခြင်း

ရေမီးအသုံးအဆောင် လမ်းကြောင်းပြောင်းခြင်းဆိုသည်မှာ ငှားရမ်းသူသည် ၎င်းတို့ယူနစ်၏ အပြင်၌အသုံးပြုသည့် ရေမီးအသုံးအဆောင်အတွက် ပေးချေသည့် အခြေအနေတစ်ရပ်ကို ခွဲခြားဖော်ပြရန်အသုံးပြုသည့် အခေါ်အဝေါ်ဖြစ်ပါသည်။ ၎င်းတွင် အဆောက်အဦးအပြင်ဖက် သို့မဟုတ် ၎င်းတို့ကိုယ်ပိုင် လူနေအိမ် သို့မဟုတ် လုပ်ငန်းကဲ့သို့သော အများသုံးဧရိယာများ၊ အခြားယူနစ်များ သို့မဟုတ် ပိုင်ရှင်မှ တစ်ဦးတည်းသီးသန့်အသုံးပြုသည့် ဧရိယာများပါဝင်ပါသည်။ ငှားရမ်းသူတစ်ဦးသည် ၎င်းတို့အသုံးမပြုနေသည့် ရေမီးအသုံးအဆောင်များအတွက် ပေးချေနေရနိုင်သည်ဟု ထင်ပါက ၎င်းတို့အနေဖြင့် ပိုင်ရှင်နှင့် စတင်ပြောဆိုသင့်ပါသည်။ အကယ်၍ ပြဿနာကို မဖြေရှင်းနိုင်ပါက အောက်ပါတို့သည် ဖြစ်နိုင်ခြေရှိသော ရွေးချယ်စရာအချို့ဖြစ်ပါသည် -

## ငှားရမ်းသူများအတွက် ရရှိနိုင်သော ရွေးချယ်စရာများ

- လိုင်စင်ရ လျှပ်စစ်ပညာရှင် အများစုသည် ယင်းသို့သော ဝိုင်ယာသွယ်သည့်စနစ်တစ်ခုကို ဆက်သွယ်ပေးမည်မဟုတ်ပါ။ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းကို လိုင်စင်မရှိသူတစ်ဦးမှ ပြုလုပ်ခဲ့သည်ဟု သင်ထင်ပါက ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်မီးဆိုင်ရာ ကျင့်ဝတ်ဥပဒေများအတိုင်း လိုက်နာမှုရှိမရှိ စစ်ဆေးမှုလုပ်ရန် Vermont လူထုဘေးအန္တရာယ်ကင်းရှင်းရေးဌာန (Vermont Department of Public Safety)၏ မီးဘေးအန္တရာယ် ကင်းရှင်းရေးဌာနခွဲ (Fire Safety Division) ကို ဆက်သွယ်ပါ။ အစီရင်ခံစာ မိတ္တူတစ်စောင် ရယူပါ။
- ၎င်းတို့ကိုယ်ပိုင် ကျင့်ဝတ်ဥပဒေစိုးမိုးရေးရုံးများရှိသည့် စည်ပင်သာယာဒေသများသည် မီးဘေးအန္တရာယ် ကင်းရှင်းရေး ကျင့်ဝတ်ဥပဒေများကိုလည်း စိုးမိုးစေနိုင်ပါသည်။
- ကြည့်ရှုစစ်ဆေးမှုအရ သင်သည် သင့်ယူနစ်ပြင်ပရှိ ဧရိယာများအတွက် ပေးချေနေကြောင်း ပြသပါက သင့်၏ကျော်လွန်ပေးချေမှုကို ခန့်မှန်းပြီး ပိုင်ရှင်ထံ ငွေတောင်းခံလွှာတစ်စောင် ပေးပို့ပါ။
- အကယ်၍ အခြေအနေကို မဖြေရှင်းနိုင်ပါက အသေးစားတိုင်ကြားချက်များဆိုင်ရာ တရားရုံးတွင် စွဲဆိုမှုတစ်ခု တင်သွင်းနိုင်ပါသည်။
- သင်၏ယူနစ်တွင်းမဟုတ်သည့် ဧရိယာများအတွက် သင်ပေးချေနေရသည်ဟု သံသယရှိပါသော်လည်း လျှပ်စစ်မီးပိုင်းဆိုင်ရာ ကျင့်ဝတ်ဥပဒေ သို့မဟုတ် မီးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ချိုးဖောက်မှုတစ်ခု မရှိပါက ၎င်းက တရားဝင် ကြည့်ရှုစစ်ဆေးမှုပြုရန် တောင်းဆိုပါသည်၊ သင်ဘာအတွက် ပေးနေကြောင်း မှတ်တမ်းတင်ရန် သင့်ကိုယ်ပိုင် လျှပ်စစ်ပညာရှင်တစ်ဦး ငှားရမ်းနိုင်ပြီး အဆိုပါမှတ်တမ်းကို အသေးစားတိုင်ကြားချက်များဆိုင်ရာ တရားရုံးတွင် အသုံးပြုနိုင်ပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ယူနစ်တစ်ခုစီရှိ အသုံးအဆောင်များအတွက် သီးခြားစီ မီတာတပ်သင့်ပါသည်။ အများသုံးဧရိယာများကို သင့်အမည်ပါအကောင့်တစ်ခုသို့ သီးခြား မီတာတပ်သင့်ပါသည်။
- လူတစ်ဦးချင်းစီအတွက် မီတာတပ်ဆင်ရန် မဖြစ်နိုင်ပါက အသုံးအဆောင်ခကို ငှားရမ်းခအတွင်း ထည့်သွင်းသင့်ပါသည်။
- ပိုင်ရှင်များအနေဖြင့် အများသုံး၊ ထိန်းချုပ်ထားသော အသုံးအဆောင်များကို ၎င်းတို့၏ငှားရမ်းသူများထံ "ပြန်လည်ရောင်းချခြင်း"သည် ဥပဒေနှင့်ဆန့်ကျင်ပါသည်။ ထိန်းချုပ်ထားသည့် အသုံးအဆောင်များတွင် ရေ၊ လျှပ်စစ်မီးနှင့် ပိုက်ဖြင့်လာသည့် သဘာဝဓာတ်ငွေ့များ ပါဝင်သည်။

# အိမ်အသုံးအဆောင်များ

- ပိုင်ရှင်များအနေဖြင့် မီးဖိုနှင့် ရေခဲသေတ္တာကဲ့သို့သော အိမ်အသုံးအဆောင်များပေးအပ်ရန် မလိုအပ်ပါ။
- အကယ်၍ အိမ်အသုံးအဆောင်များ ပေးအပ်ပါက ပိုင်ရှင်အနေဖြင့် ၎င်းတို့ကို အလုပ်ကောင်းကောင်းလုပ်သည့် အခြေအနေဖြင့် ထိန်းသိမ်းပေးရန် ဝတ္တရားရှိပါသည်။
- ပိုင်ရှင်တစ်ဦးအနေဖြင့် အငှားစာချုပ်တွင်း အိမ်အသုံးအဆောင်များ၏ အခြေအနေနှင့်ပတ်သက်၍ မည်သည့်ကိုယ်စားပြုမှုမှ မလုပ်ဟုဆိုသည့် ပြဋ္ဌာန်းချက်တစ်ခု ထည့်သွင်းခြင်းနှင့် အိမ်အသုံးအဆောင်များအား ပြုပြင်မှုအားလုံးအတွက် ငှားရမ်းသူထံတွင် တာဝန်ရှိသည်ဟု ရှင်းလင်းဖော်ပြခြင်းဖြင့် အိမ်အသုံးအဆောင်များ ထိန်းသိမ်းမှုတာဝန်ကို ရှောင်ရှားနိုင်စွမ်းရှိနိုင်ပါသည်။
- ပိုင်ရှင်တစ်ဦးက ၎င်းတို့တာဝန်ရှိသည့် ပျက်စီးနေသော အိမ်အသုံးအဆောင်တစ်ခုကို မပြင်ဆင်ပါက ငှားရမ်းသူသည် ၎င်းကို ပြင်ဆင်နိုင်ပြီး ကုန်ကျစရိတ်ကို ငှားရမ်းခတွင်းမှ ဖြတ်နုတ်နိုင်ပါသည်။ ၎င်းအား သင့်လျော်စွာ ပြုလုပ်ပုံနည်းလမ်းရရှိရန် ‘‘ပြုပြင်ပြီး ဖြတ်နုတ်မှု’’တွင် ကြည့်ရှုပါ။

# အပိုင်း 6 - ရွှေ့ပြောင်းထွက်ခွာခြင်း

## အငှားစာချုပ်တစ်ခုကို ချိုးဖျက်ခြင်း

အငှားစာချုပ်သည် ဥပဒေအရ နှောင်တွယ်ထားသည့် စာချုပ်တစ်ခုဖြစ်ပါသည်။ ငှားရမ်းသူတစ်ဦးက အငှားစာချုပ်ကို ချိုးဖျက်ခြင်း၏ ငွေကြေးဆိုင်ရာအကျိုးဆက်များသည် ပြင်းထန်နိုင်ပါသည်။

Vermont ဥပဒေအရ ယူနစ်ကို ထပ်မံငှားရမ်းပြီးသည်အထိ ငှားရမ်းသူအား အငှားစာချုပ်နှင့် ငွေကြေးအရနှောင်တွယ်ထားရှိရန် ပိုင်ရှင်အား ခွင့်ပြုပါသည်။ ၎င်းက ပိုင်ရှင်အနေဖြင့် ထပ်မံငှားရမ်းမှုတွင်း ပါဝင်သည့် ကျိုးကြောင်းဆီလျော်သော ကုန်ကျစရိတ်များအတွက် ငှားရမ်းသူထံမှ ကောက်ခံရန်လည်း ခွင့်ပြုပါသည်။

### အငှားစာချုပ်တစ်ခုကို ချိုးဖျက်ခြင်းအတွက် တရားဝင်အကြောင်းပြချက်များ

- နေထိုင်သူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်တစ်ခု ဖော်ပြသည့် ပြင်းထန်လေးနက်သော ကျန်းမာရေး သို့မဟုတ် အသက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ချိုးဖောက်မှုများ၊ သို့သော် **အောက်ပါတို့ ဖြစ်ပြီးမှသာ** -
    - ငှားရမ်းသူက ပြဿနာအကြောင်း စာဖြင့်အသိပေးချက်ကို ပိုင်ရှင်ထံသို့ ပေးအပ်သည်။

    ထို့အပြင်

    - ပိုင်ရှင်အနေဖြင့် ပြဿနာကို ပြင်ဆင်ရန် "ကျိုးကြောင်းဆီလျော်သည့်" အချိန်ကာလတစ်ခု ခွင့်ပြုပေးထားသည်။
    - အကယ်၍ ပြဿနာကို မဖြေရှင်းပေးပါက ငှားရမ်းသူသည် ထွက်ခွာရန် "ကျိုးကြောင်းဆီလျော်သည့် အသိပေးချက်" ပေးရပါဦးမည်။
- ငှားရမ်းသူအား လက်နက်ကိုင်အင်အားစုများမှ တက်ကြွစွာတာဝန်ထမ်းဆောင်ရန် ခေါ်ယူခဲ့သည်။
- မသန်စွမ်းမှုရှိသော ငှားရမ်းသူတစ်ဦး၏ ကျိုးကြောင်းဆီလျော်သည့် နေရာချထားမှု တောင်းဆိုချက် တစ်စိတ်တစ်ပိုင်းအနေဖြင့်။
- Vermont အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုဥပဒေအရ အိမ်တွင်း အလွဲသုံးစားပြုမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့် နောက်ယောင်ခံလိုက်မှုတို့၏ သားကောင်များအတွက် အားထုတ်လုပ်ဆောင်သည့် အကာအကွယ်ပေးမှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်။

**အငှားစာချုပ်တစ်ခုကို ချိုးဖျက်ရန် စဉ်းစားနေသည့် ငှားရမ်းသူများအနေဖြင့် မပြုလုပ်မီ ဥပဒေရေးရာ အကြံဉာဏ်ရယူသင့်သည်။**

### ပိုင်ရှင်များအတွက် အကြံပြုချက်များ

- စာဖြင့်အငှားစာချုပ်တစ်ခု အသုံးပြုပါ။
- ငှားသူတစ်ဦးသည် အချိန်မရွေးထွက်ခွာနိုင်သော်လည်း သင့်ထံတွင် ကာလပိုရှည်ကြာသည့် အငှားစာချုပ်တစ်ခုရှိပါက အငှားချထားသည့်ကာလအတွက် ငှားရမ်းသူအား ငွေကြေးအရ တာဝန်ခံခိုင်းနိုင်ပါသည်။
- အကယ်၍ ငှားရမ်းသူတစ်ဦးသည် စောစီးစွာ ရွှေ့ပြောင်းထွက်ခွာပါက ယူနစ်ကို ထပ်မံငှားရမ်းဖို့ ကြိုးစားရန် အိမ်ရှင်ထံတွင် တရားဝင်ဝတ္တရားတစ်ခုရှိပါသည်။



## ရွှေ့ပြောင်းထွက်ခွာတော့မည့် ငှားရမ်းသူများအတွက် အသိပေးစာဆိုင်ရာ လိုအပ်ချက်များ

- **ဥပဒေသည် ရက် 30 အသိပေးချက်တစ်ခု မဟုတ်ပါ၊ ၎င်းသည်** -
    - ငှားရမ်းကာလ အပြည့်တစ်ခုထက် မလျော့နည်းသည့် စာဖြင့် အသိပေးချက် ဖြစ်သည်
    - အကယ်၍ ငှားရမ်းခကို ပထမဆုံးရက်တွင် ပေးချေသည်ဖြစ်ပါက အသိပေးလ၏ နောက်ဆုံးရက်တွင် ထွက်ရှိရန် အသိပေးစာကို အဆိုပါလ၏နောက်ဆုံးရက်တွင် ပေးသင့်ပါသည်။
    - ဥပမာ - ဇွန်လ 30 ရက်နေ့ သို့မဟုတ် ယင်းမတိုင်မီ အသိပေးစာ သင်ပေးပါက သင်၏အသိပေးကာလသည် ဇူလိုင်လအတွက် ဖြစ်ပါသည်။ သင့်အနေဖြင့် ဇူလိုင်လ 31 ရက်နေ့ ညဥ့်သန်းခေါင်မတိုင်မီ ထွက်ခွာပါသည်။
- အငှားစာချုပ်အတွင်း အခြားတစ်နည်းဖြင့် မဖော်ပြသရွေ့ အထက်ပါ အသိပေးချက်ကိုအသုံးချပါသည်။ အကယ်၍ အငှားစာချုပ်သည် ရက် 30 ဟု ဆိုပါက ၎င်းသည် သင်ပေးရမည့် အသိပေးချက်ဖြစ်ပြီး လအလယ်တွင် ပြောင်းရွှေ့ရန် အသိပေးခြင်းကို ခွင့်ပြုပါသည်။ အငှားစာချုပ်သည် အသိပေးကာလ ပိုရှည်ရှည်လိုအပ်ပါက အသိပေးစာတွင် ယင်းအကြောင်း ဖော်ပြပေးရပါမည်။ အငှားစာချုပ်က သက်တမ်းကုန်သွားသည့်တိုင် ယင်း အတိုင်းမှန်ကန်ပါသည်။
- Burlington မြို့ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များအရ ရွှေ့ပြောင်းထွက်ခွာမည့် အိမ်ငှားတစ်ဦးသည် အငှားစာချုပ်တွင်း အခြားတစ်နည်းဖြင့် မဖော်ပြသရွေ့ ငှားရမ်းကာလ နှစ်ခုအပြည့်စာအသိပေးချက် ပေးအပ်ရန် လိုအပ်စေပါသည်။
- ပိုင်ရှင်များအနေဖြင့် ငှားရမ်းခဝင်ငွေ ဆုံးရှုံးပါက အသိပေးချက်မလုံလောက်မှုအတွက် စပေါ်ချထားငွေထဲမှ ဖြတ်နုတ်နိုင်ပါသည်။

### ပိုင်ရှင်များအတွက် အကြံပြုချက်များ

- အကယ်၍ ငှားရမ်းသူတစ်ဦးသည် ၎င်းတို့ ထွက်ခွာတော့မည်ဟု နှုတ်ဖြင့်အသိပေးချက်တစ်ခု ပေးပါက ၎င်းကို စာဖြင့်ထားပေးရန် တောင်းဆိုပါ။
- ငှားရမ်းသူသည် အငှားချထားသည့်ကာလ မပြီးဆုံးမီ ထွက်ခွာပါက ယူနစ်ကို ထပ်မံငှားရမ်းရန် သင်ကြိုးပမ်းကြောင်း သေချာအောင်လုပ်ပါ။
- စပေါ်ချထားငွေ ပြန်ပေးရန်အချိန်သည် ငှားရမ်းသူ ထွက်ခွာသည့်ရက်စွဲမှ စတင်ရေတွက်ပါသည်၊ အငှားစာချုပ် သို့မဟုတ် အသိပေးကာလ ပြီးဆုံးချိန်မဟုတ်ပါ။

### ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင်း ပေးအပ်ထားသော နမူနာ ရွှေ့ပြောင်းထွက်ခွာမှု အသိပေးချက် ကို အသုံးပြုပါ။
- တရားဝင် လိုအပ်ချက်ထက် ကျော်လွန်၍ တတ်နိုင်သလောက် အသိပေးချက်များများ ပေးပါ။

## ရွှေ့ပြောင်းထွက်ခွာချိန် အခြေအနေများအတွက် မျှော်မှန်းချက်များ

ယေဘုယျ ကောက်ချက်မှာ ငှားရမ်းသူများသည် ယူနစ်ကို ၎င်းတို့တွေ့ရှိခဲ့သည့် အခြေအနေအတိုင်း ချန်ထားရန်ဖြစ်ပါသည်။ သာမန် ယိုယွင်းပျက်စီးမှုကို မျှော်မှန်းထားသင့်ပြီး စပေါ်ချထားငွေထဲမှ ဖြတ်နုတ်ခြင်းမပြုနိုင်ပါ။ နေထိုင်သူများကြားတွင် ပုံမှန်ထိန်းသိမ်းပြင်ဆင်မှုများလုပ်ရန်မှာ ပိုင်ရှင်၏တာဝန်ဖြစ်သည်၊ ငှားရမ်းသူ၏ တာဝန်မဟုတ်ပါ။

### ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ပျက်စီးမှုတစ်ခုခုရှိပါက ဓာတ်ပုံများရိုက်ပါ။
- ယူနစ်တစ်ခုလုံးကို စာဖြင့် စစ်ဆေးရန်စာရင်း တစ်ခုဖြင့် အနီးလျှောက်ကြည့်ပါ (ရွှေ့ပြောင်းဝင်ရောက်ချိန်တွင် အသုံးပြုသည့် ဖောင်ပုံစံအတူတူ ဖြစ်သင့်ပါသည်)။
- ရွှေ့ပြောင်းထွက်ခွာမှု ကြည့်ရှုစစ်ဆေးရာတွင် ငှားရမ်းသူရှိနေစရာ မလိုအပ်ပါ။

### ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ရွှေ့ပြောင်းထွက်ခွာခြင်းမပြုမီ 2 ပတ်မှ 3 ပတ်အလိုတွင် သင်နှင့်အတူ အိမ်ခန်းတစ်ခုလုံးအနှံ့ လျှောက်ကြည့်ရန် ပိုင်ရှင်အား တောင်းဆိုပါ။ သင်၏တာဝန်ဖြစ်သည်ဟု ၎င်းတို့ခံစားရသည့် ပြုပြင်စရာများကို လက်ညှိုးထိုးပြခိုင်းပါ။
- အကယ်၍ ပြုပြင်မှုများသည် သင်၏တာဝန်ဖြစ်သည် မဖြစ်သည် သင်မသေချာပါက - အကူအညီရရှိရန် Vermont အိမ်ငှားများ ကို ခေါ်ဆိုပါ။
- သင်၏ပိုင်ဆိုင်ပစ္စည်းများကို အပြင်ရွှေ့ထုတ်ပြီး ယူနစ်အား သန့်ရှင်းရေးလုပ်ပြီးနောက်တွင် ဓာတ်ပုံများရိုက်ပါ။
- ညှော်သည်များကြောင့် သို့မဟုတ် မတော်တဆမှုကြောင့် ဖြစ်ပွားသည့် ပျက်စီးမှုများအတွက် သင်တာဝန်ရှိပါသည်။

# စပေါ်ငွေချထားမှုကို ပြန်အမ်းမှုများနှင့် အငြင်းအခုန်များ

အခြေအနေရပ်အများစုတွင် စပေါ်ငွေအတွက် အငြင်းအခုန်များကို အသေးစားတိုင်ကြားချက်များဆိုင်ရာ တရားရုံးတွင် ဖြေရှင်းပါသည်။* တရားရုံးတွင် အရေးယူဆောင်ရွက်ရခြင်းကို ရှောင်ရှားရန် သို့မဟုတ် သဘောထားမတိုက်ဆိုင်မှုကို ဖြေရှင်းရန် တရားစွဲဆိုမှုတစ်ခု လိုအပ်ပါက သက်သေအထောက်အထားအဖြစ် ရွှေ့ပြောင်းဝင်ရောက်ချိန်ရှိ ယူနစ်၏အခြေအနေကို ရှင်းရှင်းလင်းလင်း မှတ်တမ်းတင်ထားရန် နှစ်ဦးနှစ်ဖက်လုံးအတွက် အစဉ်အမြဲဦးစားပေးဖြစ်ပါသည်။

*Burlington တွင် အသေးစားတိုင်ကြားချက်များဆိုင်ရာ တရားရုံးအစား အိမ်ရာစိစစ်သုံးသပ်ရေး ဘုတ်အဖွဲ့ကို အသုံးပြုနိုင်သည်။

## စပေါ်ငွေ ပြန်အမ်းခြင်း

- Vermont ဥပဒေအရ ပိုင်ရှင်များသည် ငှားရမ်းသူက ၎င်းတို့ ရွှေ့ပြောင်းထွက်ခွာပြီးကြောင်း အသိပေးသည့်ရက် သို့မဟုတ် ၎င်းတို့ ရွှေ့ပြောင်းထွက်ခွာပြီးဖြစ်ကြောင်း တွေ့ရှိချိန်မှ 14 ရက်အတွင်း ဖြတ်နုတ်မှုများအတွက် အကြောင်းအရာခွဲခြားဖော်ပြချက်တစ်ခုထည့်ပေးပြီး စပေါ်ငွေကို ပြန်အမ်းရပါမည်။
- 14 ရက်ဆိုသည်မှာ အသိပေးစာတွင်း ပေးထားသည့်ရက်စွဲပေါ် မူမတည်ဘဲ ငှားရမ်းသူ ယူနစ်မှထွက်ခွာပြီး နောက်ရက်တွင် စတင်ပါသည်။
- စပေါ်ငွေများသည် 14 ရက်အတွင်းပို့သည့် စာပို့အမှတ်အသားရှိရပါမည်၊ ထိုအချိန်တွင် ငှားရမ်းသူ၏လက်တွင်း ရှိနေဖို့မလိုပါ။
- အကယ်၍ ပိုင်ရှင်သည် ငှားရမ်းသူ၏ လိပ်စာအသစ်ကို မသိပါက စပေါ်ငွေကို နောက်ဆုံးသိရှိခဲ့သည့် လိပ်စာ (ငှားရမ်းသူ ယခုပင် ရွှေ့ပြောင်းထွက်ခွာခဲ့သည့် လိပ်စာ) သို့ ပို့ပေးရမည်။

## စပေါ်ငွေအတွက် အငြင်းအခုန်များ

- အကယ်၍ ပိုင်ရှင်သည် လိုအပ်သည့်အချိန်ဘောင်အတွင်း စပေါ်ငွေပေးပို့ရန် ပျက်ကွက်ပါက ၎င်းတွင်းမှ ဖြတ်နုတ်ပိုင်ခွင့်ကို လက်လွှတ်ဆုံးရှုံးပြီး စပေါ်ငွေအပြည့်အတိုင်း ပြန်အမ်းရမည်။ ၎င်းက ပျက်စီးမှုများ၊ ရေမီးအသုံးစရိတ်များ သို့မဟုတ် မပေးရသေးသည့် ငှားရမ်းခများအတွက် တင်ရှိနေသော ငွေအတွက် ငှားရမ်းသူအား တာဝန်မခံခိုင်းနိုင်ဟု မဆိုလိုပါ။ ပိုင်ရှင်အနေဖြင့် အသေးစားတိုင်ကြားချက်များဆိုင်ရာ တရားရုံးတွင် ဖိုင်တင်သွင်းနိုင်ပါသည်။
- ပိုင်ရှင်များသည် တင်ရှိနေသောငွေနှင့် စပေါ်ငွေပမာဏထက်ကျော်လွန်သည့် ပျက်စီးမှုများအတွက် ငွေကောက်ခံနိုင်ပါသည်။
- အကယ်၍ ပိုင်ရှင်တစ်ဦးက စပေါ်ငွေကို ဆန္ဒအလျောက် မပေးဘဲထားပါက အသေးစားတိုင်ကြားချက်များဆိုင်ရာ တရားရုံး သို့မဟုတ် အိမ်ရာစိစစ်သုံးသပ်ရေး ဘုတ်အဖွဲ့ တစ်ခုမဟုတ်တစ်ခုက စပေါ်ငွေပမာဏ၏ နှစ်ဆပြန်အမ်းရန် ၎င်းတို့အား တာဝန်ခံခိုင်းနိုင်ပါသည်။ ဆန္ဒအလျောက်ဖြစ်ကြောင်း သက်သေပြရန်မှာ ငှားရမ်းသူပေါ် မူတည်ပါသည်။

# ရွှေ့ပြောင်းထွက်ခွာပြီးနောက် ပြန်မတောင်းသည့် ပိုင်ဆိုင်ပစ္စည်း

၎င်းက အောက်ပါတို့အပြီး၌ အငှားယူနစ်တွင်း ချန်ထားခဲ့သော ပိုင်ဆိုင်ပစ္စည်းများအတွက် **သာ** သက်ရောက်ပါသည်၊

- ငှားရမ်းသူများသည် ရွှေ့ပြောင်းထွက်ခွာပြီးဖြစ်ကြောင်း ငှားရမ်းသူက ပိုင်ရှင်ထံ အသိပေးစာပေးအပ်ပြီးပါက၊ သို့မဟုတ်
- ငှားရမ်းသူသည် အငှားချထားသည့်ကာလ ပြီးဆုံးချိန်၌ ရွှေ့ပြောင်းထွက်ခွာပြီးနောက်။




9 V.S.A. §4462(d): *အိမ်ငှားထွက်ခွာပြီးနောက် နေစရာယူနစ်တွင်း သို့မဟုတ် အငှားချထားသည့် ပရဝုဏ်အတွင်း ကျန်ရှိနေခဲ့သော ကိုယ်ပိုင်ပစ္စည်းတစ်ခုခုကို အိမ်ရှင်က အိမ်ငှား သို့မဟုတ် ကိုယ်ပိုင်ပစ္စည်း၏ပိုင်ရှင်အား အသိမပေးဘဲ သို့မဟုတ် တာဝန်ခံစရာမလိုဘဲ လွှင့်ပစ်နိုင်ပါသည်။*

*အိမ်မှနှင်ချပြီးနောက် ချန်ထားခဲ့သော ကိုယ်ပိုင်ပစ္စည်းများအတွက် စာမျက်နှာ 46 ကို ကြည့်ပါ

*ယူနစ်တစ်ခုကို စွန့်ပစ်ထွက်ခွာချိန်တွင် ချန်ထားခဲ့သော ကိုယ်ပိုင်ပစ္စည်းများအတွက် စာမျက်နှာ 47 ကို ကြည့်ပါ

# ကိုးကားချက်များ

အိမ်ငှားတစ်ဦးနှင့် ပတ်သက်၍ ကိုးကားချက်တစ်ခုပေးရန် တောင်းဆိုခံရချိန်တွင် အိမ်ရှင်မှ ပြောဆိုနိုင်သည့် သို့မဟုတ် မပြောဆိုနိုင်သည့် အရာအပေါ် ခြုံငုံကာကွယ်သည့် အိမ်ရှင်အိမ်ငှား ဥပဒေများ မရှိပါ။ ပေးအပ်သည့် အချက်အလက်သည် မမှန်ကန်ပါက ကိုးကားချက်များသည် အသရေဖျက်ခြင်း (စာဖြင့်) နှင့် အတင်းစကား (နှုတ်ဖြင့် ဖော်ပြချက်များ) ဆိုင်ရာ ဥပဒေများတွင်း ကျရောက်နိုင်ပါသည်။ ငှားရမ်းသူများက ပိုင်ရှင်များနှင့် ပတ်သက်သည့် မှတ်ချက်များပြုလုပ်ရာတွင်လည်း အဆိုပါဥပဒေနှစ်ရပ်ကို အသုံးချပါသည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ရိုးသားပါ။
- အတည်ပြုနိုင်သည့် အချက်အလက်များကို ကိုင်စွဲပြီး ယူဆချက်ပုံစံ မှတ်ချက်များကို ရှောင်ရှားပါ။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- မကောင်းသည့် ကိုးကားချက်တစ်ခုက အိမ်ရာအသစ် ရှာဖွေတွေ့ရှိရန် ခဲယဉ်းစေနိုင်ပါမည်။
- တာဝန်သိတတ်သည့် ငှားရမ်းသူတစ်ဦးဖြစ်ပါစေ - ငှားရမ်းခ အချိန်မီပေးချေပါ၊ အငှားစာချုပ်ပါ လိုအပ်ချက်များအတိုင်း လိုက်နာပါ၊ အိမ်ခြံမြေကို ဂရုစိုက်ပါ။
- ကိုးကားချက်တစ်ခုက ကောင်းမည်မဟုတ်ဟု သင်ယုံကြည်ရန် အကြောင်းရင်းရှိပါက သင်ငှားရမ်းရန် ရှာဖွေနေသည့် အိမ်ခြံမြေပိုင်ရှင်နှင့် ရိုးရိုးသားသား တဲ့တိုးပြောဆိုပါ။ သင်၏လက်ရှိငှားရမ်းနေသည့် ပိုင်ရှင်ထံ ခေါ်ဆိုချိန်တွင် အံ့သြတကြီးဖြစ်ရသည်ထက် ယင်းအကြောင်းကို သင့်ထံမှကြားရသည်က အစဉ်အားဖြင့် ပိုကောင်းပါသည်။

## ငှားရမ်းသူများ - ယခင်အိမ်ရှင်တစ်ဦးသည် မကောင်းသည့် ကိုးကားချက်တစ်ခု ပေးအပ်နိုင်သည်ဟု သင်ထင်မြင်ပါက -

- အိမ်ရှင်ကို စာရင်းတွင်း မထည့်ဘဲချန်ထားခဲ့ရန်က ဆွဲဆောင်မှုဖြစ်နိုင်ပါသည်။ သို့သော် အိမ်ရှင်တစ်ဦးကို သင်ချန်ထားခဲ့ပြီး အိမ်ရာအေဂျင်စီ သို့မဟုတ် ထောက်ပံ့ပေးထားသော ယူနစ်၏ ပိုင်ရှင်က အဆိုပါအိမ်ရှင်အကြောင်း တွေ့ရှိသွားပါက လိမ်လည်မှု သို့မဟုတ် သင်၏အိမ်ရာလျှောက်ထားချက်တွင် အချက်အလက်အပြည့်အစုံပေးအပ်ရန် ပျက်ကွက်မှုအပေါ် အခြေပြု၍ သင့်အား အိမ်ရာမပေးရန် ငြင်းဆန်နိုင်ပါသည်။
- သင်၏ ယခင်အိမ်ရှင်နှင့် ပြောဆိုရန် ကြိုးစားပါ။ ငှားရမ်းခကို အချိန်မီပေးချေကြောင်းကဲ့သို့ သင်ကောင်းကောင်းလုပ်ခဲ့သည့်အရာပေါ် အာရုံစိုက်သည့် ရိုးရိုးရှင်းရှင်းကိုးကားချက်တစ်ခု ပေးအပ်ရန် ၎င်းတို့အား တောင်းဆိုပါ။
- အခြေအနေရပ်များ ပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း ပြသပါ၊ ဥပမာအားဖြင့် -
    - နေအိမ်ခန်းတွင်း အခြေအနေများမကောင်းသည့်အတွက် ငှားရမ်းခကို အချို့သော အချိန်ကာလတစ်ခုအတွက် သင်မပေးခဲ့ခြင်းဖြစ်သည်။
    - ဓာတ်ပုံများ၊ ကျန်းမာရေးဘုတ်အဖွဲ့၏ အစီရင်ခံစာများ နေအိမ်ခန်း၏ အခြေအနေကိုမြင်သူများထံမှ ဖော်ပြချက်များကို စုဆောင်းပါ။
    - ဖြေရှင်းပြီးဖြစ်သော သင်၏ငှားရမ်းခပေးချေရာတွင် နောက်ကျစေခဲ့သည့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ငွေကြေးဆိုင်ရာ ပြဿနာတစ်ခု။
    - သင်ရင်ဆိုင်နေရသည့် အလွဲသုံးစားမှုကြောင့် သင့်နေအိမ်ခန်းတွင်း ဖြစ်ပေါ်ခဲ့သည့် အနှောင့်အယှက်များ။ သင့်အခြေအနေကိုသိရှိသော တိုင်ပင်အကြံပေးသူများထံမှ ဖော်ပြချက်များ၊ ရဲအစီရင်ခံစာများ သို့မဟုတ် အနားမကပ်ရန် တားမြစ်မိန့်များကို စုဆောင်းပါ။
    - အိမ်မွေးတိရစ္ဆာန်မထားရသည့် စည်းမျဉ်းကို သင်ချိုးဖောက်နေခဲ့သည့် အိမ်မွေးတိရစ္ဆာန်တစ်ကောင်အတွက် အိမ်သစ်တစ်ခု သင်ရှာဖွေတွေ့ရှိခဲ့သည်။
    - သင်၏ အငှားစာချုပ်အတိုင်း သင်လိုက်နာနိုင်စွမ်းရှိမည့် လူမှုဝန်ဆောင်မှုများကို သင်လက်ခံရရှိနေသည်။



- စည်းဝိုင်းအပြင်ထွက်၍ စဉ်းစားကြည့်ပါ - ကိုးကားချက်တစ်ခုကို မည်သူပေးနိုင်ပါသေးသလဲ။ ပုဂ္ဂိုလ်ရေး ကိုးကားချက်များ၊ ဝန်ထမ်းများ၊ ဆရာဆရာမများ၊ အိမ်နီးချင်းများ၊ အမှုကိုင်မန်နေဂျာများနှင့် ဘာသာရေးခေါင်းဆောင်များကို ထည့်သွင်းစဉ်းစားပါ။
- ငွေကြေးဆိုင်ရာ တာဝန်ယူမှုကို ပြသရန် အခြားနည်းလမ်းများရှိပါသည်။ ပုံမှန်သုံးငွေနှင့် ငွေစုအကောင့်တစ်ခုရှိခြင်းက သင်၏ငွေကို သင်ကိုင်တွယ်နိုင်ကြောင်း ပြသပါသည် သို့မဟုတ် ပူးတွဲလက်မှတ်ထိုးသူတစ်ဦးရှိခြင်းက မည်သူ့ကို ငှားရမ်းမည်ဆိုသည့် အိမ်ရှင်၏ဆုံးဖြတ်ချက်အတွက် ကူညီပေးနိုင်ပါသည်။

# အပိုင်း 7 - အိမ်ငှားမှုကို ပိုင်ရှင်မှ အဆုံးသတ်ခြင်း

## ငှားရမ်းခ မပေးသည့်အတွက် အိမ်ငှားမှုကို အဆုံးသတ်ခြင်း

ငှားရမ်းခ မပေးချေသည့်အတွက် ငှားရမ်းသူ၏ အိမ်ငှားမှုကို အဆုံးသတ်ရန် ပိုင်ရှင်တစ်ဦးက ငှားရမ်းသူတစ်ဦးသို့ ပေးသည့်အသိပေးစာသည် Vermont ဥပဒေအရ အချို့သောလိုအပ်ချက်များနှင့် ပြည့်မီရပါမည်။ အသိပေးစာသည် -

- စာဖြင့်ဖြစ်ပြီး အိမ်ငှားထံသို့ လူကိုယ်တိုင် ပေးပို့ရမည် သို့မဟုတ် စာတိုက်မှပို့ရမည် (အီးမေးလ်၊ စာသားမက်ဆေ့နှင့် ဖေ့စ်ဘွတ်မက်ဆေ့များသည် ဥပဒေအတိုင်း မလိုက်နာပါ)။
- အိမ်ငှားမှ လက်ခံရယူရမည်။
- အိမ်ငှားအနေဖြင့် ငှားရမ်းခပေးရန် 14 ရက် အချိန်ပေးရမည် (အသိပေးစာ ပေးသည့်ရက် မပါဝင်ပါ)။
- တင်ရှိနေသော ယခင်ငှားရမ်းခအတွက် သီးသန့်ပမာဏ ပါဝင်ရမည် (နောက်ကျကြေးမဟုတ်ပါ၊ မပေးချေခဲ့သည့် ရေမီးအသုံးစရိတ်များ မဟုတ်ပါ၊ မပေးချေခဲ့သည့် စပေါ်ချထားငွေ မဟုတ်ပါ)။
- မတိုင်မီထွက်ခွာရန် ရက်စွဲတစ်ခုပေးပါ။
- 14 ရက်အတွင်း ငှားရမ်းခ ပေးချေပါက အသိပေးစာအတွက် ရှင်းလင်းပြီးဖြစ်မည်ဟု အိမ်ငှားအား ပြောပြပါ။

*အကယ်၍ အဆုံးသတ်ကြောင်း အသိပေးစာသည် အဆိုပါလိုအပ်ချက်များအတိုင်း မလိုက်နာပါက တရားရုံးအမှုကို ပယ်ချနိုင်ပါသည်။*

### ငှားရမ်းသူများအတွက် အကြံပြုချက်များ

- ငှားရမ်းခကို သင်ပေးချေနိုင်ခြင်းမရှိကြောင်း သင်သိပါက ၎င်းကိုပေးချိန်မရောက်မီ ပိုင်ရှင်အားပြောပြပါ။
- ပထမဆုံးရက်တွင် တတ်နိုင်သလောက်များများ ပို့ပေးရန် ကမ်းလှမ်းပေးပြီး ပိုင်ရှင်အား အဆိုပါလအတောအတွင်း ကျန်ရှိငွေကို သင်ပေးချေမည့် တိတိကျကျရက်စွဲတစ်ခုပေးပါ။
- **ပိုင်ရှင်ကို မရှောင်ပါနှင့်။** အခြေအနေကိုသာ ပိုမိုဆိုးရွားစေပါလိမ့်မည်။
- အကယ်၍ အသိပေးစာတစ်ခု သင်ရရှိပါက သင်၏ ဒေသန္တရ အသိုင်းအဝိုင်း လှုပ်ရှားမှုရုံးကို ဆက်သွယ်ပြီး သင်၏ရေိယာတွင် ယခင်ငှားရမ်းခအတွက် ကူညီပေးသည့် အစီအစဉ်ရှိမရှိ မေးမြန်းပါ။
- ယူနစ်တွင်းရှိ ပြဿနာများကြောင့် ငှားရမ်းခပေးချေခြင်းကို သင်ရပ်တန့်ခဲ့ပါက သင့်အနေဖြင့် အဆင့်များကို မှန်မှန်ကန်ကန်ပြုလုပ်ရပါမည် (စာမျက်နှာ 28 ရှိ ငှားရမ်းခ မပေးဘဲထားခြင်း (Witholding Rent) ကို ကြည့်ပါ)။ **သင့်ထံတွင် အကြွေးတင်နေသည့်ငွေ ရှိနေသေးရမည်။** အိမ်မှနှင်ချမှုလုပ်ငန်းစဉ် အတောအတွင်း တရားရုံးအကောင့်တစ်ခုတွင်းသို့ ၎င်းအားပေးချေရန် သင့်အား အမိန့်ချထားရန် ဖြစ်နိုင်ခြေများပါမည်။ သင့်ထံတွင် ၎င်းအရာမရှိပါက ပိုင်ရှင်အနေဖြင့် သင့်အားဖယ်ရှားရန် လိုအပ်သည့်စာရွက်စာတမ်းများကို ပိုမြန်မြန်ရနိုင်စွမ်းရှိနိုင်သည်။ (စာမျက်နှာ 44 ရှိ ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်း ထည့်ပေးရန် ကြားနာမှုများ တွင် ကြည့်ပါ)
- ဘတ်ဂျက်ငွေအကူအညီ သင်လိုအပ်ပါက အသိုင်းအဝိုင်း လှုပ်ရှားမှု အစီအစဉ်များ (Community Action Programs) က ငွေကြေးဆိုင်ရာ တိုင်ပင်အကြံပေးရေး ဝန်ဆောင်မှုများ ကမ်းလှမ်းပေးပါသည်။

### ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ဤလမ်းညွှန်စာအုပ်၏ "ကိရိယာများ" အပိုင်းတွင် နမူနာ အသိပေးစာ တစ်စောင်ရှိပါသည်။ **၎င်းအား အပြောင်းအလဲများ မလုပ်ပါနှင့်၊ အမှုကိုပယ်ချခြင်း ဖြစ်သွားစေနိုင်ပါသည်။**
- ငှားရမ်းသူက ငှားရမ်းခပေးချေရန် လပေါင်းများစွာ နောက်ကျသည်အထိ စောင့်ခြင်းသည် အကောင်းဆုံးလုပ်ထုံးမဟုတ်ပါ။ ငှားရမ်းသူ ရရှိနိုင်သောအကူအညီအတွက် ရွေးချယ်စရာများရှိနိုင်ပါသော်လည်း အကြွေးတင်နေသော ပမာဏသည် ယခင်ငှားရမ်းခ နှစ်လစာထက်ပိုနေခြင်းအတွက် မဟုတ်ပါ။
- ယခင်ငှားရမ်းခအတွက် ထောက်ကူမှုက ငှားရမ်းသူထံတွင် အဆုံးသတ်ကြောင်း စာဖြင့် အသိပေးစာတစ်စောင်ရှိရန် လိုအပ်ပါသည်။
- အိမ်ငှားတစ်ဦးအား အိမ်မှနှင့်ချရန် လပေါင်းများစွာအချိန်ယူရသည် ဟူသည့်ယုံကြည်ချက်ဖြစ်ရသည့် အကြောင်းမှာ ယေဘုယျအားဖြင့် ပိုင်ရှင်က နောက်ဆုံး၌ အသိပေးစာ မပေးပို့မီ အချိန်အလွန်အကျွံ ကြာရှည်စွာ စောင့်နေခြင်းကြောင့်ဖြစ်သည်။ အကယ်၍ သင့်လျော်သည့် လုပ်ထုံးလုပ်နည်းအတိုင်း သင်လိုက်နာပါက ဖြေရှင်းမှုသည် မြန်ဆန်ပါမည်။

# "အကြောင်းတစ်ခုအတွက်" အဆုံးသတ်ကြောင်း အသိပေးစာ

"အကြောင်းတစ်ခု"ဖြင့် အဆုံးသတ်မှုဆိုသည်မှာ နေထိုင်သူများက ငှားရမ်းမှုသဘောတူညီချက်ပါ စည်းကမ်းများကို ချိုးဖောက်ခဲ့ခြင်းကြောင့် သို့မဟုတ် အိမ်ရှင်အိမ်ငှား ဥပဒေ သို့မဟုတ် ဒေသန္တရ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များ
ကို ချိုးဖောက်မှုကြောင့် ၎င်းတို့အား ပိုင်ရှင်က ထွက်ခွာစေလိုသည်ဟု ဆိုလိုပါသည်။

ပါဝင်သော ဥပမာများမှာ -

- ငှားရမ်းသူများက ပိုင်ရှင်၏ သဘောတူညီချက်မပါဘဲ အခြားသူများ ရွှေ့ပြောင်းဝင်ရောက်ရန် ခွင့်ပြုခြင်း။
- အိမ်နီးချင်းများကို နှောင့်ယှက်စော်ကားခြင်း။
- အိမ်ခြံမြေကို တမင်သက်သက် ဖျက်ဆီးခြင်း။ (ရာဇဝတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ၎င်းအား ဖျက်လိုဖျက်ဆီးလုပ်သည်ဟုလည်း သတ်မှတ်နိုင်သည်။)
- ကျန်းမာရေး သို့မဟုတ် မီးဘေးဆိုင်ရာ ကျင့်ဝတ်ကို ချိုးဖောက်မှုများ ဖြစ်စေခြင်း။
- အငှားစာချုပ်တွင်း အကြမ်းဖျဉ်းဖော်ပြထားသော စည်းကမ်းများကို မလိုက်နာခြင်း။

အကြောင်းတစ်ခုကြောင့် ငှားရမ်းသူ၏ အိမ်ငှားမှုကို အဆုံးသတ်ရန် ပိုင်ရှင်တစ်ဦးက ငှားရမ်းသူတစ်ဦးသို့ ပေးသည့်အသိပေးစာသည် Vermont ဥပဒေအရ အချို့သော လိုအပ်ချက်များနှင့် ပြည့်မီရပါမည်။

အသိပေးစာသည် -

- စာဖြင့်ဖြစ်ပြီး နေထိုင်နေသူများထံသို့ လူကိုယ်တိုင် ပေးပို့ရမည် သို့မဟုတ် စာတိုက်မှပို့ရမည် (အီးမေးလ်၊ စာသားမက်ဆေ့နှင့် ဖေ့စ်ဘွတ်မက်ဆေ့များသည် ပြဋ္ဌာန်းချက်အတိုင်း မလိုက်နာပါ)။
- ငှားရမ်းသူမှ လက်ခံရယူရမည်။
- အဆုံးသတ်ရသည့်အကြောင်းရင်းကို ဖော်ပြထားရမည်။
- နေထိုင်သူများထွက်ခွာရန် ရက် 30 ထက်မနည်းစေဘဲ အချိန်ပေးရမည်။ အငှားစာချုပ်ချိုးဖောက်မှုသည် တရားမဝင် သို့မဟုတ် ဆေးဝါးဆိုင်ရာ လုပ်ဆောင်မှုကြောင့်ဖြစ်ပါက 15 ရက်ထက် မလျော့နည်းသည့် အသိပေးစာတစ်စောင် ပေးပို့နိုင်သည်။

## ငှားရမ်းသူများအတွက် အကြံပြုချက်များ

- သင့်အငှားစာချုပ်နှင့် သက်ဆိုင်ရာဥပဒေအားလုံးနှင့် ဒေသန္တရ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များပါ စည်းကမ်းများအတိုင်း လိုက်နာပါ။
- ပိုင်ရှင်ထံမှ **စာဖြင့်** ခွင့်ပြုချက်မရှိဘဲ အခြားသူများ ရွှေ့ပြောင်းဝင်ရောက်ရန် ခွင့်မပြုပါနှင့်။
- သင်ကိုယ်တိုင်သာမက သင့်ဧည့်သည်များ၏ လုပ်ဆောင်မှုများကြောင့် သင်၏အိမ်ငှားမှုကို အဆုံးသတ်နိုင်ပါသည်။
- ပိုင်ရှင်နှင့် ဆက်သွယ်ပြောဆိုရန်လမ်းကြောင်းများ ဆက်ဖွင့်ထားပါ။
- အကြောင်းတစ်ခုကြောင့် အဆုံးသတ်ကြောင်း အသိပေးစာတစ်ခု သင်လက်ခံရရှိပါက ဥပဒေအထောက်အကူ ရှာယူပါ။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

- ငှားရမ်းသူများ သို့မဟုတ် ၎င်းတို့၏ဧည့်သည်များမှ အငှားစာချုပ် ချိုးဖောက်မှုများကို မှတ်တမ်းတင်ပါ။ ချိုးဖောက်သည့်အရာ နှင့် ပတ်သက်သည့်အချက်အလက်များကို ငှားရမ်းသူထံ စာဖြင့် ရေးသား ပေးပို့ခြင်းဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်ပါသည်။
- ဖြစ်နိုင်ပါက ပြဿနာကိုပြင်ဆင်ရန် ငှားရမ်းသူများအား နောက်ဆုံး ရက်တစ်ခုပေးရန် ထည့်သွင်းစဉ်းစားပါ။

# "အကြောင်းမရှိ" ဘဲ အိမ်ငှားမှုကို အဆုံးသတ်ခြင်း

"အကြောင်းမရှိ" ဘဲ အဆုံးသတ်သည့် အသိပေးစာဆိုသည်မှာ ငှားရမ်းသူများ၏ကိုယ်ပိုင် မှားယွင်းမှုမရှိဘဲ ပိုင်ရှင်က ၎င်းတို့အား ရွှေ့ပြောင်းထွက်ခွာစေလိုသည်ဟု ဆိုလိုပါသည် (ဥပမာ - ပိုင်ရှင်က အိမ်ခြံမြေကို အခြားရည်ရွယ်ချက်များအတွက် အသုံးပြုလိုခြင်း)။ အငှားစာချုပ် သက်တမ်းမတိုးကြောင်း အသိပေးစာကို အကြောင်းမရှိအဆုံးသတ်မှုတစ်ခုဟုလည်း ယူဆပါသည်။ လက်ရှိအငှားစာချုပ်တစ်ခုရှိပါက အငှားစာချုပ် နောက်ဆုံးရက်စွဲရောက်သည်အထိ အိမ်ငှားမှုကို "အကြောင်းမရှိ"ဘဲ အဆုံးသတ်ခြင်း မပြုနိုင်သည့်အပြင် အောက်တွင်ဖော်ပြထားသည့်အတိုင်း သင့်လျော်သောအသိပေးစာတစ်ခု ပေးရပါမည်။

အကြောင်းမရှိဘဲ ငှားရမ်းသူ၏ အိမ်ငှားမှုကို အဆုံးသတ်ရန် ပိုင်ရှင်တစ်ဦးက ငှားရမ်းသူတစ်ဦးသို့ ပေးသည့်အသိပေးစာသည် Vermont ဥပဒေအရ အချို့သောလိုအပ်ချက်များနှင့် ပြည့်မီရပါမည်။ အသိပေးစာသည် -

- စာဖြင့်ဖြစ်ပြီး နေထိုင်နေသူများထံသို့ လူကိုယ်တိုင် ပေးပို့ရမည် သို့မဟုတ် စာတိုက်မှပို့ရမည် (အီးမေးလ်၊ စာသားမက်ဆေ့နှင့် ဖေ့စ်ဘွတ်မက်ဆေ့များသည် ပြဋ္ဌာန်းချက်အတိုင်း မလိုက်နာပါ)။
- ငှားရမ်းသူမှ လက်ခံရယူရမည်။
- အိမ်ငှားမှုကို အကြောင်းမရှိဘဲ အဆုံးသတ်ကြောင်း သို့မဟုတ် အငှားစာချုပ်ကို သက်တမ်းတိုးမည်မဟုတ်ကြောင်း ဖော်ပြပြီး နောက်ဆုံးထွက်ခွာရမည့် သီးသန့်ရက်စွဲတစ်ခု ပေးရပါမည်။
- နေထိုင်သူများအား အောက်တွင်သတ်မှတ်ထားသည့်အတိုင်း ရွှေ့ပြောင်းထွက်ခွာရန် တရားဝင်ပြီး လိုအပ်သည့်အချိန်ကာလထက် မလျော့နည်းစေဘဲ ပေးရပါမည်။

## ပိုင်ရှင်များအတွက် အကြံပြုချက်များ

အောက်ပါဖြစ်ရပ်နမူနာများမှ တစ်ခုခု သက်ဆိုင်ပါက အဆုံးသတ်ကြောင်းအသိပေးစာ တစ်ခုခု ပေးပို့ခြင်းမတိုင်မီ ကျေးဇူးပြု၍ ဥပဒေရေးရာအကြံဉာဏ် ရှာယူပါ -

- အငှားယူနစ်၏ အခြေအနေနှင့် ပတ်သက်ပြီး သင်၏ငှားရမ်းသူများက တိုင်ကြားချက်များ ပြုလုပ်ထားပါက သို့မဟုတ် ပြုလုပ်နေပါက။
- သင့်ငှားရမ်းသူက ၎င်းတို့၏ရပိုင်ခွင့်များကို ချိုးဖောက်မှုများနှင့်ပတ်သက်၍ တိုင်ကြားချက်များ ပြုလုပ်နေပါက။
- သင်၏ယူနစ်ကို ကျင့်ဝတ်ဥပဒေ စိုးမိုးရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေး၊ မြို့နယ် ကျန်းမာရေးအရာရှိ သို့မဟုတ် အခြား ကြည့်ရှုစစ်ဆေးသူများမှ လတ်တလော ကြည့်ရှုစစ်ဆေးထားပါက။
- သင်၏ ငှားရမ်းသူက ကျိုးကြောင်းဆီလျော်သည့် နေရာထိုင်ခင်းဆိုင်ရာ တောင်းဆိုချက်တစ်ခု ပြုလုပ်ထားပါ။
- သင်၏ငှားရမ်းသူသည် အိုးအိမ်နေထိုင်သူများ အသင်းအဖွဲ့တစ်ခုကို ဖွဲ့စည်းခြင်းတွင် ပါဝင်ပတ်သက်ပါက သို့မဟုတ် ယင်းအစည်းအရုံးတွင်း ပါဝင်ပါက။

## အကြောင်းမရှိအဆုံးသတ်မှုအတွက် အသိပေးကာလများ -

(ငှားရမ်းခကို လစဉ်ပေးချေပါက)

- **ပိုင်ရှင်က အငှားစာချုပ်ကာလ ပြီးဆုံးချိန်တွင် ငှားရမ်းသူ ရွှေ့ပြောင်းထွက်ခွာစေလိုပါက** ငှားရမ်းသူသည် အဆိုပါအိမ်ခြံမြေ၌ 2 နှစ်ထက်လျော့၍ နေထိုင်ပြီးဖြစ်လျှင် ပိုင်ရှင်အနေဖြင့် အငှားစာချုပ် မပြီးဆုံးမီ အနည်းဆုံး ရက် 30 အလိုတွင် အသိပေးစာ ပေးအပ်ရပါမည်၊ ငှားရမ်းသူသည် အဆိုပါအိမ်ခြံမြေ၌ နှစ် နှစ်ထက်ပို၍နေထိုင်ပြီးဖြစ်လျှင် ရက် 60။
- **ကနဦးအငှားစာချုပ် ပြီးဆုံးခဲ့ပြီး ငှားရမ်းသူက အငှားစာချုပ်တွင်း ပေးအပ်ထားသည့်အတိုင်း တစ်လချင်းဆက်လက်နေပါက** ပိုင်ရှင်အနေဖြင့် ငှားရမ်းသူအား အနည်းဆုံး ရက် 30 အသိပေးစာ သို့မဟုတ် ငှားရမ်းသူသည် အဆိုပါအိမ်ခြံမြေ၌ နှစ် နှစ်ထက်ပို၍နေထိုင်ပြီးဖြစ်လျှင် ရက် 60 ပေးရပါမည်။
- **အကယ်၍ စာဖြင့်အငှားစာချုပ်တစ်ခု ဘယ်တုန်းကမှုမရှိခဲ့ပါက** -
    - အကယ်၍ ငှားရမ်းသူသည် ယူနစ်တွင် 2 နှစ်ထက်လျော့၍ နေထိုင်ပြီးဖြစ်ပါက – ရက် 60 ထက်မလျော့သည့် အသိပေးစာ။
    - အကယ်၍ ငှားရမ်းသူသည် ယူနစ်တစ်ခုတွင် 2 နှစ် သို့မဟုတ် အထက် နေထိုင်ပြီးဖြစ်လျှင် – ရက် 90 ထက်မလျော့သည့် အသိပေးစာ။
    - အကယ်၍ ငှားရမ်းသူသည် Burlington ရှိ ယူနစ်တစ်ခုတွင် 2 နှစ်ထက်လျော့၍ နေထိုင်ပြီးဖြစ်ပါက– ရက် 90 ထက်မလျော့သည့် အသိပေးစာ။
    - အကယ်၍ ငှားရမ်းသူသည် Burlington ရှိ ယူနစ်တွင် 2 နှစ် သို့မဟုတ် အထက် နေထိုင်ပြီးဖြစ်လျှင် – ရက်ပေါင်း 120 ထက်မလျော့သည့် အသိပေးစာ။

# ပိုင်ရှင် ကိုယ်တိုင်နေသည့် နေအိမ်တစ်ခုအတွင်း ငှားရမ်းချိန်၌ အိမ်ငှားရမ်းမှု အဆုံးသတ်ခြင်း

အကယ်၍ အိမ်ငှားသည် ဧည့်ခန်း၊ မီးဖိုခန်း သို့မဟုတ် ရေချိုးခန်းကဲ့သို့သော အများသုံး နေထိုင်ရာနေရာများကို မျှဝေအသုံးပြုမှုပါဝင်သော အိမ်ရှင်ကိုယ်တိုင်နေသည့် နေအိမ်တွင်းရှိ အခန်းတစ်ခန်း သို့မဟုတ် ပို၍ကို ငှားရမ်းပါက တစ်ဖက်ဖက်မှ အနည်းဆုံး 15 ရက်နှင့် ငှားရမ်းခကို အပတ်စဉ်ပေးချေရလျှင် အနည်းဆုံး ခုနစ်ရက်၌ စာဖြင့်အသိပေးစာ ပေးအပ်ခြင်းဖြင့် အိမ်ငှားမှုကို အဆုံးသတ်နိုင်ပါသည်။ ဤအချိန်၌ စောစီးစွာ အဆုံးသတ်ရန်ခွင့်မပြုသော သို့မဟုတ် အဆုံးသတ်ရန်အတွက် မတူညီသောအချိန်ဘောင်ရှိသော စာဖြင့်အိမ်ငှားချထားမှု အခြေအနေများတွင် ဤဥပဒေက မည်သို့သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမရှိပါ။

# အဆောက်အဦးကို ရောင်းချရန်အတွက် အိမ်ငှားမှုကို အဆုံးသတ်ခြင်း

အလားအလာရှိသည့် ဝယ်ယူသူများနှင့် လက်မှတ်ထိုးထားသော အရောင်းအဝယ်သဘောတူညီချက်တစ်ခုရှိပြီး ငှားရမ်းသူများသည် လက်ရှိအငှားစာချုပ်တွင် မပါရှိမှသာ အဆောက်အဦးကိုရောင်းချရန်အတွက် အိမ်ငှားချထားမှုကို ပိုင်ရှင်မှ အဆုံးသတ်နိုင်ပါသည်။

**အကယ်၍ ငှားရမ်းသူများထံတွင် လက်ရှိအငှားစာချုပ်တစ်ခုရှိပါက** -

- အရောင်းအဝယ်ပိတ်ချိန်တွင် စပေါ်ချထားငွေ အပါအဝင် အငှားစာချုပ်ကို ပိုင်ရှင်အသစ်ထံ လွှဲပြောင်းပါသည်။
- စပေါ်ငွေကို လွှဲပြောင်းပေးကြောင်း သေချာအောင်လုပ်ရန်မှာ ဝယ်ယူသူ၏တာဝန်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ အိမ်ငှားချထားမှု ပြီးဆုံးချိန်၌ စပေါ်ငွေကို ငှားရမ်းသူထံ ပြန်အမ်းပေးရန် ၎င်းတို့တွင် တာဝန်ရှိပါမည်။

**အိမ်ငှားမှုက သက်တမ်းကုန်ဆုံးသွားပါက သို့မဟုတ် စာဖြင့်အိမ်ငှားမှု ဘယ်တုန်းကမှမရှိခဲ့ပါက**၊ အရောင်းအဝယ်သဘောတူညီချက်ကို လက်မှတ်ထိုးပြီးနောက် အိမ်ရှင်သည် ရက်ပေါင်း 30 ထက် မလျော့နည်းတဲ့ စာဖြင့်အသိပေးစာတစ်စောင်ဖြင့် အိမ်ငှားမှုကို အဆုံးသတ်နိုင်ပါသည်။

# ချိတ်ပိတ်မှု

အချိန်တစ်ခုတွင် လိုက်နာရန်လိုအပ်သည့် ပြည်ထောင်စုနှင့် ပြည်နယ်နှစ်ခုလုံးမှ လိုအပ်ချက်များရှိခဲ့ပါသည်။ ပြည်ထောင်စု အကာအကွယ်ပေးမှုများသည် 2014 ခုနှစ်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီး ချိတ်ပိတ်ခံရသည့် အဆောက်အဦးတွင်းရှိ အိမ်ငှားများအတွက် ပြည်ထောင်စု အကာအကွယ်များမရှိတော့ဟု ဆိုလိုပါသည်။ Vermont ပြည်နယ် ဥပဒေအရ တရားရုံးမှ ချိတ်ပိတ်သည့်လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အိမ်ငှားများကို နှင်ချနိုင်ပါသည်။

သင့်အဆောက်အဦးအား ချိတ်ပိတ်ထားကြောင်း သင်မည်သို့သိရှိပါမည်လဲ။

- အဆောက်အဦးပိုင်ရှင်ရော နေထိုင်သူများပါ နှစ်ဦးနှစ်ဖက်လုံးကို တရားရုံးမှ ချိတ်ပိတ်မှုလုပ်ငန်းစဉ်အကြောင်း အသိပေးစာ ပေးအပ်နိုင်ပါမည်။
- နေထိုင်သူများအတွက် အဆိုပါစာရွက်စာတမ်းကို ပထမတန်းစား စာပို့ဖြင့် သင့်ထံပေးပို့နိုင်ပါသည်၊ သို့ဖြစ်ပါ၍ သင့်ထံစာတိုက်မှပို့သော မည်သည့်စာရွက်စာတမ်း မဆိုကို လျစ်လျူမရှုပါနှင့်။
- ချိတ်ပိတ်မှုအဆင့်အတန်းဆိုင်ရာအချက်အလက်ကို သင်ရရှိလိုပါက နေထိုင်သူများအနေဖြင့် ၎င်းတို့၏ စာပို့လိပ်စာကို တရားရုံးသို့ စာဖြင့် (ပုံသဏ္ဍာန်တစ်ခု ထည့်သွင်းပါ) အသိပေးနိုင်ပါသည်။

# စိုက်ပျိုးမွေးမြူရေးလုပ်သားများကို နှင်ထုတ်ခြင်း

၎င်းတို့၏ အလုပ်အကိုင်မှ အကျိုးခံစားခွင့်တစ်ခုအနေဖြင့် အိမ်ရာရရှိကြသော စိုက်ပျိုးမွေးမြူရေးလုပ်သားများသည် ၎င်းတို့၏အလုပ်ဆုံးရှုံးချိန်တွင် ၎င်းတို့၏နေအိမ်များမှ နှင်ထုတ်ခြင်းမခံရနိုင်ပါ။ ၎င်းတို့အား အခြားအိမ်ငှားများကဲ့သို့ပင် အိမ်ရှင်/အိမ်ငှားဥပဒေဖြင့် အကာအကွယ်ပေးထားပြီး စိုက်ပျိုးမွေးမြူရေးလုပ်သူသည် အလုပ်သမားများကို အိမ်ရာမှ ထွက်ခွာစေလိုပါက ၎င်းအနေဖြင့် သင့်လျော်သည့် တရားရေးလုပ်ထုံးလုပ်နည်းကို လိုက်နာရပါမည်။ စိုက်ပျိုးမွေးမြူရေးလုပ်သူသည် အခက်အခဲကို ပြနိုင်ပါက ဥပဒေအရ စိုက်ပျိုးမွေးမြူရေးလုပ်သူအနေဖြင့် အလုပ်သမားအား နှင်ချရန်လုပ်ငန်းစဉ်ကို အရှိန်မြှင့်ခွင့်ပြုပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်သူအနေဖြင့် အလုပ်သမားကို နှင်ချရန် ၎င်းအား အိမ်ငှားမှုမှအဆုံးသတ်ကြောင်း အသိပေးစာတစ်စောင်ကို ဆင့်ခေါ်စာနှင့် တိုင်ကြားချက်တို့ကို လက်ဆုပ်လက်ကိုင်ပေးအပ်ချိန်နှင့် တစ်ချိန်တည်းတွင် ပေးအပ်ပြီးဖြစ်ရပါမည်။ အလုပ်သမားအား လက်ဆုပ်လက်ကိုင်ပေးအပ်ပြီးနောက် တရားရုံးက 10 ရက်ထက် မလျော့နည်းစေဘဲ ကြားနာမှုတစ်ခုကို စီစဉ်ပါမည်။ ကြားနာမှုတွင် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူသည် အလုပ်သမား မထွက်ခွာလျှင် ၎င်းတို့အနေဖြင့် အမှန်တကယ် အခက်အခဲ ခံစားရမည်ဟု ပြနိုင်ပါက တရားသူကြီးက အလုပ်သမားအား ရွှေ့ပြောင်းထွက်ခွာချိန် ငါးရက်နှင့် ရက် 30 ကြားပေးကာ အမိန့်တစ်ခု ထုတ်ပြန်ပေးပါမည်။ အကယ်၍ တရားသူကြီးက စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူသည် အမှန်တကယ်အခက်အခဲကို သက်သေမပြခဲ့ဟု ဆုံးဖြတ်ပါက စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူသည် အလုပ်သမားကို နှင်ချရန် အခြားအိမ်ငှားများနည်းတူ ပုံမှန် နှင်ချရေးလုပ်ထုံးလုပ်နည်းများကို စတင်ရပါမည်။

V.S.A., 9, အခန်း 137, § 4469a. *စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဝန်ထမ်းအိမ်ရာတွင် နေထိုင်မှုကို အဆုံးသတ်ခြင်း*V.S.A., 9, အခန်း 137, § 4469a.

# အသိပေးကာလ ပြီးဆုံးခြင်း

အကယ်၍ အသိပေးကာလ ပြီးဆုံးချိန်စတင်ပြီးနောက် ငှားရမ်းသူများသည် အငှားယူနစ်အတွင်း ဆက်လက်နေထိုင်နေသေးပါက ပိုင်ရှင်၏ နောက်လုပ်ရန်အဆင့်မှာ တရားရုံးမှတဆင့် နှင်ချရေးလုပ်ငန်းစဉ်တစ်ခု စတင်ရန်ဖြစ်သည်။ ရဲမှူးတစ်ဦးမှ လက်ဆုပ်လက်ကိုင်ပေးခဲ့သည့် တရားသူကြီးတစ်ဦးထံမှ တရားရုံးအမိန့်တစ်ခုကသာ ငှားရမ်းသူတစ်ဦးကို ဖယ်ရှားနိုင်ပါသည်။

## အိမ်ရှင်မှ အောက်ပါတို့ကိုလုပ်ခြင်းသည် တရားမဝင်ပါ-

- ငှားရမ်းသူတစ်ဦး၏ ပိုင်ဆိုင်ပစ္စည်းများကို ဖယ်ရှားခြင်း။
- သော့ခလောက်များ ပြောင်းခြင်း။
- မရှိမဖြစ်အသုံးအဆောင်များကို ပိတ်ခြင်း။

ထို့အပြင် ပိုင်ဆိုင်ပစ္စည်းများကို ဖယ်ရှားရန် သို့မဟုတ် သော့ခလောက်များကို ပြောင်းလဲရန် ပိုင်ရှင်ဝင်ရောက်ပါက ၎င်းတို့သည် Vermont ပြည်နယ်၏ [ဥပဒေနှင့်မညီညွတ်စွာ ကျူးကျော်ဝင်ရောက်ခြင်း](#) ဆိုင်ရာ ရာဇဝတ်မှုပြဋ္ဌာန်းချက်များကို ချိုးဖောက်ပါသည်။

## ပိုင်ရှင်များအတွက် အကောင်းဆုံး လုပ်ထုံးများ

- ငှားရမ်းနေသူများအား အကြောင်းမရှိဘဲ နှင်ချကြောင်း အသိပေးစာတစ်ခု သင်ပေးပို့သည့်တိုင် နေထိုင်နေသူအား သင့်ယူနစ်မှ ဖယ်ရှားရန် တစ်ခုတည်းသောနည်းလမ်းမှာ တရားရုံးမှတဆင့် နှင်ချရေးလုပ်ငန်းစဉ်ဖြစ်ပါသည်။
- အသိပေးစာတွင်းပါ အဆုံးသတ်သည့်ရက်စွဲမှ ရက်ပေါင်း 60 အတွင်း တရားရုံး အရေးယူဆောင်ရွက်ချက်တစ်ခုကို သင်စတင်ရမည်၊ သို့မဟုတ်ပါက သင့်အမှုကို ပယ်ချပါမည်။

## တရားမဝင် အိမ်မှနှင်ချရန် ကြိုးပမ်းမှုအတွက် အိမ်ငှားမှ တရားဝင် ဖြေရှင်းချက်များ -

- အကယ်၍ ပိုင်ရှင်က သင့်အား အိမ်အပြင်ထား၍ သော့ခတ်ထားပါက ရဲကိုခေါ်ပါ။ သင် ပြန်လည်ဝင်ရောက်မှု (ပြန်လည် ချိုးဖောက်ဝင်ရောက်မှု) ရရှိစဉ် "ငြိမ်းချမ်းမှု ထိန်းသိမ်းထားရန်" အတွက် ၎င်းတို့တွင် တာဝန်ရှိပါသည်။
- ဥပဒေအထောက်အကူ ရှာဖွေပေါ။
- အကယ်၍ မရှိမဖြစ်အသုံးအဆောင်များကို အိမ်ရှင်မှ ပိတ်ထားပါက -
  - သင်၏ ဒေသန္တရ [မြို့နယ် ကျန်းမာရေးအရာရှိ](#)အား ဆက်သွယ်ပါ။ အသုံးအဆောင်များကို ပြန်ဖွင့်ပေးရန် ပိုင်ရှင်အား အမိန့်ပေးရန် ၎င်းတို့ထံတွင် တရားဝင်အခွင့်အာဏာရှိပါသည်။ Vermont အိမ်ငှားများ ဝက်ဘ်ဆိုက် - [https://www.cvoeo.org/get-help/vermont-tenants-rights-and-resources ပေါ်တွင် Vermont ကျန်းမာရေးဌာန၏ မြို့နယ် ကျန်းမာရေးအရာရှိစာရင်းတစ်ခုသို့ လင့်ခ်တစ်ခု ရှိပါသည်။](https://www.cvoeo.org/get-help/vermont-tenants-rights-and-resources)
  - သင်၏မြို့နယ်ကျန်းမာရေးအရာရှိကို သင်မခေါ်ဆိုနိုင်ပါက သို့မဟုတ် ၎င်းတို့က ပိုင်ရှင်လိုက်နာအောင် လုပ်နိုင်စွမ်းမရှိပါက အလွဲသုံးစားပြုခြင်းမှ အရေးပေါ်သက်သာခွင့်အမိန့်တစ်ခု ရှာယူပါ။ [Vermont အိမ်ငှားများ](#) (802.864.0099) ကို ဆက်သွယ်ပါ သို့မဟုတ် ဤအချင်းအရာနှင့် ပတ်သက်၍ ထောက်ကူမှုရရှိရန် ဥပဒေအကြံပေး တစ်ဦးကို ဆက်သွယ်ပါ။



# အပိုင်း ၈ - တရားရုံး နှင်ထုတ်ခြင်း လုပ်ငန်းစဉ်

## ပိုင်ရှင်များ သတိပြုရန်။

- ဤအခန်းကို အချက်အလက်ပေးရန် ရည်ရွယ်ချက်အတွက်သာ ပံ့ပိုးပေးပြီး စီမံခန့်ခွဲမှုဆိုင်ရာ အကြံပြုချက်များ ပါဝင်သည်။
- သင်၏ငှားရမ်းသူများကို မည်သို့နှင်ချပုံကို လမ်းညွှန်ပေးရန်မဟုတ်ပါ။
- ငှားရမ်းသူများက ပိုင်ရှင်များအား ဆန့်ကျင်၍ တိုင်ကြားချက်များပြုလုပ်ပါက ပိုင်ရှင်များသည် ဥပဒေနှင့်ထိတွေ့မှုရှိပါသည်။
- သင်၏အခွင့်အရေးများကို အကာအကွယ်ပေးထားကြောင်း သေချာစေရန် သင်၏ငှားရမ်းသူများကို ဆန့်ကျင်၍ အရေးယူဆောင်ရွက်ချက်တစ်ခုခု မလုပ်မီ ကျေးဇူးပြု၍ ဥပဒေရေးရာ အကြံဉာဏ်ရှာယူပါ။

## ငှားရမ်းသူများ သတိပြုရန်။

- ဤအခန်းကို အချက်အလက်ပေးရန် ရည်ရွယ်ချက်အတွက်သာ ပံ့ပိုးပေးပြီး နှင်ချသည့်အခြေအနေရပ်များနှင့် ရင်ဆိုင်ခြင်းဆိုင်ရာ အကြံပြုချက်များ ပါဝင်သည်။
- ၎င်းသည် နှင်ချမှုတစ်ခုကို မည်သို့တွန်းလှန်တိုက်ခိုက်ပုံအကြောင်း လမ်းညွှန်တစ်ခုမဟုတ်ပါ။
- ပိုင်ရှင်များက ငှမ်းရမ်းသူများအား ဆန့်ကျင်၍ တိုင်ကြားချက်များပြုလုပ်ပါက ငှါးရမ်းသူများသည် ဥပဒေနှင့်ထိတွေ့မှုရှိပါသည်။
- နှင်ချမှုတစ်ခုကို သင်ရင်ဆိုင်နေရချိန်တွင် ကျေးဇူးပြု၍ ဥပဒေရေးရာအကြံဉာဏ် ရှာယူပါ။



**ဤလမ်းညွှန်စာအုပ်၏ ရင်းမြစ်များအပိုင်းတွင် ဥပဒေရေးရာ ရင်းမြစ်များ လမ်းညွှန် ပါရှိပါသည်။**

# နှင်ထုတ်ခြင်းဆိုင်ရာ အခေါ်အဝေါ်များ

**တရားစွဲဆိုသူ** - တရားစွဲဆိုမှုကို အစပျိုးသည့်ဖက် (အစဉ်အားဖြင့် အိမ်ရှင်)။

**ခုခံသူ** - တရားစွဲဆိုခံရသည့်ဖက်
(အစဉ်အားဖြင့် အိမ်ငှား)။

**ဆင့်ခေါ်စာများ** - ခုခံသူတစ်ဦးအား ၎င်းတို့ကို တရားစွဲဆိုထားကြောင်းနှင့် ၎င်းတို့ လုပ်ဆောင်ရန်လိုအပ်သည့် ဆောင်ရွက်ချက်များအကြောင်း(ဥပမာ - အဖြေတစ်ခု တင်သွင်းရန်) အသိပေးသည့် ဥပဒေရေးရာ စာရွက်စာတမ်း။

**တိုင်ကြားချက်** - ပါဝင်သည့်ဖက်များ၊ အိမ်ခံမြေတည်ရှိသည့်နေရာ၊ ပါဝင်သူများ ကြားရှိ ပြဿနာရပ်များနှင့် တရားစွဲဆိုသူဖက်မှ ရှာဖွေသည့် သက်သာရာရမှု အကြောင်း ဖော်ပြသည့် ဥပဒေရေးရာ စာရွက်စာတမ်း။

**ကျမ်းကျိန်လွှာ** - အချို့သောအရာများသည် မှန်ကန်ကြောင်းကို တစ်စုံတစ်ဦးက ကတိသစ္စာခံ၍ ဖော်ပြသည့် ဥပဒေရေးရာ စာရွက်စာတမ်း။

**အဆိုပြုချက်** - တရားရုံးမှ အရေးယူဆောင်ရွက်မှုအချို့ပြုလုပ်ရန် တောင်းဆိုသော တရားရုံးသို့တင်သွင်းသည့် စာရွက်စာတမ်းတစ်ခု။

**ပြန်လည်ပိုင်ဆိုင်ခွင့် အမိန့်ချမှတ်မှု** - အိမ်ငှားအား အိမ်ခံမြေမှ ဖယ်ရှားရန်နှင့် အငှားယူနစ်အား အိမ်ရှင်၏ပိုင်ဆိုင်မှုတွင်းသို့ ပြန်ထည့်ပေးရန် ရဲမှူးအား အခွင့်အာဏာပေးသည့် တရားရုံးမှထုတ်ပြန်သော စာရွက်စာတမ်း။

**အပြန်အလှန် တရားရုံးကြားနာမှု (ထိခိုက်မှုများအကြောင်း ကြားနာမှု)** - နှစ်ဦးနှစ်ဖက်လုံးက ၎င်းတို့၏ အမှုတွင်း သက်သေအထောက်အထားများကို တင်ပြသည့် ကြားနာမှု။

# တရားရုံး လုပ်ငန်းစဉ်

**တရားရုံးနှင်ချမှုကို ပိုင်ရှင်၊ အိမ်ခံမြေ စီမံခန့်ခွဲရေးကုမ္ပဏီ သို့မဟုတ် ပိုင်ရှင်၏ကိုယ်စားလှယ်မှ ဆင့်ခေါ်စာများနှင့် တိုင်ကြားမှုဟုခေါ်သည့် ဥပဒေရေးရာ စာရွက်စာတမ်းများကို တရားရုံးတွင် တင်သွင်းခြင်းနှင့် တင်သွင်းခ** $295 **ပေးချေခြင်းဖြင့် စတင်ပါသည်။**

- တင်သွင်းခသည် 2022 ခုနှစ် နိုဝင်ဘာလမှစ၍ ယင်းအတိုင်း အတိအကျဖြစ်သည်။ တရားရုံးက တင်သွင်းခကို ရံဖန်ရံခါ တိုးမြှင့်ပါသည်။
- အမှုတစ်ခုကို တင်သွင်းချိန်တွင် နှင်ချသည့်အကြောင်းရင်းမှာ ငှားရမ်းခမပေးချေမှုကြောင့် ဖြစ်ပါက ပိုင်ရှင်အနေဖြင့် အဆိုပြုချက်နှင့် ကျမ်းကျိန်လွှာတစ်ခု တင်သွင်းခြင်းဖြင့် ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင်းတွင်းသို့ ထည့်ပေးရန်ကြားနာမှုတစ်ခု တောင်းဆိုနိုင်ပါသည်။ အဆိုပြုချက်တစ်ခုအတွက် ကြားနာမှုတစ်ခု အပြီးတွင် တရားရုံးတစ်ခုသည် ငှားရမ်းသူအား ၎င်းတို့၏ ငှားရမ်းခကို တရားရုံးသို့ ပေးချေရန် အမိန့်ထုတ်နိုင်ပါသည်။ အကယ်၍ ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင်းတွင်းသို့ ထည့်ပေးရန်ကြားနာမှုကို တောင်းဆိုပါက တရားရုံးစာရေးက ကြားနာမှုအသိပေးစာတစ်စောင် ထုတ်ပြန်ပေးပါမည်။
- ဆင့်ခေါ်စာများ၊ တိုင်ကြားချက်၊ ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင်းတွင်းသို့ ထည့်ပေးရန် အဆိုပြုချက်၊ ကျမ်းကျိန်လွှာ၊ ကြားနာမှုအသိပေးစာ၊ စာဖြင့် အငှားစာချုပ်သဘောတူညီချက် (ရှိခဲ့ပါက) နှင့် အဆုံးသတ်ကြောင်းအသိပေးစာတို့ကို ကောင်တီရဲမှူးက ငှားရမ်းသူထံ လက်ဆုပ်လက်ကိုင်ပေးရပါမည်။
- အဆိုပါစာရွက်စာတမ်းများကို လက်ဆုပ်လက်ကိုင်ပေးအပ်သည့် ကုန်ကျစရိတ်သည် လူတစ်ဦးလျှင် $50 နှင့် ခရီးမိုင်ဖြစ်ပါသည်။

**ငှားရမ်းသူအား တရားရုံးစာရွက်စာတမ်းများကို ရဲမှူးမှ လက်ဆုပ်လက်ကိုင်ပေးပြီးသည်နှင့်** -

- ငှားရမ်းသူထံတွင် တိုင်ကြားချက်ကို တုံ့ပြန်ရန် (အဖြေပေးရန်) သို့မဟုတ် တိုင်ကြားချက်ကို ပယ်ချရန် (အိမ်ရှင်၏ ဥပဒေရေးရာ အမှားအယွင်းတစ်ခုကြောင့် အမှုကို လုံးလုံးလျားလျားရပ်တန့်ရန် တရားရုံးသို့ တောင်းဆိုကာ) အဆိုပြုချက်တစ်ခုတင်သွင်းရန် ရက် 20 အချိန်ရှိပါသည်။
- အကယ်၍ ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင်းတွင်းသို့ ထည့်ပေးရန်ကြားနာမှုတစ်ခု တောင်းဆိုခဲ့ပါကနှင့် တရားရုံးကို ၎င်းကို သတ်မှတ်ပါက ကြားနာမှုမစတင်မီ အနည်းဆုံး 10 ရက်အလိုတွင် ငှားရမ်းသူအား လက်ဆုပ်လက်ကိုင်ပေးရပါမည်။ ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင်းတွင်းသို့ ထည့်ပေးရန်ကြားနာမှုကို အစဉ်အားဖြင့်ငှားရမ်းသူမှ တုံ့ပြန်ရန် ရက်စွဲနှင့် အတူတကွ ပြုလုပ်ပါသည်။

**တရားရုံးမှတဆင့်နှင်ချရေး လုပ်ငန်းစဉ်သည် ပိုင်ရှင်အတွက် အကြောင်းအရာနှစ်မျိုးဖြင့် အဆုံးသတ်စေရန် ဒီဇိုင်းပုံစံထုတ်ထားပါသည်** -

- ၎င်းတို့၏ယူနစ်ကို ပိုင်ဆိုင်မှုနှင့်
- တရားရုံးမှဆုံးဖြတ်သည့် မည်သည့်ငွေမဆိုအတွက် တရားရုံးစီရင်ချက်အမိန့်တစ်ခုကို ပိုင်ရှင်အား ပေးရန်ဖြစ်ပါသည်။

**တရားရုံးလုပ်ငန်းစဉ်ကို အောက်ပါတို့ပြုလုပ်ရန် ငှားရမ်းသူအတွက် ဒီဇိုင်းပုံစံထုတ်ထားပါသည်** -

- အဆုံးသတ်ကြောင်းအသိပေးစာကို မှန်မှန်ကန်ကန် မပြုလုပ်ထားပါက ပယ်ချပေးရန်အတွက် တင်သွင်းရန်။
- ၎င်းတို့ဖက်မှဇာတ်ကြောင်းကို တင်ပြရန်။
- စွဲချက်များကို ငြင်းခုန်ရန်။
- သင့်လျော်သည့် တန်ပြန်တိုင်ကြားချက်များ (နေထိုင်ယှက်စော်ကားမှု၊ တရားမဝင် လက်တုံ့ပြန်မှု၊ နေထိုင်နိုင်မှုရှိကြောင်းအာမခံကို ချိုးဖောက်မှုများနှင့် သုံးစွဲသူအကာအကွယ်ပေးရေး အက်ဥပဒေ ချိုးဖောက်မှုများ) တင်သွင်းရန်။
- အိမ်ရှင်က တရားမဝင် အရေးယူဆောင်ရွက်မှုများတွင်း ပါဝင်လုပ်ဆောင်ခြင်းကို ရပ်တန့်ရန် သို့မဟုတ် အိမ်ရှင်အနေဖြင့် မလုပ်မဖြစ်ပြုပြင်မှုများ ပြုလုပ်ရန်အတွက် တရားရုံးအမိန့်စာတစ်စောင် ရှာယူရန်။

# ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်း ထည့်ပေးရန် ကြားနာမှုများ

ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်း ထည့်ပေးရန် ကြားနာမှုမတိုင်မီ အိမ်ငှားက "ပယ်ချရန် အဆိုပြုချက်"တစ်ခု တင်သွင်းပါက ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်း ထည့်ပေးရန် အမိန့်တစ်ခုတွင်း မရောက်ရှိမီ အဆိုပြုချက်အပေါ် ဆုံးဖြတ်ချက်တစ်ခု အစဉ်ပြုလုပ်လေ့ရှိပါသည်။ တရားရုံးမှ ၎င်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ခု မပြုလုပ်မီ အိမ်ရှင်အနေဖြင့် အဆိုပြုချက်ကို တုံ့ပြန်ရန် အချိန်လိုချင်ပါက ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်းသို့ ထည့်ပေးရန် ကြားနာချက်ကို နောက်ပိုင်းရက်စွဲတစ်ခုအထိ နောက်ဆုတ်လိုက်ဖို့များပါသည်။

ကြားနာမှုတွင် တရားရုံးက အောက်ပါတို့ကို ဆုံးဖြတ်ပါမည် -

- ငှားရမ်းခပမာဏ မည်မျှဖြစ်ကြောင်း။
- ယခင်ငှားရမ်းခ အကြွေးတင်ခြင်း ရှိမရှိ (ယခင်ငှားရမ်းခ မည်မျှ အကြွေးတင်ရှိကြောင်း ၎င်းတို့မှဆုံးဖြတ်ရန် လိုချင်မှလိုနိုင်ပါမည်)။
- ၎င်းတို့ကို အတည်ပြုလိုက်သည်နှင့် တရားရုံးက ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်းသို့ ထည့်ပေးရန်အမိန့်တစ်ခု ထုတ်ပြန်နိုင်ပါသည်။
- ဤအမိန့်အရ နှင်ချမှုလုပ်ငန်းစဉ် ဆက်လက်ရှည်ကြာသရွေ့ ငှားရမ်းသူများသည် ၎င်းတို့၏ငှားရမ်းခကို တရားရုံးသို့ပေးချေရန် လိုအပ်စေပါသည်။
- အကယ်၍ ငှားရမ်းသူသည် တရားရုံးမှ အမိန့်ပေးသည့်အတိုင်း ပေးချေရန်ပျက်ကွက်ပါက ပြန်လည်ပိုင်ဆိုင်ခွင့် အမိန့်ချမှတ်မှုတစ်ခုကို ထုတ်ပြန်နိုင်ပါသည်။

**ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်းသို့ ထည့်ပေးရန်အမိန့်အရ ငှားရမ်းခမည်မျှကို အိမ်ငှားမှ ပေးချေရမည်ဟု တရားရုံးက အမိန့်ပေးနိုင်ပါသလဲ။**

- အမှုကို တရားရုံးသို့ တင်သွင်းချိန်ကတည်းက အမှန်တကယ်ပေါင်းစုလာသည့် ငှားရမ်းခများကို ငှားရမ်းသူမှ ပေးချေရန် တရားရုံးက အမိန့်ပေးနိုင်ပါသည်။
- အိမ်ငှားမှ ပိုလျှော့နည်းသည်ပေးချေမှုပြုရန် သို့မဟုတ် ပေးချေရန်ပမာဏကို အရစ်ချပေးချေဖို့ အမိန့်ချရန် တရားရုံးတွင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။
- တရားရုံးတွင် အနာဂတ်ငှားရမ်းခများကိုသာပေးရန် အမိန့်ချနိုင်စွမ်းလည်းရှိပါသည် (ဥပမာ - နောက်လအတွက်)။
- အကယ်၍ ငှားရမ်းသူက အငှားယူနစ်၏ အခြေအနေသည် နေထိုင်နိုင်မှုရှိကြောင်း အာမခံအတိုင်းမလိုက်နာကြောင်း ယုံကြည်နိုင်ဖွယ် တိုင်ကြားချက်တစ်ခု ပြုလုပ်ပါက တရားရုံးသည် ငှားရမ်းသူမှပေးရန်ရှိသည့် လစဉ်ငှားရမ်းခကို လျှော့ချပေးနိုင်ပါသည်။(*စာမျက်နှာ* 20 *ရှိ အခန်း* 4 - *အိမ်ရာဆိုင်ရာ ကျင့်ဝတ်ဥပဒေများတွင်ကြည့်ပါ*)။
- အကယ်၍ ငှားရမ်းသူသည် လာရောက်ရန် ပျက်ကွက်ပါက အမိန့်ကို လက်ဆုပ်လက်ကိုင်ပေးပြီးနောက် ရက်ပေါင်း “X” တွင် ပထမဆုံးပေးချေမှုပြုရန် ပိုင်ရှင်မှ တောင်းဆိုနိုင်ပါသည်။

**ငှားရမ်းသူက ဤကြားနာမှုတွင် ကိုယ်ထင်ပြခြင်းမရှိပါက ဘာဖြစ်ပါသလဲ။**

- တရားရုံးက ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်းသို့ ထည့်ပေးရန်အမိန့် ထုတ်ပြန်ပါမည်။
- ရဲမှူးက ၎င်းအမိန့်စိုးမိုးစေရန်အတွက် ငှားရမ်းသူထံ အဆိုပါအမိန့်အား လက်ဆုပ်လက်ကိုင်ပေးရပါမည်။

**အမိန့်ကိုလိုက်နာ၍ ငှားရမ်းသူက တရားရုံးသို့ပေးချေပါက ဘာဖြစ်ပါသလဲ။**

- ပါဝင်သည့်ဖက်များက အခြားတစ်နည်းဖြင့် သဘောမတူသရွေ့ အမှုအတွက် နောက်ဆုံးကြားနာမှုရှိသည်အထိ တရားရုံးသို့ ပေးချေသည်ငွေကို တရားရုံးမှ ထိန်းကိုင်ထားပါသည်။ ထိုအချိန်တွင် အဆိုပါငွေကို ပိုင်ရှင်ထံ ပေးမပေး သို့မဟုတ် ငှားရမ်းသူထံပြန်အမ်းသင့်မသင့်ကို တရားသူကြီးက ဆုံးဖြတ်ပါသည် (ဥပမာအားဖြင့် ယူနစ်တွင် တရားဝင် ကျန်းမာရေး သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေး ပြဿနာများရှိပါက)။

**ငှားရမ်းသူက ငှားရမ်းခကို တရားရုံးမှသတ်မှတ်သည့်အကောင့်တွင်းသို့ ထည့်ပေးရန်အမိန့်အတိုင်း မပေးချေပါက ဘာဖြစ်ပါသလဲ။**

- ငှားရမ်းသူ၏ ပေးချေရန်ပျက်ကွက်မှုအတွက် တရားရုံးမှ ပြန်လည်ပိုင်ဆိုင်ခွင့် အမိန့်ချမှတ်မှု ထုတ်ပြန်ပေးရန် တောင်းဆို၍ တရားရုံးတွင် အဆိုပြုချက်နှင့် ကျမ်းကျိန်လွှာတစ်ခုကို ပိုင်ရှင်မှ တင်သွင်းနိုင်ပါသည်။
- တရားရုံးက ပြန်လည်ပိုင်ဆိုင်ခွင့် အမိန့်ချမှတ်မှုကို ထုတ်ပြန်ပါသည်။
- ပိုင်ရှင်သည် ပြန်လည်ပိုင်ဆိုင်ခွင့် အမိန့်ချမှတ်မှုကို ရဲမှူးမှ ငှားရမ်းသူထံ လက်ဆုပ်လက်ကိုင်ပေးအပ်စေနိုင်ပါသည်။
- အမိန့်ကို လက်ဆုပ်လက်ကိုင်ပေးပြီးနောက် အလုပ်လုပ်ရက် ငါးရက်ထက် မစောဘဲ ရဲမှူးသည် ပိုင်ရှင်လက်သို့ ပိုင်ဆိုင်မှုပြန်လည်ပေးအပ်ပါသည်။
- ပိုင်ရှင်သည် ကြားနာမှု (ငှားရမ်းသူသည် တိုင်ကြားချက်ကို ဖြေကြားပါက) သို့မဟုတ် ပုံသေအခြေခံတစ်ခု (ငှားရမ်းသူမှ ဖြေကြားမှုမရှိခြင်းကြောင့် ကြားနာမှုမရှိ) တစ်ခုမဟုတ်တစ်ခုဖြင့် တရားစီရင်ချက်အမိန့်တစ်ခု ရယူရန် တရားရုံးလုပ်ငန်းစဉ်ကို ဆက်လုပ်နိုင်ပါသည်။

# "တိုင်ကြားချက်"

- တိုင်ကြားချက်ဆိုသည်မှာ ပိုင်ရှင်မှတင်သွင်းသည့် တရားရုံးဆိုင်ရာ စာရွက်စာတမ်းဖြစ်ပြီး ၎င်းက ပါဝင်သည့်ဖက်များ၊ အိမ်ခြံမြေတည်ရှိသည့်နေရာ၊ ပါဝင်သူများကြားရှိ ပြဿနာရပ်များနှင့် တရားစွဲဆိုသူဖက်မှ ရှာဖွေသည့် သက်သာရာရမှုအကြောင်း အကျဉ်းချုပ်ဖော်ပြပါသည်။
